
www.burmeseclassic.com

# ဝဏး

## ခံစားထိရှမိလေသမျှ



www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၈) (ဖျူး စာပေ)
အမှတ်-၅၂၀(က)၊ အင်း၀(၄)လမ်း။
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းနှင့်အဖုံးပုံနှိပ်သူ
ဦးကျော်ရှင် (မြ-၁၀၀၉၈) (ရွှေခြသေ့ပုံနှိပ်တိုက်)
အမှတ်-၁၇၉၊ ၃၁လမ်း။ (၁၁)ရပ်ကွက်
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ပုံနှိပ်ခြင်း
၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ။
အုပ်ရေ
၅၀၀ အုပ်
တန်ဖိုး
၁၀၀ ကျပ်
ဖြန့်ချိရေး
ဗိုလ်ပြည့်စာပေ
အမှတ်-၂၂၃၊ ၃၅လွှာ၊ ၃၁-လမ်း။
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၁၆၃၇၆၄၊ ၀၉-၅၀၈၉၀၉၄

၈၉၅.၈၃
သျှိုး
ခံစားထိရှမိလေသမျှ
ဖျူးစာပေ၊ ၂၀၁၄။
၂၁၆ - စာ၊ ၁၂ × ၁၈ စင်တီ။
(၁) ခံစားထိရှမိလေသမျှ

BURMESE CLASSIC

## နိဒါန်း (၁)

"ဒီမှာ ... ဒီမှာ"

ကောင်မလေးက ဆံပင်ကြီးရှည်ငေ့ရမ်းပြီးတော့ သူ့ကို ကြည့်နေတယ်။ သူမရဲ့ အလှတရားကို ဆံပင်တွေထဲ ချယ်မှုန်း ဖော်ပြနေသလိုပဲ လေထဲသင်းပျံ့ပျံ့ မွှေးရနံ့အတူ သူ့စိတ်ကို ဝက်ပါ တစ်ခုထဲ ခေါ်ဆောင်သွားပြန်တယ် ...

"ဘာလဲ ... ရှင် ဘာလိုက်ရှုပ်နေတာလဲ"

"စာပေးမလို့လေ"

"ဘာလုပ်ရမှာလဲ"

"ဖတ်ဖို့ပေါ့ ... "

သူမ ကျုံ့ရှင်က ပြန်နေကျလမ်းမှာ စောင့်ပြီး စာပေးနေ တတ်သော ယောကျ်ားတိုင်းကို ကြည့်နေကျ အကြည့်နဲ့လည်း ကြည့်သေးပြန်တယ်။

"ဖတ်ပြီးတော့ ဘာလုပ်ရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အဖြေပြန်ပေးပေါ့"

*"ရှင့်ကို ဘယ်လိုယုံရမှာလဲ"*

"ဒီစာဖတ်ပြီး ယုံပေါ့"

"ဒီစာဖတ်ပြီးရုံနဲ့ ကျွန်မက ဘယ်လိုအဖြေပေးရမှာလဲ"

"ဘယ်လိုပေးရမှာလဲဆိုတော့ ဒီလမ်းမှာပဲစောင့်နေလေ၊ ကိုယ်လာခဲ့မယ် ... အဲဒီကျရင် ပြောပေါ့နော်"

ကောင်မလေးက ဒီတစ်ခါမှာတော့ မယုံသလို မျက်လုံးနဲ့ ကြည့်တယ်။ ကိုယ်ကလည်း အတွေ့အကြုံရှိလှတယ်လို့တော့ မဟုတ်ပါဘူး ... သူ့အကြည့်တွေကို ဒိုးခနဲ ဒေါက်ခနဲ ကွက်မြင်လိုက်တာနဲ့ ယုံချင်အောင် ပြောရသေးတယ်။

"တကယ်ကို ဒီနေရာကပဲစောင့်နေမှာပါ ... စိတ်ချပါ ... စာပေးပြီး အဖြေမယူတဲ့ ကောင်လေးတွေလို မဟုတ်ပါဘူး ... ဒါမှ စိတ်မချသေးရင် အဲဒီစာထဲမှာ Star ပြထားတဲ့ စာကြောင်းလေး တစ်ကြောင်းကို ကတ်ကြေးနဲ့ ညှပ်ပြီး Psychology Second Year ကို လာခဲ့လေ အဲဒါက ပိုသေချာတယ် စောင့်နေမယ်နော် ..."

ကောင်မလေးက ဆံပင်ရှည်ကြီးကို ဒုတိယအကြိမ် ဝဲနေအောင်ခါကာ လှည့်ထွက်သွားသည်။ မသွားခင်လည်း သူ့ရင်ဘတ်ကို သူပေးတဲ့ စာနှင့်ပေါက်ကာ ပြောလိုက်သေးရဲ့။ "အရူး" တဲ့လေ။

နိဒါန်း (၂)

"ဒီနားလေးတင်ပါပဲ ဘယ်ရောက်သွားပါလိမ့်"

ဟေသာနွယ်ဝင်း လမ်းမတွင် ဟိုရှာဒီရှာနှင့် ရှာနေသဖြင့် မနေနိုင် မထိုင်နိုင် ဖြစ်သွားသူက ကန်တင်းမှာထိုင်နေသည့် လင်းရာ။ ဟေသာနွယ်ဝင်းဆိုတာ စကားပြောကန့်လန့်တိုက်တတ်သူမှန်းသိသော်လည်း အဲဒီ ဘုဂလန့်လေးကိုမှ ရင်ထဲစွဲနေလေတော့ မလျှောက်ချင်တဲ့ ခြေထောက်နဲ့ စိတ်ပါပါ လျှောက်သွားပြီး စကားစရသည်။

"ဘာ ... ရှာနေတာလဲဟင် ..."

ဟေသာနွယ်ဝင်းက သူ့ကို ဖုတ်လေတဲ့ငပိ ရှိတယ်တောင် မထင်ဘဲ ဆက်ရှာနေသဖြင့် ဒုတိယအကြိမ် စကားပြန်စပြန်သည်။

"ဟိုလေ ... ဟေသာ ... ကိုယ် ဘာကူညီရမလဲ ... ကိုယ်က Second Year ..."

လင်းရာ စကားတောင် မဆုံးလိုက်သေး ဟေသာနွယ်ဝင်း တစ်ယောက် ဆတ်ခနဲ ကုန်းနေရာမှာ ခါးကိုမတ်လိုက်သည်။ ပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



စကားကို တသီးကြီးပြောလိုက်တော့သည်။

"(၁)နာမည်သိစရာမလိုဘူး၊ (၂) အရောတဝင်နေဖို့မလိုဘူး၊ (၃)အမှန်လုပ်ပြဖို့ မလိုဘူး အဲဒါတွေနဲ့ ကင်းရှင်းတယ်ဆိုမှ ရှင်ပြန်လာခဲ့ ..."

"ဟာ ... ကင်းပါတယ်၊ ကင်းပါတယ် ကိုယ့်နံမည်ကို အဆုံးထိမှ မပြောရသေးဘဲ"

"မကင်းပါဘူး၊ ရှင် အခု အရောလာဝင်နေပြီး အမှန်တွေလာလုပ်ပြနေတာ မဟုတ်ဘူးလား"

"ဗျာ ... "

"ကျွန်မ နားကပ်တစ်ဖက် ဒီနားမှာကျသွားတာ အဲဒါ ကျွန်မအမှားပဲ၊ ဒါကို ရှင်က ပြန်ရှာပေးပြီး အမှန်လုပ်မလို့လား ... မလိုဘူး၊ ကျွန်မကလည်း အဲဒီနားကပ်ကို ရှာပြီး ကောက်မလို့မဟုတ်ဘူး၊ လမ်းပေါ်မှာတင် ခြေထောက်နဲ့ နင်းပစ်မလို့ ... တော်ပြီ မရှာတော့ဘူး သွားမယ်"

ဟေသာနွယ်ဝင်းက အဲလိုလူတစ်ယောက်။ သူမှာ သူကိုယ်တိုင်နဲ့ပတ်သက်ပြီး စည်းမျဉ်းတွေ ထုတ်ထားသည်။ အဲဒီ စည်းမျဉ်းကို သူလည်းမဖောက်ဖျက်ဘူး ... တခြားလူလာဖောက်ဖျက်လည်း မခံဘူး။ လူတိုင်းကတော့ သူ့ကို ဟေသာနွယ်ဝင်းလို့ မခေါ်ကြ။ လက်ထိတ်ဟုသာ ခေါ်သည်။ သူနဲ့တွေ့ပြီး စကားပြောရင် အရှုံးပေးရတဲ့ လူချည်းပဲ ... သူ့စကားမှာ ချုပ်မိနေတဲ့ လူတွေလည်း နည်းဘူးဆိုပါတော့။



အခန်း ( ၁ )

ကဲတန်းတွင် ဟေသာနွယ်ဝင်း တစ်ယောက်တည်းထိုင်ပြီး စာအုပ်ထူထူ တစ်အုပ်ကို စိတ်ပါဝင်စားစွာ ဖတ်နေသည်။ မလှမ်းမကမ်းတွင် ကြည်မင်းခန့်နှင့်လွန်းဆက်အိမ်တို့ ထိုင်ကာ ထုံးစံအတိုင်း အရည်မရ အဖတ်မရ စကားကိုငြင်းနေကြသည်။ ကြည်မင်းခန့်နှင့် လွန်းဆက်အိမ်ဆိုတာကလည်း ငယ်ပေါင်း။ တစ်ခုထူးခြားတာက ကြည်မင်းခန့်လောက် မချောပေမယ့် လွန်းဆက်အိမ်က မေဂျာ King ဖြစ်နေခြင်းပင်။ မတည့်အတူနေ ဆိုသလို တပူးတွဲတွဲ ရန်ဖြစ်ငြင်းခုန်နေကြသူတွေလည်း ဖြစ်သည်။ အရင်ဆုံး ပြဿနာတစ်ခု သယ်လာသူက နေလရောင်ဟု ဆိုရမည်။ အဲဒီပြဿနာကရော ကြီးမားလားဆို ဘာမှမဟုတ်။ နေလရောင် ကြည့်ဖြစ်ခဲ့သည့် နတ်သမီးကားမှ စတော့သည်။

"ချောတာကတော့ ပြောမနေနဲ့ ... အဲဒါကြောင့်လည်း နတ်သမီးကားရိုက်ဖို့ ကမ်းလှမ်းခံရတာနေမှာ ... "

နေလရောင်က သူတစ်ယောက်ထဲ ကြည့်ဖြစ်ခဲ့သည့် နိုင်ငံ



www.burmeseclassic.com

www.burmeseclassic.com



ခြားကားထဲမှ မင်းသမီးကို သူတစ်ယောက်ထဲပဲ ချီးမွမ်းခန်းဖွင့်နေသည်။ လွန်းဆက်အိမ်က ဘဝင်မကျသည့် မျက်နှာနှင့် ပြန်ပက်သည်။

"မင်းသမီးချောလို့ နတ်သမီးချောတာနေမှာပါကွာ ... အပြင်မှာ နတ်သမီးဆိုတာ တကယ်ရော ချောလို့လား"

"မင်းက မြင်ဖူးလို့လား ... "

ကြည်မင်းခန့်က မဆိုင်သလို မနေပဲ ဆိုင်သလိုဝင်ပြောပြန်သည်။ လွန်းဆက်အိမ်က နတ်သမီးကို မြင်ဖူးသည့် မျက်နှာနှင့် ပြုံးသည်။

"ငါ့ကိုပြောရအောင် မင်းကရော နတ်တွေအကြောင်းသိလို့လား ... အပြင် ၃၇ မင်း အတွင်း ၃၇ မင်းဆိုတာတောင် မင်းအဘိုးခဏခဏ နတ်ကန်တော့လို့ သိတာ မဟုတ်လား ... ဟွင်း ဟွင်း"

ကြည်မင်းခန့်ရဲ့အဘိုးက နတ်ကတော်ကြီးမဟုတ်ပေမယ့် လမ်းထဲတွင် ဦးရှင်ကြီးပင့်တာလောက်တော့ ဝိုင်းလုပ်ပေးသူ တစ်ယောက်။ လွန်းဆက်အိမ်က မနိုင်နိုင်တာနဲ့ ပိုင်းသည့်အပြုံးနှင့် စပ်ဖြီးဖြီးကြည့်နေသဖြင့် နေလရောင်က ကြည်မင်းခန့်ကိုကြည့်ကာ မျက်ခုံးပင့်ပြသည်။ သဘောကတော့ လွန်းဆက်အိမ်တစ်ယောက် အသည်းကော်ာင်းလို့ ပွဲတောင်းနေပြီဆိုသည့်အထာ။ ကြည်မင်းခန့်ကလည်း နယ်နယ်ရရ မဟုတ်ပဲ စာအုပ်မှန်သမျှ လှန်လှောကာ ပိုက်ဆံနှိုက်နေသူမို့ တစ်အုပ်တစ်လေတော့ မျက်စိမစပ် ဖတ်ဖြစ်သည်။

"ဒီမှာ မင်းတို့မသိသေးတဲ့ နိုင်ငံခြားက နတ်တွေကိုပြောပြ





ရမလား ... ဟင်း ... ဟင်း"

"လုပ်လေ ... ကြာသလားလို့ ... "

လွန်းဆက်အိမ်က စိန်ခေါ်လိုက်သဖြင့် မလှမ်းမကမ်းတွင် ထိုင်နေသော ပေဟာသနွယ်ဝင်းတစ်ယောက် လှည့်မကြည့်သော်လည်း နားတော့ စွင့်လိုက်မိသည်။ ကြည်မင်းခန့်က စာပေကျွမ်းကျင်သည့် စာဂျပိုးအထာနှင့် ပြောသည်။

"မသိရင် စာအုပ်လှန်မှတ်ထားကြ၊ ဒဏ္ဍာရီ ပုံပြင်ထဲထိအောင် ပါဝင်ဖူးခဲ့ကြတာကွ ... "

"ကဲ ... ပြောပါကွာ ဝှေနေသေး ... "

နေလရောင်ကပဲ ကြားက စိတ်မရှည်စွာ ဝေါက်လိုက်သဖြင့် ကြည်မင်းခန့် ရယ်လိုက်သည်။ ဒီတစ်ခါမှတော့ အတည်စပါပြီ။

"ရောမ ... ဓါမဒဏ္ဍာရီ နတ်ဘုရားမ nemesis ဆိုတာ လက်စားချေမှုကို စောင့်တဲ့နတ်သမီး ... "

"Diana" ဆိုတာ အမျိုးသမီးတွေကို စောင့်ရှောက်တဲ့ နတ်မိမယ်။ "Moloch" က ကလေးသူငယ်တွေကို ယဇ်ပူဇော်ရတဲ့နတ်။ ဂျာမာန်ဒဏ္ဍာရီ နတ်ဆိုးက **"Mephistophelian"** ။ "Morpheus" ကတော့ အိမ်မက်စောင့် ဂရိနတ်။ "Neptune" က ရောမ ပင်လယ်စောင့်နတ်။ "Saturn" ဆိုတာကလည်း ရောမခေတ်က စိုက်ပျိုးရေးနတ်ဘုရား။ "Lucifer"က မာနတ်။ "Angel" ကတော့ မင်းတို့ထင်သလို နတ်သမီးမဟုတ်ဘူးနော်၊ အဲဒါ ဘုရားသခင်ရဲ့ တမန်တော်နတ်သား ... နောက်ပြီး ပိုပြည့်စုံအောင် ပြောပြလိုက်ဦးမယ်



www.burmeseclassic.com

www.burmeseclassic.com



ဂရိဒဏ္ဍာရီထဲက Minotaur ဆိုတာ လူကိုယ်နဲ့နွားခေါင်းပုံရှိတဲ့ သတ္တဝါ ... ဒါထက် ပိုဆန်းတာ က ငါကြားဖူးတာပေါ့ ... ငရဲပြည်မှာ အတိတ်မေ့စေတဲ့ မေ့ရေစီးနေတဲ့မြစ်ကို "Lethe" လို့ ခေါ်တယ်တဲ့ ကဲ ငါ့ကို 100% အမှတ်ပေး ပြီလား ... "

ကြည်မင်းခန့်စကား အဆုံးမှာတော့ ဟောသာနွယ်ဝင်း ပြုံးလိုက်သည်။ လွန်းဆက်အိမ်ကတော့ အမှတ်မပေးချင်လို့ပဲလားတော့ မသိ။ နှာခေါင်းရှုံ့ကာ ပြောသည်။

"နေစမ်းပါဦး အဲဒီစာအုပ်ကြားထဲ မင်းအဖေက ပိုက်ဆံ ဘယ်လောက် ညှပ်ထားတယ်လို့ပြောလဲ"

"၅ ထောင်တန် ၃ ရွက်လေ ... "

ကြည်မင်းခန့်က အဲသလိုမျိုး စာပေကို လေ့လာလိုက်စားတတ်သည်။ နေလရောင်က ခေါင်းကိုတဗျင်းဗျင်း ကုတ်နေရာမှ ရုတ်တရက်ဝင်ပြောသည်။

"ကျောင်းကပြန်ရင် ခေါင်းဝင်လျှော်ပြီး မျက်နှာလေးဆေးဦးမှပဲ တစ်ကျောင်းလုံးလည်း အဝင်ဝထဲကိုက ရွာလမ်းထဲဝင်ရသလိုပဲ ဖုန်တလိမ်းလိမ်းနဲ့ ... ကြာရင် ဖုန်မှုန့်ရောဂါရတော့မယ် ... "

ပြဿနာ ခပ်သေးသေးလေးကို နေလရောင် အစဆွဲထုတ်လိုက်သည်နှင့် လွန်းဆက်အိမ်တရစပ်လိုက်ရှုပ်သည်။

"သွားမနေပါနဲ့ကွာ ... ဘာလုပ်မှာလဲ မင်းခေါင်းလျှော်ပြီး မျက်နှာ ဆေးလိုက်လို့လည်း ရုပ်ကလန်းလာမှာ မဟုတ်ဘူး ... အရေးပြား တထောက်စာလေးကိုများ ငွေကုန်ခံပြီး လုပ်နေရသေး





တယ်"

လွန်းဆက်အိမ် စကားကို ကြည်မင်းခန့်က ထုံးစံအတိုင်း ကန့်လန့်တိုက်ပြန်သည်။

"အဲလိုတော့ မပြောနဲ့ လွန်းဆက် ... အရေးပြား တထောက်စာဆိုတာကလည်း ကိုယ့်အတွက် အလှတရားပဲ မင်းလို ခေါင်းစုတ်ဖွား ဝက်ခြံဘဲကြားနဲ့ ကျောင်းတက်နေရတဲ့ သူ့အတွက်ကတော့ တထောက်စာက မပြောပလောက်ပေမယ့် နေလရောင်အတွက် တထောက်စာကတော့ very important ပဲ"

"ငါလည်း အလှတရားကို တန်ဖိုးထားပါတယ်ကွာ"

အင်တင်တင်မျက်နှာကြီးနှင့် လွန်းဆက်အိမ် ပြောလိုက်သဖြင့် ကြည်မင်းခန့် ခပ်ဟဟရယ်ကာ ဆက်ပြောသည်။

"ဘာတန်ဖိုးထားတာလဲ ... အလှတရားဆိုတာ မင်းကောင်မလေးက ပေးမှရတဲ့ အရာလို့ သတ်မှတ်နေပြီးတော့များ ... တစ်ခါတလေ အရူးကလည်း ထလိုက်သေးတယ် နေလရောင် ... Beauty is the lover's gift တွေ ဘာတွေ ဖွတ် ရွတ် ဒိုင်း၊ မှုတ်လိုက်သေး"

ကြည်မင်းခန့် စကားကြောင့် ဟောသာနွယ်ဝင်း ကျိတ်ရယ်မိသည်။ လှည့်တော့ မကြည့်ဖြစ်ပါ။ သိပ်မကြာလိုက် လင်းရာတစ်ယောက် ကန်တင်းထဲ ရောက်လာသည်နှင့် လွန်းဆက်အိမ် လက်ပြလိုက်သည်။ လင်းရာက လက်ပြန်ပြပြီး ဟောသာနွယ်ဝင်း ထိုင်နေသည့်ဝိုင်းကို သွားထိုင်လိုက်သဖြင့် ကြည်မင်းခန့်တို့ လှည့်ကြည့်ဖြစ်သည်။

"ဘာလုပ်နေတာလဲ ... ဟောသာ ... "



www.burmeseclassic.com

www.burmeseclassic.com



"ရှင် အမှတ်မရှိသေးဘူးလား ..."

"ဗျာ ..."

"ရှင့် လူတွေ ဟိုဘက်မှာရှိတယ် မဟုတ်လား သွားတော့"

ထိုအခါမှ လင်းရာတစ်ယောက် ခေါင်းကုတ်ကာ လွှန်းဆက်အိမ်တို့ ဝိုင်းကိုရောက်လာသည်။ ကြည်မင်းခန့်က လင်းရာကိုကြည့်ရင်း မေးသည်။

"ဝမ်းချုပ်နေတဲ့ မျက်နှာနဲ့ ဘာဖြစ်လာတာလဲ"

လင်းရာက ဟေသာနွယ်ဝင်းကို လှည့်ကြည့်လိုက်သည်။ ဟေသာနွယ်ဝင်းက လှည့်မကြည့်ဘဲ စာဖတ်နေသဖြင့် ခေါင်းကို ရှေ့သို့တိုးလိုက်သဖြင့် လွှန်းဆက်အိမ်တို့လည်း အလိုလို ခေါင်းကို ရှေ့တိုးကြသည်။ ဒီတော့မှ လင်းရာက လေသံတိုးတိုးနှင့်ပြောသည်။

"အဲဒီကောင်မလေးနဲ့ စကားလုံး(၁၀၀)ထိ ပြောနိုင်တဲ့ သူကို ငါဒကာခံမယ်"

လင်းရာ စကားကို နေလရောင်က ခေါင်းဆတ်ခနဲမတ်ကာ "ငါမပါဘူး ..." ဟု ကြိုတင်ငြင်းချက် ထုတ်လိုက်သဖြင့် လွှန်းဆက်အိမ်နဲ့ ကြည်မင်းခန့်အပြုံးချင်း ငြိသွားကြသည်။ ထို့နောက် လွှန်းဆက်အိမ်နှင့် ကြည်မင်းခန့် ဗိုလ်ကျားသေနတ် ဆွဲနေကြသဖြင့် လင်းရာခမျာ အူကြောင်ကြောင် ဖြစ်သွားသည်။ နေလရောင်ကတော့ မဆိုင်သလို လေချွန်နေသည်။ ဟေသာနွယ်ဝင်း ထသွားသည်အထိ လွှန်းဆက်အိမ်နှင့် ကြည်မင်းခန့် သရေကျနေသည်။ ထို့ကြောင့် လင်းရာက စိတ်မရှည်သည့် လေသံနှင့်ပြောတော့သည်။

"အဲဒါ ဘာလုပ်နေကြတာလဲကွာ ..."





"ဘယ်သူ အရင်စကားလိုက်ပြောရမလဲဆိုတာ ဗိုလ်ကျားသေနတ် ဆွဲနေတာလေ ..."

"တော်ပြီ ... ဆွဲလည်းဆွဲမနေပါနဲ့တော့ ဟိုကထသွားပြီ"

"အိမ်ပြန်သေးတာမှ မဟုတ်ဘဲ၊ မင်းစကားနဲ့ မင်းနော် လင်းရာ ... ငါနဲ့ လွှန်းဆက်အိမ်နဲ့ အခု လိုက်စကားပြောမယ်"

"ဟေ့ကောင် ... မင်းတို့စကားက အလုံး(၁၀၀)ပြည့် မပြည့် ငါက ဘယ်လိုလုပ်သိမှာလဲ ငါ့ရှေ့မှာ ပြောရမှာ"

"ဒါဖြင့် ဒီနေ့တော့ မလွယ်ဘူးကွာ ... နက်ဖြန် RC ကနေ မင်းထိုင်ကြည့်နေ ... စကားလုံး (၁၀၀)တော့ မလုပ်နဲ့ ငါးမိနစ်အတွင်း လုပ်လိုက် (၅)မိနစ်ဆိုတဲ့ အတိုင်းအတာကလည်း စကားလုံး (၁၀၀)ထက် မနည်းပါဘူး"

ကြည်မင်းခန့်စကားကို လင်းရာ ခေါင်းညိတ်လိုက်ပြီး ပြောပြန်သည်။

"မင်းတို့ကို တစ်ရက်ပဲ အချိန်ပေးမှာနော် ... စကားလိုက်မမပြောနိုင်ရင် ဒကာပြန်ခံရမှာ ... ငှင်း ငှင်း ငှင်း ..."

လင်းရာစကားကို လွှန်းဆက်အိမ်နှင့် ကြည်မင်းခန့် လက်ဝါးချင်းရိုက်ကာ ပြုံးလိုက်သည်။ လင်းရာကလည်း အောင်နိုင်သူတစ်ယောက်လို အပြုံးနှင့်ပြုံးပြသည်။ နေလရောင်ကတော့ စောင့်ကြည့်သူအထာနှင့် ပြုံးကာ အားလုံးကိုငေးကြည့်နေသည်။

တွေ့ချင်သူအတွက် လွှယ်လွှယ်လေးသာပါ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၂ )

RC တွင် ကြည်မင်းခန့်၊ နေလရောင်နှင့် လင်းရာတို့ လွှန်းဆက်အိမ်လှုပ်ရှားမှုကို စောင့်ကြည့်နေကြသည်။ အဝေးမှ လျှောက်လာသော ဟောသာနွယ်ဝင်းဘေးမှ လွှန်းဆက်အိမ်ကို ကြည့်ကာ လင်းရာနှင့် နေလရောင်တို့ရယ်ကြသည်။ ကြည်မင်းခန့်ကတော့ လွှန်းဆက်အိမ်များ နိုင်လေမလားဟု ပြုံးပြုံးကြည့်နေတုန်း လွှန်းဆက်အိမ် ရောက်ချလာသည်။

"အလကား ဟာမလေး ... စကားပြောတာကိုက ဘာစည်းလဲ ... ဘာမျိုးလဲ ... ဘာအထာလဲတော့ မသိဘူး"

လွှန်းဆက်အိမ်ပါးစပ်မှ ပြောလာရင်း ကြည်မင်းခန့်ဘေးတွင် ဝင်ထိုင်လိုက်သည်။ လင်းရာက မတ်တတ်ရပ် လက်ပိုက်လိုက်ပြီး လွှန်းဆက်အိမ်ကို မခိုးမခန့်ကြည့်သည်။ လွှန်းဆက်အိမ်ကတော့ ဂရုမစိုက်ဘဲ ကြည်မင်းခန့်ကိုသာ ပြောလိုက်သည်။

"မင်းနဲ့ ငါနဲ့ ကျွေးဖို့သာ ပိုက်ဆံစုထားပေတော့ ... မလွယ်





ဘူး ... "

"မင်းကလည်းကွာ ဟောသာက သူ့စည်းမျိုးတွေနဲ့သူနေတာပါ ... "

လင်းရာက ကြားဖြတ်ဝင်ပြောလိုက်သဖြင့် ကြည်မင်းခန့် ဖြတ်မေးလိုက်သည်။

"ဘယ်လို စည်းမျိုးနဲ့လဲ"

"သူ့စည်းမျိုးထဲမှာ နာမည်သိစရာမလိုဘူး၊ အရောဝင်စရာမလိုဘူး ... အမှန်လုပ်ပြဖို့ မလိုဘူးတဲ့ ... "

လင်းရာစကားကို ကြည်မင်းခန့် စဉ်းစားနေပြီးမှ ထပ်မေးပြန်သည်။

"ဘယ်မေဂျာကလဲ ... "

"Philosophy ဒဿနိကမေဂျာက ... "

"အင်း ... ငါတို့နဲ့ နည်းနည်းနီးစပ်သားပဲ ... အိုကေ ... ငါ လုပ်ငန်း စပြီ ... စောင့်ကြည့်နေ ပြီးမှ ကဲန်တင်းကိုလိုက်လာခဲ့ကြ"

ကြည်မင်းခန့် ကျောပိုးအိတ်နှင့် ထီးရှည်ကြီးကို တဖက်တချက်စီကိုင်ကာ ဟောသာနွယ်ဝင်းနောက်သို့ ခပ်သုတ်သုတ် လျှောက်သွားသည်။ လွှန်းဆက်အိမ်ကတော့ ခေါင်းခါကာ နှာခေါင်းရှုံ့လိုက်သည်။ ကြည်မင်းခန့်က ဟောနွယ်ဝင်း ဖိနပ်ကို မသိချင်ယောင်ဆောင်ကာ တက်နင်းလိုက်သဖြင့် ဟောသာနွယ်ဝင်း ဖိနပ်က ပြုတ်မသွားသော်လည်း ခြေလှမ်းက တုံ့ခနဲဟန်ချက်ပျက်သွားသည်။ နောက်ကို လှည့်ကြည့်လိုက်ပြီး ရန်တွေ့လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"နင် ... ဘယ်လိုလုပ်လိုက်တာလဲ"

"ဟိုဘက်က လျှောက်လာတာလေ ... နင့်ကို ရုတ်တရက် မို့ မမြင်လိုက်ဘူး"

"ကံကောင်းလို့ ဖိနပ်က မပြတ်တာ ... "

"ငါက ကံမကောင်းလို့ အဟောက်ခံရတာပေါ့ ဟုတ်လား"

ကြည်မင်းခန့် ရှေ့သို့ ဆက်လျှောက်လိုက်လာသဖြင့် ဟေသာနွယ်ဝင်း ဒေါသထွက်သွားသည်။ တကယ်ဆို နည်းနည်းပါးပါး တော့ တောင်းပန်သင့်သည် မဟုတ်ပါလား ...

"ဒီမှာ ... "

"ငါ့ကို ခေါ်တာလား ... "

"ဟုတ်တယ် ... နင့်ကိုခေါ်တာ"

"ငါ့မှာ နာမည်တော့ရှိတယ်၊ ဒါပေမယ့် နင်သိစရာမလိုပါ ဘူး၊ ပြောစရာရှိတာတော့ပြောလေ ရတယ် ... ခု ဘာပြောမှာလဲ ပြော ... "

"ဒီမှာ နင် ငါ့ဖိနပ်ကို တက်နင်းသွားတာ နည်းနည်းတော့ တောင်းပန်သင့်တယ်လို့ မထင်ဘူးလား"

"ငါက နင့်ကိုတောင်းပန်ရမှာလား"

"ဟုတ်တယ် ... "

"ငါ့နေရာမှာ နင်ဆိုရင်ရော တောင်းပန်မှာလား"

"ငါ ဘယ်သူ့ကိုမှ အမှားမလုပ်ဖူးဘူး၊ အဲဒီအတွက် အမှန် လည်း လုပ်ပြစရာမလိုဘူး"





"ငါကရော အခုမှားနေလို့လား ... မတော်တဆကို အမှား လို့ သတ်မှတ်ရင် တောင်းပန်လို့တောင် ဆုံးမှာမဟုတ်ဘူး"

"နင်ဘယ်လိုလူလဲ ... မိန်းမတစ်ယောက်နဲ့ လိုက်ပြိုင်နေ တာလား"

"ငါ့မှာ ငါ့စည်းမျဉ်းနဲ့ငါရှိပြီးသား (၁)ကိုယ်မမှားဘဲတောင်း ပန်စရာမလိုဘူး၊ (၂)မှားခဲ့ရင်တောင် ယောကျ်ားအချင်းချင်းပဲ တောင်းပန်မယ်၊ (၃)မိန်းကလေးတစ်ယောက်ကို သနားမိရာ ကနေစပြီး ငါ့ဘဝကို အဲဒီမိန်းကလေးက ဖျက်ဆီးမှာကို မခံနိုင်ဘူး အဲ ... သွားပြီ"

"နေဦး ... နင် ဘယ်မေဂျာကလဲ ... "

"လောကမှာ အပေါဆုံးက လေနဲ့အသိဉာဏ်ပဲ ... ငါ လေပေါတိုင်း လျှောက်မပြောချင်လို့ နင့်ဉာဏ်ပေါရင်တော့ စဉ်းစား လိုက်ပေါ့ ... တစ်စုံတစ်ခုရဲ့ လွှမ်းမိုးရာ လှုပ်ရှားရာ ထိန်းကျောင်းရာ ဖြစ်တဲ့ ဦးနှောက်ကို နင့်အနေနဲ့ သတ်မှတ်ချက်တစ်ခုရှိရင် ငါဘာ မေဂျာလဲဆိုတာ သိမှာပါ ... "

ကြည်မင်းခန့်ကို ဟေသာနွယ်ဝင်း ကြည့်လိုက်ပြီး တချက် ပြုံးလိုက်သည်။

"အိုကေလေ ... နင် မနက်ဖြန် အတန်းထဲမှာစောင့်နေ၊ ငါ ကိုးနာရီအရောက်လာခဲ့မယ် ... တစ်ခုခု သွားစားကြတာပေါ့"

"အိုကေ ... ငါသွားပြီ"

ကြည်မင်းခန့် ထွက်သွားသဖြင့် ဟေသာနွယ်ဝင်းပြုံးလိုက် သည်။ ကဲန်တင်းထဲ ထိုင်တာမှ မကြာသေး လွှန်းဆက်အိမ်တို့ မှိုရ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ မျက်နှာပေါက်တွေနှင့် တစ်ယောက်တစ်ပေါက် ပြောကာ ဝင်လာကြသည်။ လင်းရာက လက်ဆွဲနှုတ်ဆက်ကာ ...

"လေးစားသွားပြီ ကြည်မင်းခန့် ... ဟေသာပြုံးတာ ငါအခုမှ မြင်ဖူးတော့တယ် ... မင်း ဘယ်လိုတွေပြောလိုက်တာလဲ"

"ဒီထက် ထူးခြားတာကိုရော ပြောပြရဦးမလား ... "

ကြည်မင်းခန့် စကားကို သုံးယောက်သား ခေါင်းညိတ်ကြသည်။ ကြည်မင်းခန့် ပြုံးလိုက်ပြီး ...

"မနက်ဖြန် ကိုးနာရီမှာ သူ ငါတို့ class ရှေ့လာပြီး ငါ့ကို မုန့်စားဖို့ လာခေါ်လိမ့်မယ် ... "

"ဟ ... ဟုတ်ရဲ့လားကွာ ... ဟေသာက မင်းကို အရေးတဝင်လုပ်ပြီး ဘယ်မေဂျာကလည်းလို့ မေးပါ့မလား"

"အေးလေ ... ငါသွားပြောတုန်းကတောင် ဘုဘောက်ပြောလိုက်တာ ... "

လင်းရာစကားကို လွန်းဆက်အိမ် ထောက်ခံလိုက်သဖြင့် ကြည်မင်းခန့် ပြုံးလိုက်သည်။

"မနက်ဖြန် မနက်ကိုးနာရီမှာ မင်းတို့စောင့်ကြည့်နေပေါ့ကွာ"

ကြည်မင်းခန့် လင်းရာကိုကြည့်ကာ ထမင်းကြော်နှင့်ပလိန်းမှာလိုက်သည်။ လင်းရာကတော့ ဒီတစ်ခါ နှမြေတသလုစွာသော မျက်နှာမျိုးနှင့် ခုံတွင်ထိုင်ကာ ကြည်မင်းခန့် အားပါးတရ စားနေသမျှကို ကြည့်နေရတော့သည်။





"မေမေ ... သား ကျောင်းသွားတော့မယ် မုန့်ဖိုးပေးဦး"

ကြည်မင်းခန့် ကျောင်းမသွားသေးခင် နောက်ဖေးမှ ချက်ပြုတ်နေသော ဒေါ်မြကြည်ကို လှမ်းအော်နေသည်။ ဦးလှမင်းကတော့ အလုပ်သွားလေပြီ။ ဦးလှမင်းက ကြည်မင်းခန့်နှင့်မတည့်အတူနေ အဖေဖြစ်သည်။ အိမ်ရှေ့တွင် ဆေးလိပ်ခဲနေသော ကြည်မင်းခန့် အဘိုးဖြစ်သူ ဦးကျည်မွေ့ကတော့ ထုံးစံအတိုင်း ပြောနေပြန်သည်။

"ကျောင်းမသွားခင် ဘုရားလေးဘာလေး ရှိခိုးပါဦးဟ ... အကတည်း အလကားရတဲ့ ဘုရားတောင်မှ ရှိခိုးချင်စိတ် မရှိကြဘူး။ ဒီကောင် လှမင်းလည်း ဒီလိုပဲ ... အိမ်ရှေ့ဝင် နောက်ဖေးထွက်နဲ့ စားပြီးအိပ် အိပ်ပြီးစား အလကားကောင်"

သူ့ သမက်သူ ပြောနေခြင်းဖြစ်သည်။ ဦးလှမင်းကလည်း ဦးလှမင်းပဲလေ။ တစ်ပတ်ပြည့်လို့တောင် ဘုရားတစ်ခေါက် မရှိခိုးဘူး ... ဒီအဖေက မွေးလာတဲ့သားကလည်း ဒီအဖေလိုပဲပေါ့ ... ဒေါ်မြကြည် ကောင်းမှုကြောင့် ညအိပ်ရာဝင်တော့ ကြည်မင်းခန့်တစ်ယောက် ရှိခိုးပါရဲ့ ... ပေါက်ဆိန်ပေါက်တာကများသည်။

ဒေါ်မြကြည် နောက်ဖေးမှ ချွေးတလုံးလုံးနှင့်ထွက်လာပြီး ကြည်မင်းခန့် ရှေ့တွင် ပိုက်ဆံအိတ်ဖွင့်ကာ မုန့်ဖိုးပေးသည်။

"ဟင် ... နှစ်ထောင်ထဲလား မေမေ ... "

"နင်က နှစ်ထောင်မလိုချင်လို့ ဘယ်လောက်လိုချင်လို့လဲ၊ စားပြီးအိပ် အိပ်ပြီးစားဆိုတာ ကိုလှမင်းကို မပြောရဘူး၊ အဖေ ဒင်း



www.burmeseclassic.com

www.burmeseclassic.com



ကို ပြောရမှာ"

ကြည်မင်းခန့်လက်ထဲ ပိုက်ဆံနှစ်ထောင် ထိုးထည့်ခဲ့ပြီး နောက်ဖေး ပြန်ဝင်သွားလေသည်။ ဦးကျည်ပွေ့က ဆေးလိပ်ပြာကို ချွေလိုက်ပြီး ပြောသည်။

"အတူတူပဲ ဒီနှစ်ကောင်လုံးက ... "

ကြည်မင်းခန့် ဆက်မပြောတော့ဘဲ ကားဂိတ်သို့ထွက်လာခဲ့သည်။

"ဒီလိုမှန်းသိရင် ဖယ်ရီမစီးဘဲ ပိုက်ဆံတွေဘုန်းလိုက်ပါတယ်"

ကားတိုးမစီးချင်သဖြင့် မနေ့တနေ့ကမှ ဖယ်ရီခပေးရင်း စီးခဲ့သည်။ ဖယ်ရီကား ရောက်လာသဖြင့် ကားထဲမှ နေလရောင်က ပြတင်းပေါက်မှ ခေါင်းပြူကာအော်သည်။

"ဟိုးထား ဆရာရေ ... လမ်းကြုံလိုက်ချင်လို့တဲ့ ... တက်တက် ညီလေး ... မြန်မြန်တက် ... "

နေလရောင်ကို ကြည်မင်းခန့် ပါးစပ်လှုပ်ဆဲကာ ကားပေါ်တက်လိုက်သည်။ နေလရောင်နှင့် လင်းရာက နောက်ဆုံး ခုံတွင် ထိုင်နေသဖြင့် ရှေ့ခုံမှ လွန်းဆက်အိမ်ဘေးတွင် ဇွတ်ခနဲဝင်ထိုင်လိုက်သည်။ လွန်းဆက်အိမ်ကို နေလရောင်က လှမ်းပုတ်ရင်း ပြဿနာ အစရှာသည်။

"လွန်းဆက်အိမ် ... မင်း ဟိုတနေ့က ပြောတော့ ဝိုင်သောက်လာတာ လုံးဝမိုက်တယ်ဆို ... ဘာဝိုင်လဲ"





လွန်းဆက်အိမ်က မသိချင်ယောင်ဆောင်နေသဖြင့် ကြည်မင်းခန့်က ဝင်ဖောက်သည်။

"ဒီကောင့်များ မေးနေရသေးတယ် ... သူသောက်တာ ဝိုင်မှန်းတောင် သိလို့လား ... အရည်မြင်တိုင်း မျက်လုံးမှိတ်သောက်နေပြီးတော့ဟာ ... ဟ ဝိုင်တွေအကြောင်း သူလိုကောင်က ဘယ်လိုလုပ် သိမှာလဲ ... "

ကြည်မင်းခန့်ကို လွန်းဆက်အိမ် စောင့်ကြည့်လိုက်သည်။ ပြီးမှ ...

"မင်းကရော ဝိုင်ဘယ်နှစ်မျိုးရှိတယ်ဆိုတာ သိလို့လား ... နာမည်တွေကရော ဘာလဲ ... မသိတဲ့ လူချင်းအတူတူ အေးအေးနေ၊ ဘေးကနေပြီး ဆေးမထိုးနဲ့"

"ဟာဟ ... ဒါတော့ မင်း ငါ့ကိုအထင်သေးတာပဲ၊ ဒီမှာ လွန်းဆက် ငါကဝိုင်ရောင်းနေတဲ့ လူတော့ မဟုတ်ဘူး၊ သောက်လည်း မသောက်တတ်ဘူး၊ ဒါပေမယ့် ငါသိတဲ့အကြောင်းလေးတွေ တော့ရှိတယ် ... ငါပြောပြမယ် မှတ်ထား ... "

ကြည်မင်းခန့်စကားအဆုံးတွင် လင်းရာနှင့်နေလရောင်တို့ လွယ်အိတ်ထဲမှ စာအုပ်နှင့်ဘောပင်ကို ထုတ်ကာ လိုက်မှတ်ရန် ပြင်လိုက်ကြသည်။ တကယ် လိုက်မှတ်ဖို့တော့ မဟုတ်။ ကြည်မင်းခန့်ကို မျက်နှာပြောင်ခြင်းဖြစ်သည်။ ကြည်မင်းခန့်က ခေါင်းကြီး လေသံနှင့်စသည်။

"Chianti ဆိုတာ အီတလီဝိုင်အရက်ပြင်း တစ်မျိုးပဲ၊ သူက



www.burmeseclassic.com

အနီရောင်နဲ့ အဖြူရောင် နှစ်မျိုးရှိတယ်၊ နောက်တစ်ခုကတော့ ဝိုင်မဟုတ်ဘူး။ ပြင်သစ်ကောညက် အရက် cognac လို့ခေါ်တယ်၊ Guinness ဆိုတဲ့ ဘီယာက ညိုမည်းမည်း အရောင်ရှိတယ်၊ ခါးလည်းခါးတယ်တဲ့ နောက် ...”

“ဟေ့ကောင် ... စာအုပ်ထဲကဟာတွေ အလွတ်ကျက်ပြီး လာရွတ်ပြမနေနဲ့ အထင်မကြီးဘူး”

“ငါသိရသလောက် ပြန်ပြောပြတာပဲကွာ ... မင်းတို့ မသိတာထက်စာရင် နည်းနည်းတော့ အာဖြန်ရှိုးလို့ရတာပေါ့”

“မရှိုးဘူးဟေ့ကောင် ... မင်းသာ လျှောက်ရှိုးနေတာ ဒီနေ့ ဟိုတစ်ယောက် လာမယ်လို့ မင်းပြောတာနော်၊ ငါတို့ကတော့ စောင့်ကြည့်နေမှာ ... ”

လွန်းဆက်အိမ်စကားကို နေလရောင်နှင့်လင်းရာတို့က ခေါင်းညိတ်ကာ ထောက်ခံသည်။ ကြည်မင်းခန့်ကတော့ အေးဆေးပဲလေ။ ဒီကောင်မလေး ဒီလောက်တော့ မအပါဘူး ... ။

အတန်းထဲရောက်သည်နှင့် ကြည်မင်းခန့် နာရီကိုကြည့်လိုက်သည်။ လွန်းဆက်အိမ်က ကြည်မင်းခန့်စကားကို မယုံသလိုလိုနှင့် စာအုပ်ထုတ်ကာ ဖတ်နေလိုက်သည်။ လင်းရာက ...

“ငါ့စိတ်ထင် သူမလာနိုင်လောက်ဘူးကွ ... ဘာလို့ဆို သူက ယောကျ်ားလေးတွေ မပြောနဲ့ မိန်းကလေးတွေနဲ့တောင် အရောမဝင်ဘူး ... ”

“မင်း ငယ်ပါသေးတယ် လင်းရာ ရာ ... ”





ကြည်မင်းခန့် ပြုံးရင်း ပြောနေတုန်း ဟေသာနွယ်ဝင်း ရောက်လာသဖြင့် လင်းရာနှင့်နေလရောင် မျက်လုံးပြူးသွားသည်။ လွန်းဆက်အိမ်တစ်ယောက် စာအုပ်နှင့်မျက်နှာကို ကွယ်ထားသဖြင့် ကြည်မင်းခန့်ပြုံးလိုက်သည်။

“ငါ နောက်မကျပါဘူးနော်”

“အေး ... ငါလည်း အခုပဲရောက်တာ ... လာလေ”

စကားပြောရင်း ကျော့ကျော့မော့မော့လေး ထွက်သွားကြသော ဟေသာနွယ်ဝင်းနှင့် ကြည်မင်းခန့်ကို နေလရောင်တို့ အားလုံး ပါးစပ်ဟောင်းလောင်းနှင့် ကြည့်နေမိကြသည်။

ကြည်မင်းခန့်စိတ်ထဲမှ ဟေသာနွယ်ဝင်းကို ချီးမွမ်းရင်း ပြုံးလိုက်မိသည်။ ဟေသာနွယ်ဝင်းကလည်း တွေ့လိုက်သဖြင့် ကြည်မင်းခန့်ကို ကြည့်သည်။

“နင် ... ဘာပြုံးတာလဲ”

“ဘာမှ မဟုတ်ပါဘူး။ နင့်မှာ မိန်းကလေးသူငယ်ချင်းရှိလား”

“ရှိတယ် ... ဒါပေမယ့် သူက ခုထိ ဆယ်တန်းတောင် မအောင်သေးဘူး ... သူသာ ဆယ်တန်းအောင်လို့ကတော့ သိပ်ကောင်းမှာပဲ၊ မေဖူးကလည်း ဆယ်တန်းသာအောင်ချင်တာ စာကျတော့ မလုပ်ချင်ဘူး ... အားနေ သူ့ဆံပင်ကြီးကိုပဲ သနေတယ်၊ ငါ့လို အနေတော်လောက် ညှပ်လိုက်တာ မဟုတ်ဘူး”

ကြည်မင်းခန့် ပြုံးလိုက်ပြီး ... ဟေသာနွယ်ဝင်းကို ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နှင့်သူငယ်ချင်းကို ငါတစ်ခါ စာလိုက်ပေးဖူးတယ်ဟ"

"သိသားပဲ ... သူက နင့်ကို အရူးလို့ပြောတယ်၊ နင့် သူငယ်ချင်းတစ်ယောက်လည်း ငါ့ကိုစကားလိုက်ပြောနေကျပဲ"

"အေး ... သူကလည်း နင့်ကို လက်ထိတ်လို့ပြောတယ်"

"အောင်မာ ... ငါ့ကိုများ"

"အရူးကိုတော့ လက်ထိတ်မခတ်လောက်ပါဘူးနော်"

"ဆိုးရင်တော့ ခတ်သင့်ခတ်မှာပဲလေ"

"ယဉ်ယဉ်လေး ရူးနေတာပါ လက်ထိတ်ရယ်"

"အရူးနော် နင့်ကို ငါက ခင်လို့ အအေးလိုက်တိုက်မှာ အခင်အမင်ပျက်အောင် မလုပ်နဲ့ ..."

"နင်ပြောတော့ စည်းမျဉ်းတွေထဲမှာ အရောတဝင်နေဖို့ မလိုဘူးဆို ... ဘာလို့ ငါ့ကို အရောလိုက်ဝင်နေတာလဲ"

" ငါ နင့်ကို ပြောခဲ့ဖူးလို့လား"

"ငါ့သူငယ်ချင်းတစ်ယောက် ပြောပြတာ ... ပြောစမ်းပါဦး၊ ဘာလို့ ငါ့ကို အရောဝင်နေရတာလဲ ... နင်စည်းဖောက်တယ်"

"ငါ့စည်းမျဉ်းအကြောင်း ငါအသိဆုံး ငါ့ကိုသာ တခြားလူတွေကမရတာ ငါက အရောဝင်ရင်တော့ ရတယ် ... ဟဲ ဟဲ"

ဟေသာနွယ်ဝင်းက စပ်ဖြီးဖြီး မျက်နှာနှင့်လျှာထုတ်ပြသည်။

"အော ... ငါက နင့်ကို မာနကြီးလှချည်လားလို့ထင်နေတာ၊ သေချာ ပေါင်းကြည့်မှ နင်က ပေါမလေးပဲ၊ ဒါနဲ့များ စကားလာ





ပြောတဲ့လူတိုင်းကို ပါးပဲရိုက်တော့မလိုလို ... ဆရာနဲ့ပဲ တိုင်တော့မလိုလို မျက်နှာထားကြီးနဲ့ ဟား ဟား ..."

"အောင်မာ ... ငါက အပိုလုပ်ပြီး လောကွတ်ချော်တဲ့ကောင်တွေဆို မုန်းလွန်းလို့ ... များလွန်းလို့ ... ဒါနဲ့ ငါ့နာမည်တော့ နင်သိမှာပါ ..."

"အင်း ..."

"နင့်နာမည်ပြောဦး"

"လွယ်လွယ်ရတာဆိုရင် အရသာမရှိဘူးဟ ... ငါ နင့်ကို စာစုကလေး ရေးပြမယ် ... အဲဒီ စာလုံးစာချို့ကို ငါမှင်နဲ့တားထားမယ် ... နင့် စဉ်းစားပါ"

"ကောင်းပြီလေ ..."

"ကဲနင်တင်းကျ ငါရေးပြမယ်၊ နင် ငါ့နာမည်တော့ ကြိုသိမနေပါဘူးနော်"

"အောင်မာ ... ငါက ကြိုသိစရာလား"

"အေးပါ ... လာလာ"

ကြည်မင်းခန့် ကဲနင်တင်းရောက်သည်နှင့် Ice Coffee မှာကာ စားပွဲပေါ်တွင် စာအုပ်တစ်အုပ်တင်လိုက်သည်။ ဟေသာနွယ်ဝင်းက ဘောပင်ထုတ်ပေးလိုက်သည်နှင့်ရေးသည်။

"စမ်းရေလေး တသွင်သွင်စီးဆင်း

ကေရာဇ် ရာဇာ မျှုးမတ်မင်းချင်း

တစ်ခွက်ကိုယ်စီသောက်လျှင် ချက်ချင်း၊ ရုပ်ညည်ရှုပက လှပ



www.burmeseclassic.com

www.burmeseclassic.com



[illegible]လေခြင်း။”

စာအုပ်ကို ဟောသာနွယ်ဝင်း ယူကာ ဖတ်လိုက်သည်။ ခဏအကြာ ပြုံးလိုက်ပြီး ... ကြည်မင်းခန့်ကို ကြည့်သည်။

“သိရင် အအေးဝယ်တိုက်မှာလား”

“ဒါပေါ့ ဒါပေါ့ ... ”

“ဒါဆို ငါလည်း ice coffee တစ်ခွက်မှာမယ်နော် ကြည်မင်းခန့် ... ”

“ဟာဟ ... နင်တော်သားပဲ”

“အောင်မာ လွယ်လွယ်လေးကိုများ ... ”

“ငါ့သူငယ်ချင်း ကောင်းမလေးတွေဆို ရှေ့နာမည်နှလုံးထိပဲ မှန်ကြတယ်၊ ကြည်မင်လှတဲ့ နောက်တစ်ယောက်ကလည်း ကြည်မင်း လှပလားဆိုတာပါသေး ... ”

“နင်ကလည်းဟာ ယောက်ျားတစ်ယောက်ကို လှတယ်လို့ ဘယ်သူကမှ မပြောဘူး ... ချောတယ်၊ ခန့်တယ်၊ ကြည့်ကောင်းတယ် ... ဒါပဲ အပြောများတာ၊ အဲဒီထဲကမှ ငါစဉ်းစားလိုက်တာ ကြည်မင်း ကြည့်ကောင်းဆိုတာလည်း မဖြစ်နိုင်ဘူး၊ နင့်စာထဲမှာလည်း ချောကပါပြီးပြီပဲ ... ဒါကြောင့်မို့ ခန့်လို့ ငါထင်လိုက်တာ မှန်တယ် မဟုတ်လား”

“အင်း ... တော်တယ်”

“ဒီတစ်ခါ နင့်အလှည့်ပဲ”

“အမ် ... ”





ကြည်မင်းခန့် အအေးခွက်ကို သောက်ရန် လှမ်းအယူ ဟောသာနွယ်ဝင်းက ဖျတ်ခနဲဆွဲယူထားလိုက်ပြီး ပြောလိုက်သည်။

“ငါမေးတာ ဖြေနိုင်မှ တစ်ငုံသောက်ရမှာ”

“နင်ကလည်းဟာ ... ”

“ဘာလဲ ... မဖြေဘူးလား ... နင်နဲ့ငါ့ကြားမှာ စကားဆိုလို့ ညဏ်စမ်းတွေပဲရှိတာ ကျန်တဲ့စကားတွေဆို ငါက မပြောဘူး၊ နင်မဖြေချင်လည်း စကားမပြောကြပဲ ထိုင်နေရုံပေါ့ ... ”

ဟောသာနွယ်ဝင်းက အနိုင်နှင့်ပိုင်းကာ ပြုံးစိစိလုပ်ရင်း ပြောသဖြင့် ကြည်မင်းခန့်ခေါင်းကို ညိတ်လိုက်သည်။

“ပြောဟာ ... ပြော”

“အိုကေ ... အဖွင့်ပြေပေါ့ဟာ ... ”

“ဟုတ်ပါပြီ ... ပေါက်တတ်ကရသာ မေးစမ်းပါ”

“ဟဲ ဟဲ ... ဒီလိုဟာ လှပြည့်နေ့မှာ ကတ္တရာလမ်းက မည်းနက်နေတာပဲ၊ အဲဒီ ကတ္တရာလမ်းမှာ တစ်ကိုယ်လုံး မည်းမည်းတူးတူးကြီးဖြစ်နေတဲ့ ကုလားမကြီးက အင်္ကျီအမည်းကိုဝတ်ထားတယ်၊ သေချာနားထောင်နော် ... အဲဒီ ကုမလားမကြီးက လုံးဝကို အမည်းဖြစ်နေတာ”

“မျက်လုံးလေးတောင် မမြင်ရဘူးလား”

“မမြင်ရဘူးဟာ ... တကိုယ်လုံးမည်းနေပါတယ်ဆိုမှ”

“သြော် ... သြော် ဆက်ပြော”

“အဲဒီ ကုလားမကြီးက လမ်းလျှောက်လာတုန်း ကားတစ်



www.burmeseclassic.com

www.burmeseclassic.com



စီးကလည်း မီးလုံးမဖွင့်ပဲ မောင်းလာတာ … အဲဒီ ကားမောင်းတဲ့ လူက မျက်မှန်ထူကြီးတပ်ထားတာဟ … သူက မောင်းလာရင်း ကုလားမကြီး အနားလည်းရောက်ရော ကျွီခနဲပဲရှောင်ပြီး မောင်းသွားတာ ဘာဖြစ်လို့လဲ … ”

“အမ် … ”

“ဖြေလေ … ဖြေ … မဖြေရင် ငါတစ်ငုံသောက်မှာနော်”

ကြည်မင်းခန့် ခေါင်းကိုကုတ်လိုက်ပြီး စဉ်းစားသည်။ ဟေသာနွယ်ဝင်းကတော့ တဟိဟိနှင့်ရယ်နေသည်။

“တစ်ကိုယ်လုံးလည်း မည်းနေတယ်၊ ကားမောင်းတဲ့ လူက လည်း မျက်မှန်တပ်ထားသေးတယ်၊ ဒါဆို ကားလမ်းကချိုင့်ကို နင်းမိပြီး ကားကရှောင်သလိုဖြစ်သွားတာ နေမှာပေါ့ … ”

“ကားလမ်းကလည်း ဖြောင့်ဖြူးနေတာပဲ”

ကြည်မင်းခန့် စဉ်းစားမရတော့သဖြင့် ဟေသာနွယ်ဝင်းကို ရယ်ပြလိုက်သည်။

“နင် ပန်းပေးပြီလား … ဒါဆို ငါတစ်ငုံသောက်ပြီနော်”

“အင်း … အဖြေပြောတာ”

ဟေသာနွယ်ဝင်းက လေအကုန်စုကာ ပိုက်ထဲအားစိုက်ပြီး အားရပါးရ တစ်ငုံစုတ်လိုက်သဖြင့် အအေးက တဝက်လုလု ကျိုးသွားသည်။ ပြီးမှ လျှာသတ်လိုက်ပြီး ပြောသည်။

“နင် တော်တော်ပိန်းတာပဲ … လပြည့်နေ့လို့ ငါကပြောတာလေ၊ လပြည့်ညလို့မှ ငါမပြောမိပဲ … ”





“အော … နင်က လူလည်လုပ်တယ်ပေါ့”

“နေဦး … ငါ့မေးခွန်းက မပြီးသေးဘူး”

“ဟင် … မပြီးသေးဘူးလား”

“အေး … နားထောင် တစ်ငုံကြေးပဲ”

ကြည်မင်းခန့် အအေးခွက်ကို ကြည့်လိုက်သည်။ နှစ်ငုံစာလောက်တော့ ကျန်ပါသေးတယ်။

“ဒီလိုဟာ … သူခိုးတစ်ယောက်ရှိတယ်၊ အဲဒီသူခိုးက အရမ်းလည်း ခိုးတယ်၊ အရမ်းလည်း တော်တယ်၊ အဲဒါကြောင့်မို့ တစ်ခါမှ မမိဘူး၊ ရွာသူ ရွာသားတွေကလည်း ဘုရင်ကို တိုင်ကြတာပေါ့ဟာ … နောက်ဆုံးတော့ ရာဇဝတ်ဘေး ပြေးမလွတ်ပါဘူး မိသွားရော … ရွာသူရွာသားတွေက သတ်ပေးပါလို့ တောင်းဆိုတယ်၊ ဒါပေမဲ့ ဘုရင်က စဉ်းစားတယ်၊ ဒီသူခိုးက တော်တယ်လို့လည်း သူသိထားတယ် … နောက်ပြီး လူ့အသက်တစ်ချောင်းကလည်း ရှိတယ် မဟုတ်လား”

“အင်း … ”

“အဲဒီတော့ ဘုရင်က အမိန့်ချလိုက်တယ်၊ ဘောလုံးကွင်းကြီးထဲမှာ သူခိုးနဲ့အတူတူ ခွေးတစ်ကောင်ကို ထားထားတယ်၊ ဘေးမှာလည်း လက်နက်ကိရိယာတွေ အစုံအလင်ရှိတယ်ဟာ … အဲဒီ သူခိုးက ခွေးကိုသတ်ရမှာတဲ့၊ ကြိုက်တဲ့ လက်နက်သုံးခွင့်ရှိတယ်၊ ဒါပေမယ့် တစ်ခုတော့ မှာလိုက်တယ်၊ အဲဒီ သူခိုးက အားနဲ့ခွေးကို ထိုးသတ်လိုက်ရင် ဘုရင်ကလည်း သူ့ကိုအဲဒီအားနဲ့ ပြန်ထိုး



www.burmeseclassic.com

www.burmeseclassic.com



သတ်မယ်၊ ပုဆိန်နဲ့ ခွေးကိုသတ်ရင် သူ့ကိုလည်း အဲဒီပုဆိန်နဲ့ ပြန်ခုတ်မယ်တဲ့၊ နောက်ဆုံး တစ်ခုမှာတာကတော့ ခွေးတစ်ကိုယ်လုံး အပိုင်းပိုင်း မပြတ်ဘဲသေသွားခဲ့ရင် အဲဒီသူခိုးကို မသတ်ပဲ လွှတ်ပေးလိုက်မယ်လို့ ပြောလိုက်တယ် … အဲဒီ သူခိုးက ခွေးကို သတ်လိုက်နိုင်တယ်ဟာ … ဒါပေမယ့် ဘုရင်ကြီးက သူ့ကို သတ်လို့မရဘဲလွှတ်ပေးလိုက်ရတယ် … သူ ဘယ်လိုသတ်လိုက်တာလဲ"

"အဆိပ်ကျွေးလိုက်တယ်"

"အဲဒါဆို ဘုရင်ကြီးက သူ့ကိုလည်း အဆိပ်ပြန်ကျွေးမှာ"

"ဟင်း … ခွေးရဲ့ နှုတ်သီးကို ဖြတ်ရိုက်လိုက်တယ်"

"အဲဒါဆို ဘုရင်ကြီးကလည်း သူ့မျက်နှာကို ခွေးလိုပဲ မသေမချင်း ဖြတ်ရိုက်မှာ"

"ဟား … တော်တော်ဆိုးတဲ့ ဘုရင်ပဲ"

"ဖြေပါ … ဟဟား … ဖြေပါ … ငါသောက်လိုက်ရတော့မလား"

"မသိဘူးဟာ … "

"ဟဟား … သောက်ပြီနော်"

ဟောသာနွယ်ဝင်း ဒုတိယအကြိမ် တစ်ငုံကို ခုနကပြောသလိုပဲ အားပါပါနှင့်စုပ်လိုက်သဖြင့် အအေးတစ်ငုံစာသာ ကျန်တော့သည်။

"အဖြေပြော … "

"အဖြေကလား လွယ်လွယ်လေးပါ … အဲဒီ သူခိုးကလေ





ခွေးရဲ့အမြီးကနေကိုင်ပြီး ဟိုဘက်ကို ကိုင်ပေါက်လိုက် ဒီဘက်ကို ကိုင်ပေါက်လိုက်နဲ့ လွှဲလွှဲရိုက်လိုက်တာ ခွေးကသေရော … "

"ဟ … ဘုရင်ကြီးကလည်း သူ့ကို လွှဲလွှဲရိုက်မှာပေါ့ဟာ"

"ဘယ်မှာလဲ အမြီး … အဲဒီလူမှာ အမြီးမှမရှိတာ … ခွေးက တစ်ကိုယ်လုံး အပိုင်းပိုင်းမပြတ်ဘဲ သေသွားတဲ့အတွက် သူခိုးကို လွှတ်ပေးလိုက်တာ … ဟ ဟား … "

"ဟာ … နင် ဒါတော့ ညစ်ပတ်တယ်"

"ဘာဖြစ်လဲ … ဘာဖြစ်လဲ … ကဲ နောက်ဆုံးတစ်ငုံကိုတော့ ငါ့ရဲ့ နောက်ဆုံးမေးခွန်းလေးနဲ့ အဆုံးသတ်ရအောင်လား"

"မေးဟာ ငါရအောင်ဖြေမယ်"

"ကြိုက်တယ် ငါ့မေးခွန်းကို ပေါ်တယ်လို့တော့ နင်မပြောနဲ့နော် … "

"မပြောပါဘူး နင်က နဂိုထဲက ပေါ်နေတာပဲဟာ … "

"နင်နော် … "

"စတာပါ … စတာ ပြော … "

"အိမ်တစ်အိမ်မှာ ရတနာသေတ္တာတစ်ခု ထားထားတယ်၊ အဲဒီ အိမ်မှာ အိမ်စောင့်လေးယောက်က မအိပ်ပဲရပ်စောင့်ကြည့်နေရတယ် … အဲဒီအိမ်နဲ့ မလှမ်းမကမ်းက ချုံထဲမှာ သူခိုးတစ်ယောက်ရှိနေတာကို မသိဘူး"

"နင်ကလည်း သူခိုးဇာတ်ထဲကကို မထွက်ပါလား"

"နားထောင်စမ်းပါ အဲဒီ စောင့်တဲ့လူလေးယောက်နဲ့ မိတ်



www.burmeseclassic.com

www.burmeseclassic.com



ဆက်ပေးမယ် ... ဘုန်းကြီးရယ်၊ ကုလားဆာမိရယ်၊ အာရာရား ရယ်၊ ထင်းခုတ်သမားရယ် ... "

"နင်ဟာကလည်းဟာ ဘာတွေမှန်းလည်းမသိဘူး ... "

"မရှည်ပါနဲ့ ငါ့ဘာသာ ထားချင်တဲ့အစောင့်ထားမှာပေါ့၊ နင်သာ မြန်မြန်ဖြေ ငါ့အတန်းတက်ရဦးမှာ ... "

"အေးပါ ... "

"အဲဒီလေးယောက်က မပြတ်စောင့်ကြည့်နေတာဟာ၊ ဒါပေမဲ့ သူခိုးက ရအောင်ဝင်ခိုးသွားတယ်၊ သူတို့ဘာလုပ်နေတဲ့ အချိန်မှာ ဝင်ခိုးတာလဲ ပြော ... "

ကြည်မင်းခန့် ဟေသာနွယ်ဝင်းကို မျက်မှောင်ကြုတ်ကာ ကြည့်သည်။ ခဏအကြာတွင် ဟေသာနွယ်ဝင်းက နာရီကို မျက်စပစ်ပြသဖြင့် ကြည်မင်းခန့် အအေးခွက်ကိုကြည့်ကာ ခေါင်းခါပြသည်။

"ပြောကြည့်ပါဦးဟာ ... "

"သူတို့အိမ်သာ သွားနေတဲ့အချိန် ... "

"လေးယောက်လုံးက အိမ်သာကို တပြိုင်ထဲမသွားဘူး"

"သူခိုးက ဓားနဲ့ဝင်တိုက်ပြီး ယူသွားတာ"

"အဲဒီ သူခိုးက သိုင်းလည်းမတတ်ဘူး၊ ဓားလည်းမပါဘူး၊ အချောင်သူခိုး ... "

"မသိဘူးဟာ ... မသိဘူး"

"ဟ ဟ ... သောက်ပြီနော်"





ဟေသာနွယ်ဝင်းတစ်ယောက် အအေးကို ကုန်သည်အထိ ရှုတ်ရှတ် သောက်လိုက်ပြီးမှပြောသည်။

"ဘုန်းကြီးက ဘုရားရှိခိုးတော့ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ဓမ္မံ သရဏံ ဂစ္ဆာမိ"လို့ ဆိုတော့ ကုလားဆာမိက သူ့ကိုခေါ်တယ် ထင် ပြီး ဘုန်းကြီးဆီသွားတယ်၊ ဘုန်းကြီးက သူမခေါ်ဘူးလို့ပြောရင်းက ရန်ဖြစ်ပြီး ဖိုက်နေကြရော ... ထင်းခုတ်သမားကလည်း ထင်းခုတ် ရင်း လက်ထိသွားတော့ "အာရာရား အာရာရား"လို့ အော်တယ်၊ အာရာရားက သွားတော့ သူ့ကိုမခေါ်ပါဘူး ပြောရင်း ရန်ဖြစ်ကြ ပြန်ရော အဲဒီအချိန်မှာ သူခိုးကဝင်ခိုးတာ ... bye bye သွားပြီ အရူး ရေ ... "

"လက်ထိတ် နင်ငါ့ကို လူလည်ကျတယ် ... "

ဟေသာနွယ်ဝင်း လက်ပြကာ ပြေးထွက်သွားသဖြင့် ကြည် မင်းခန့် ကျန်ခဲ့သည်။ နာမည်နဲ့လည်း လိုက်ပါပေ့။ သူ့စကားနဲ့သူ လက်ထိတ်ခတ်သွားလိုက်တာ ကိုယ့်မှာတော့ ချုပ်မိရက်သားဖြစ် သို့ ... ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၃ )

နေလရောင်နှင့် လင်းရာတို့ အတန်းချိန်လစ်သွားသဖြင့် ကဲန်တင်းတွင် ရှိနိုင်သည်ဟု လွှန်းဆက်အိမ် ကောက်ချက်ချသည်။ ကြည်မင်းခန့်ကို ပခုံးဖက်ရင်း အာဘောင်အာရင်းသန်သန် ပြောနေပြန်သည်။

"ကံကြမ္မာက ဆန်းကြယ်တယ်ကွာ … ငါ့ကိုယ်ငါ လူမှုဟုတ်ရဲ့လားလို့တောင် ထင်နေတာ … အခုလိုကျတော့လည်း လူတိုင်းက ငါ့ကို king လို့ သတ်မှတ်ကြသားပဲ"

"ကင်းဆိုတာ လူမှုမဟုတ်ဘဲ ခြေထောက်တွေအများကြီးနဲ့ ကင်းခြေများကို အတိုကောက် အနေနဲ့ ကင်းလို့ခေါ်တာ ကင်းဆိုတဲ့ နာမည်ရလိုက်တာနဲ့ ခြေများကြတော့တာပဲ"

"အောင်မာ … ဟောကောင် ငါက ခြေမများပါဘူး၊ ခြေပဲ ရှုပ်တာပါ ဟဲ … ဟဲ"

"အတူတူပဲလေ ခြေများမှတော့ ခြေရှုပ်တော့မှာပေါ့ … "





"ဘာပဲပြောပြော … ဒါ ငါ့ကံကြမ္မာပဲ … မင်းလိုကောင် ဆောင် ငါ့ကံကြမ္မာကို လိုက်မမီဘူး မဟုတ်လား … "

"ကံကြမ္မာကို သိပ်မယုံနဲ့ကွ … ပုံပြင် တစ်ပုဒ်ပြောပြမယ် နားထောင်မလား"

"မဟုတ်က ဟုတ်ကဆိုရင်တော့ နားထောင်မယ် … ပြော"

ကြည်မင်းခန့် လွှန်းဆက်အိမ်ကို စောင့်ကြည့်လိုက်ပြီး စကားကို စသည်။

"ပုံပြင်ထဲမှာကွာ လူနှစ်ယောက် စက်ဘီးစီးလာကြတယ်၊ တစ်နေ့ရောက်တော့ ဒုတိယလူက စက်ဘီးကို ရုတ်တရက်ကြီး ပြောင်းပြန် နင်းပါလေရော … စက်ဘီးဆိုတာကလည်း မင်းလည်း သိမှာပါ … ဘယ်လိုလုပ် နောက်ပြန်ကြီး နင်းလို့ရမှာလဲ … သူက သမ်းကို ကျောပေးပြီးနင်းတယ်၊ မရလည်း ရအောင်နင်းနေတော့ ပထမလူက ပြောတယ် … ခင်ဗျား ရူးနေလားပေါ့ … စက်ဘီးကို ဘယ်လိုလုပ် နောက်ပြန်နင်းနေတာလဲလို့ မေးတော့ … ဒုတိယ လူက ပြောတယ်"

"ဘာပြောလဲ … "

"တစ်ခါတစ်ခါမှာ မမြင်ရတဲ့ ကံကြမ္မာဆိုတာ နောက်က လာတာတဲ့ … အဲဒါကြောင့် မမြင်ရတဲ့ ကံကြမ္မာကို ရင်ဆိုင်ကြည့်ချင်လို့ အခုလို နင်းနေတာလို့ ပြောတယ် … သူပြောပြီး သိပ်မကြာဘူး ကုန်တင်ကားတစ်စီးက ဒုတိယလူကို ဝင်တိုက်လိုက်တာ ပွဲချင်းပြီး သေပါလေရော … အဲဒီကျမှ ပထမလူက ဒုတိယလူကို ကြည့်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်တယ် ... တစ်ခါတစ်ခါမှာ မမြင်ရတဲ့ ကံကြမ္မာဆိုတာ ရှေ့ကလည်း လာတတ်ပါတယ်ဗျာတဲ့ ... ဘယ်တော့မှ ကံကြမ္မာကို မယုံစားလေနဲ့တဲ့ ... "

"ဟော့ကောင် မင်းဒါတော့ လောကကြီးကို အနိတုပြီး ပြောလိုက်တာပဲ ... လူရယ်လို့ ဖြစ်လာရင် ကံကြမ္မာဆိုတာက ပူးတွဲပါလာမှာပဲ ... မင်းက ကံကြမ္မာကို မယုံဖူးပေါ့ ... ဟုတ်လား"

"ကံဆိုတာ လူလုပ်လို့ ဖြစ်တာကွ ... နော်၊ ဘာအလုပ်မှ မလုပ်ပဲ ကံမကောင်းလိုက်တာလို့တော့ မငြီးသင့်ဘူး ... "

"လုံထမ်းတာလာသာ မြင်ရတယ်တဲ့ ... ကံထမ်းလာတာကို မမြင်ရဘူးတဲ့ ... အဲဒါ မင်းသိလား ... "

"ဟော့ကောင် လွန်းဆက် ... မော့ပြီး လမ်းလျှောက်ရုံနဲ့ ကံကိုတိုက်ပြီး ရွှေထုပ်ကျမလာဘူး ... ငုံ့ပြီးလမ်းလျှောက်မှ ရွှေထုပ်က ကောက်ရတတ်တာ သဘောပေါက်ကွ ... နောက် စကားပုံလည်းရှိသားပဲ ... ကံကိုယုံပြီး အီးပုံမနင်းနဲ့တဲ့"

"ဆူးပုံပါကွာ ... "

"ဒီလိုမြို့ပေါ်မှာ ဆူးကဘယ်နေရာမှာရှိမှာလဲ ... ပြော"

"ပေါက်တတ်ကရ မပြောနဲ့ ... ဈေးထဲမှာဆို နှင်းဆီပန်းရိုးက ဆူးရှိနိုင်တာပဲ၊ ကင်ပွန်းခက်မှာလည်း ရှိတာပဲ"

လွန်းဆက်အိမ်နှင့်ကြည်မင်းခန့်တို့ ငြင်းခုန်ရင်း ကံန်တင်းရှေ့ ရောက်လာကြသည်။ ကြည်မင်းခန့်ကလည်း အရှုံးမပေး လွန်းဆက်အိမ်ကလည်း အနိုင်ယူလိုသည်။ နေလရောင်ဘေးတွင်





ကြည်မင်းခန့် ခုံဆွဲထိုင်လိုက်သဖြင့် လင်းရာဘေးတွင် လွန်းဆက်အိမ် ဝင်ထိုင်သည်။ နေလရောင် စကားကြောင့် စကားစပြတ်သွားသည်။

"လက်ထိတ်ကို တွေ့လိုက်တယ်၊ သူ့ဘေးနားမှာ ဘဲတဇွေနဲ့ကွ ... ဒီကောင်လည်း ကြည်မင်းခန့်လိုပဲ ညဏ်နီဉာဏ်နက်နဲ့ ချူပ်လိုက်တာလား မသိဘူး ... ရှုပါဂလူးတောင် ဒီကောင့်လောက်ကပ်မှာ မဟုတ်ဘူး ... "

"ဘယ်မှာ တွေ့လိုက်လို့လဲ"

ကြည်မင်းခန့် မေးလိုက်ခြင်းဖြစ်သည်။ လင်းရာက ကံန်တင်းအပြင်ဘက် မေးငေါ့ကာ ပြောသည်။

"ဒီရှေ့က ဖြတ်သွားတာပဲ ... လက်ထိတ်က အပေါက်သာဆိုးတာ မျက်နှာလေးက ကလေးဆန်တော့ ဘယ်ကောင်နဲ့တွဲသွားသွား ငါ့မျက်စိထဲ သားအဖတွေလိုပဲမြင်တယ် ... "

"ငါ့ကို ပြောတာလား ... "

ကြည်မင်းခန့်က စိတ်တိုသည့်လေသံနှင့် မေးလိုက်သဖြင့် လင်းရာတစ်ယောက် ခေါင်းခါကာပြောသည်။

"မင်းနဲ့ဆိုရင်တော့ ... အင်း ... မထူးပါဘူး ... ကြည်မင်းခန့်ရာ မင်းပဲ 'မ' သွားပါတော့ ... ငါ လက်လျှော့လိုက်ပါပြီ"

"ဒါဖြင့် သွား'မ'လိုက်ဦးမယ်၊ ဒီကစောင့်နေ ... သူတို့ အပြင်ဘက်သွားတာလား"

"အေး ... "



www.burmeseclassic.com

www.burmeseclassic.com



ကြည်မင်းခန့် ပြေးလိုက်သွားသဖြင့် ဟောသာနွယ်ဝင်းကို တွေ့လိုက်သည်။

သူ့ဘေးနားက လူကလည်း နေလရောင်ပြောသလိုပင်။ ရုပါ ဂလူးတောင် ဒီလူလောက် ကပ်မည်မထင်။ ခပ်တည်တည်နှင့် အနောက်မှ မေးလိုက်ပြီး ချောင်းဟန့်လိုက်သဖြင့် နှစ်ယောက်သား လှည့်ကြည့်သည်။

"လက်ထိတ် ... ဘယ်လဲ"

ကြည်မင်းခန့်က ဟောသာနွယ်ဝင်းကို "လက်ထိတ်"ဟု ခေါ်လိုက်သဖြင့် ဟောသာနွယ်ဝင်း မျက်နှာကြီး မဲ့သွားသည်။ သူ့ဘေးက ငနဲကလည်း ကြည်မင်းခန့်ကိုကြည့်သည်။

"ဒါ ... နင့်အစ်ကိုလား ... တွေ့ရတာဝမ်းသာပါတယ်၊ ကျွန်တော် ကြည်မင်းခန့်ပါ ... နောက်လည်း လမ်းကြုံရင် ကျောင်းကိုလာလည်ပါဦး၊ ကဲန်တင်းမှာ တွေ့ရင်လည်း မုန့်ကျွေးဖို့လှမ်းခေါ်နော် ... နေတာကတော့ အိမ်မှာ၊ အဖေနဲ့ အမေရှိတယ် ... အဘိုးနဲ့ ကျွန်တော်နဲ့ဆို လေးယောက်ပေါ့ ..."

ကြည်မင်းခန့်က ထိုလူကို ကြည့်ကာ ရေပက်မဝင်ပြောနေသဖြင့် ထိုလူကလည်း ခေါင်းတညိတ်ညိတ် လုပ်နေရရှာသည်။ ဟောသာနွယ်ဝင်း တစ်ယောက် ကြားကနေ စိတ်တိုသွားပုံရသည်။ ကြည်မင်းခန့်ကို မျက်လုံးပြူးကြည့်ကာ ...

"နင် ဘာတွေပြောနေတာလဲ ... ဒါ ... ငါ့အစ်ကို မဟုတ်ဘူး၊ ငါ့ အသိ ... ကျောင်းကိုလာလည်တာ"



"သြော် ... ဟုတ်လား၊ ရောက်တုန်း ရောက်ခိုက်လာဗျာ၊ ကဲန်တင်းသွားရအောင် ကျွန်တော် ဒကာခံပါ့မယ်"

"ဟုတ် ... ဟုတ်ကဲ့"

ကြည်မင်းခန့် ထိုလူကို ပခုံးဖက်ကာ ကဲန်တင်းဘက်သို့ ဆွတ်ဆွဲခေါ်လာသဖြင့် ဟောသာနွယ်ဝင်း ကျန်ခဲ့သည်။ ဒေါပွကာ ကျန်နေခဲ့ခြင်း ဖြစ်သည်။ ကဲန်တင်းထဲသို့ ထိုလူ့ကို ပခုံးဖက်ဝင်လာသဖြင့် လွန်းဆက်အိမ်က အရင်ဆုံး ကောက်ချက်ချသည်။

"ကြည်မင်းခန့်တော့ ပစ်မှတ် မှားလာပြီထင်တယ်"

လွန်းဆက်အိမ်စကားကို လင်းရာက မျက်မှောင်ကြုတ်ကာ ပြောပြန်သည်။

"မဟုတ်ဘူး ... ဒီကောင် စိတ်ပြောင်းသွားတာဖြစ်မယ်"

နေရောင်ကလည်း တမျိုးဝေဖန်ပြန်သည်။

"ဒါ လက်ထိတ်ကို အရွဲ့တိုက်ပြီး ဒီလူကို တွဲတာပဲဖြစ်မှာ"

ကြည်မင်းခန့် မျက်နှာပေါ်မှအပြုံးကို သုံးယောက်သား ကြည့်နေကြသည်။

"ထိုင် အစ်ကို ... ဘာသောက်မလဲ ... ဟောကောင်တွေ ဒါ ငါ့အစ်ကိုကြီးနော် ... မိတ်တော့မဆက်ပေးတော့ဘူး"

"သြော် ... မိတ်ဆက်ပေးနေပြီ မဟုတ်ဘူးလား"

"အင်ထရိုဝင်တာလေ ... မိတ်ဆက်ရအောင် နာမည်မှမသိ ဘဲ"

ကြည်မင်းခန့်စကားကို ထိုလူက ပြုံးပြီးပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို့နာမည်က စိုးမြတ်နောင်ပါ"

"သြော် ... စောင်မြတ်နိုးပေါ့ ... "

လွှန်းဆက်အိမ် ဝင်ဖောက်သဖြင့် ကြည်မင်းခန့် မျက်လုံးပြူးပြလိုက်သည်။ ပြီးမှ ထိုလူ့ကို ကြည့်ပြီးမေးသည်။

"အစ်ကိုက ဘယ်ကျောင်းကလဲ"

"အစ်ကိုက ယဉ်ကျေးမှုတက္ကသိုလ်ကပါ"

"ဟာ ... ကောင်းတယ်ဗျာ ကောင်းတယ်"

ရုတ်တရက်ကြီး ထောက်ခံသူက လင်းရာဖြစ်သည်။ ဘာက ဘယ်လို ကောင်းသလဲတော့ မပြောတတ်၊ ကာယကံရှင်ထက်ပင် လင်းရာက ပိုကောင်းကြောင်း ထောက်ခံနေပြန်သည်။ ကြည်မင်းခန့်ကတော့ သူခေါ်လာပြီး သူနဲ့မဆိုင်သလို နေသည်။ နေလရောင်က စိုးမြတ်နောင်ကို အကဲခတ်ကြည့်လိုက်ပြီး ပြောသည်။

"အစ်ကိုလည်း လက်ထိတ်ခတ်ခံရလာပုံပဲ ... "

"ဗျာ ... "

"နေလရောင်ရာ လက်ထိတ်ကို ဒီအစ်ကိုက ဘယ်သိမလဲ၊ ဟေသာနွယ်ဝင်းကို ပြောနေတာ အစ်ကိုရ ... "

"သြော် ... "

နေလရောင် စကားကို လင်းရာက ပြန်ဖြေပေးလိုက်ပြီး ကြည်မင်းခန့်ကို ကြည့်သည်။ ကြည်မင်းခန့် မသိမသာ မျက်လုံးနှင့် မျက်ခုံးပင့်ပြလိုက်သဖြင့် လွှန်းဆက်အိမ်တို့ သဘောပေါက်သွားသည်။





"အစ်ကို ခဏထိုင်နှင့်ဦး၊ ကျွန်တော့် ကိစ္စသွားလျှော့လိုက်ဦးမယ်"

ကြည်မင်းခန့် ကဲန်တင်းနောက်ဖေးဘက်သို့ ဝင်သွားလိုက်ပြီး အနောက်လမ်းကြားမှ ဟေသာနွယ်ဝင်းရှိရာသို့ တရှိန်ထိုး လစ်ပြေးတော့သည်။ RCတွင် ထိုင်နေသော ဟေသာနွယ်ဝင်းက မျက်နှာစူပုတ်ပုတ်နှင့် အလိုမကျသလို ထိုင်နေသဖြင့် အနားရောက်မှ "ဝါး" ခနဲအော်လိုက်သည်။

"အမလေး ... အမေကြီးရဲ့ ... "

"ဟဲ ဟဲ ... ငါပါဟ နင့်အမေက အိမ်မှာပဲရှိမှာပေါ့"

ကြည်မင်းခန့်ကို ဟေသာနွယ်ဝင်း မျက်စောင်းထိုးလိုက်ပြီး ဟိုရှာ ဒီရှာ ရှာနေသည်။

"ဘာရှာတာလဲ"

"ငါ့လူရော ... "

"နင့်လူလား ... "

"ဟုတ်တယ် ... "

"ငါ့လူ ဖြစ်နေပြီ"

"နင် အဲဒါတော့ မကောင်းဘူးဟာ၊ ဒါပေမယ့် ကိစ္စမရှိလောက်ပါဘူးလေ ... ကိုစိုးက နင့်ကိုကြိုက်မှာ မဟုတ်ပါဘူး"

"အာ ... ငါကရော ကြိုက်စရာလားဟဲ့၊ ငါ့ဘော်ဒါတွေနဲ့ စကားပြောနေတယ် ... "

"ဘယ်မှာလဲ ... ကဲန်တင်းမှာလား ... ငါလိုက်သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ … ဩော် … ဘယ်လိုဖြစ်နေတာလဲ၊ နှင့် လူလို ဆင်ကိုးစီးစားမကုန်တဲ့ ခန္ဓာမျိုးနဲ့ ငါ့သူငယ်ချင်းတွေက ကိုက်မစားပါဘူးဟာ … အေးဆေးပေါ့ … ငါနှင်နဲ့ စကားပြောချင်လို့"

"လာရောတာလား … "

"ဟုတ်ဖူး … လာရှိုးတာ"

"အာဖြန်ရှိုးတွေ လက်မခံဘူး"

"ဩော် … လက်ထိတ်ရယ် … နင်ကလေ လူကိုခတ်ချင်ခတ် မခတ်ချင် လက်ထိတ်ပြပြီး ခြိမ်းခြောက်နေပါရောလား"

"အရူးနော် … ငါ့ကို လူရှေ့မှာ လက်ထိတ် လက်ထိတ်နဲ့ မခေါ်နဲ့ … ငါ မကြိုက်ဘူး"

"ကွယ်ရာမှာ ခေါ်ရင်တော့ ကြိုက်တယ်ပေါ့"

"နေစမ်းပါ … "

"နေနေတာပဲဟာ … နင် ပခုံးကိုမီချင်ရင်တော့ ကြိုပြောနော် … ငါ့ပခုံးကို စရုံလိုက်သတ်နေတဲ့ ကောင်မလေးတွေရှိလို့ သိလား … "

"အောင်မာ … အောင်မာ ငါက မှီစရာလား။ နှင့်မှီမဲ့အစားဘုန်းကြီးကျောင်းက တိုင်လုံးကြီးပဲ ပြေးဖက်လိုက်မယ်"

"ဆရာတော်က ကြိမ်လုံးနဲ့ ရိုက်မှာပေါ့။ ငါ့ကိုမှီရင် ငါကမရိုက်ပါဘူး … "

"ကြောင်မင်းခန့်နော် … "

"ဟာ … နင် ငါ့ကို နာမည်ဖျက်တယ်ပေါ့ … "





"ဟုတ်တယ် … ကြောင်တောင်တောင် ဖြစ်နေလို့ ကြောင်မင်းခန့်လို့ခေါ်တာ … "

"အေးပါ … ငါက နှင့်လိုနာမည် မဖျက်တတ်တော့ သူများခေါ်သလိုပဲ လက်ထိတ်လို့ ခေါ်ပစ်မယ်"

"ငကြောင်နော် … ငါ ကွန်ပါဘူးနဲ့ ပစ်လိုက်ရမလား"

"ဟယ် … နင် ခုထိ ကွန်ပါဘူးကြီးတိုင်နေတုန်းလား … ဟား ဟား ဟား … ကလေးလည်း မဟုတ်ဘဲနဲ့ … ပြစမ်းပါဦး၊ နှင့် ကွန်ပါဘူးကို … ကလေးတွေကိုင်တဲ့ ကားပုံစံလေးလား ဒါမှမဟုတ် ဝက်ဝံရုပ်ကလေးနဲ့လား ဟ ဟ … "

"အောင်မာ … ငါပြောတာ ဘောပင်ထည့်တဲ့ အိတ်ကိုပြောနေတာ ပစ်ပေါက်လိုက်လို့ … နှင့်ခေါင်းပါ ကွဲသွားမယ်"

"ဘာလဲ … အိတ်ထဲမှာ မှန်တို့ နှုတ်ခမ်းနီဘူးတို့ ပါလို့လား"

"နှင့် အလုပ်လား … "

"စတာပါဟာ … ငါ နှင့်ကို မေးစရာနဲ့ပြောစရာရှိတယ်၊ နှင်ဘာကို အရင်ဆုံးကြားချင်လဲ"

ကြည်မင်းခန့် ဟောသာနွယ်ဝင်းဘေးတွင် ဆောင့်ဆောင့်လေး ထိုင်ကာ ပြောလိုက်သဖြင့် ဟောသာနွယ်ဝင်း စဉ်းစားလိုက်သည်။ ခဏနေမှ …

"နှစ်ခုလုံး တပြိုင်တည်းပြော … "

"အမ် … ရပါတယ် ကိစ္စမရှိပါဘူး၊ နင်လည်း နှစ်ခုလုံးကို တပြိုင်တည်း ဖြေပြီးပြောရမှာနော်"



www.burmeseclassic.com

www.burmeseclassic.com



"ရတယ် ..."

"ဟုတ်ပြီ ... နင့်မှာချစ်သူရှိလား၊ ငါ နင့်ကိုချစ်တယ်"

ဟေသာနွယ်ဝင်း ကြည်မင်းခန့်စကားအဆုံးတွင် ခေါင်းတစ်ခါညိတ်ပြီး ခေါင်းပြန်ခါသည်။

"ဟ ... အဲဒါ ဘာလဲ ... ခေါင်းညိတ်တာ ငါ့ကိုကြိုက်လို့လား ..."

"နင် ပထမဆုံး မေးလိုက်တာကို ဖြေတာလေ ..."

"ဟင် ... ဒါဖြင့် နင့်မှာချစ်သူ ရှိတယ်ပေါ့"

"ဟုတ်တယ် ..."

"ကုန်ပါပြီဟာ ... ကုန်ပါပြီ"

"ဘာတုန်း ..."

"ငါအသည်းတွေ တစ်စစီကျိုးပဲ့ ကြေမွ ပြုတ်ကျကွဲအက်ပျောက်ရှ ..."

"အံမလေး တော်ပါတော့ ... တော်ပါတော့ ... ရှည်လျားနေလိုက်တာ ..."

"တကယ်ပါဟာ ... ငါ နင့်ကိုလေ ... တကယ်သိလား"

"မသိဘူး ... မပြောနဲ့"

"ရပါတယ်ဟာ ... နင် ငါ့ကိုမချစ်တော့ရင်လည်း ... စောင့်နေမယ်ဟာ စောင့်နေတယ် ... ရပ်စောင့်နေပါတယ် ... တစ်နေ့မလာနိုင်လည်း မနက်ဖြန်တိုင်း သက်ဆုံးထိစောင့်ဦးမယ်"

"အဲဒါ ခင်ဘုဏ်းသီချင်းကြီး ..."



"နင်က ခင်ဘုဏ်းကို မကြိုက်ဘူးလား ..."

"မကြိုက်ဘူး ... ငါက မိုးမိုးကိုပဲကြိုက်တာ ..."

"မနက်ကျရင် ထွက်ခဲ့ ... ချိန်းထားတာမမေ့နဲ့ ... ဘယ်သူမှ မသိတုန်း ခိုးထွက်လာခဲ့ပါ ..."

"အောင်မာ ..."

"လမ်းထိပ်မှာစောင့်မယ် ... ၁၅ မိနစ်ကြိုရောက်မယ် ... နော် ... တကယ်စောင့်နေ ... ငါ မနက်ဖြန်လာခဲ့မယ် ... သွားပြီ"

"ဟာ ... ကြည်မင်းခန့်"

ကြည်မင်းခန့်တစ်ယောက် ဟေသာနွယ်ဝင်းကို လက်ပြကာ ကဲန်တင်းဘက်သို့ ပြေးသွားတော့သည်။ ကဲန်တင်း အနောက်ဘက်လမ်းမှ ပြန်တာကာ ဆိုင်ထဲဝင်လိုက်သည်။ နေလရောင်တို့သတော့ တရားချနေတာလား တရားပြနေတာလား မပြောတတ်စကားပြောကောင်းနေကြဆဲ။ နေလရောင်ဘေးတွင် ခုံဆွဲထိုင်လိုက်ပြီး ...

"ဆောရီးနော် အစ်ကို ... အိမ်သာမှာ ကြာသွားတယ်"

"ရပါတယ် ညီလေးရာ ..."

"အစ်ကို ဆက်ပြောပါဦး ..."

လွန်းဆက်အိမ်က ကြည်မင်းခန့်ကို ဂရုမစိုက်ဘဲ စိုးမြတ်နောင်ကို အိုက်တင်အပြည့်နှင့် စိတ်ပါဝင်စားနေသယောင်ယောင်ရှိသည်။ နေလရောင်ရော လင်းရာပါ နားထောင်နေကြသဖြင့် ကြည်မင်းခန့်လည်း ငြိမ်နေလိုက်ရသည်။ စိုးမြတ်နောင်က [illegible]သွား

www.burmeseclassic.com

www.burmeseclassic.com



သော ကော်ဖီခွက်ထဲ ရေနွေးကြမ်းထည့်လိုက်ပြီး ဆက်ပြောသည်။ ဒီလူ့ကို ကြည့်ရတာလည်း ဘယ်အချိန်ထဲက ပြောချင်နေမှန်းမသိ။ အာဝဇ္ဇန်း ရွှင်ရွှင်နှင့် ဆက်ပြောသည်။

"လူတစ်ဦးစီမှာ ကိုယ်နဲ့စိတ်က ရုပ်နဲ့နာမ် အပေါင်းအစုပဲလေ ... အဲ ... အဲဒီ ရုပ်နဲ့နာမ်ကို ခန္ဓာဖွဲ့လိုက်ရင် ခန္ဓာငါးပါးရတယ်"

ကြည်မင်းခန့် နေလရောင်တို့ကို မသိမသာ အကဲခတ်လိုက်သည်။ တရားမနာချင်သည့် ကလေးများကို မွန့်ကျွေးမည်ဟု လိမ်ခေါ်ကာ နာခိုင်းခြင်းခံရသော ကလေးများနှင့်တူနေသည်။ ကိုယ်လည်း နားမလည်ပဲနှင့် အတင်းကြီးကို နားလည်နေတော့သည်။ စိုးမြတ်နောင် ဆိုသူကလည်း ကြည့်တော့သာ ယဉ်ကျေးမှု တက္ကသိုလ်ကတဲ့။ ဘုန်းကြီးလူထွက်လားတော့ မပြောတတ်။ သို့ပေမယ့်လည်း ကိုယ်မသိတဲ့ အရာကို ရှင်းပြနေသဖြင့် စိတ်ဝင်စားစွာ နားထောင်နေလိုက်ပါ၏။

" (၁) ရူပက္ခန္ဓာ အဲဒါက ရုပ်အစု

(၂) ဝေဒနာက္ခန္ဓာ ဒါက ခံစားမှုအစု

(၃) သညာက္ခန္ဓာ ကတော့ မှတ်သားမှုအစု

(၄) သင်္ခါရက္ခန္ဓာ ဆိုတာ စေ့ဆော်ပြင်ဆင်မှုအစုနဲ့

(၅) ဝိညာဏက္ခန္ဓာ ကတော့ သိမှုအစုဆိုပြီးခွဲခြားထားတယ်"

"သြော် ... "

ကြည်မင်းခန့်မှလွဲ၍ 'သြော်'လိုက်ကြသဖြင့် စိုးမြတ်နောင်





တစ်ယောက် ပီတိဘဝင် လေဟပ်သွားကာ ဆက်ပြောသည်။

"နာမ်နဲ့ရုပ်ဆိုတာ သီးခြားသဘောကိုဆောင်ပြီး တစ်ခုကို တစ်ခုကျေးဇူးပြုရင်း ယှဉ်တွဲနေကြတာပဲလေ ... နှစ်ခုစလုံးက မတည်မြဲကြဘူး၊ နာမ်က တစ်စက္ကန့်မှာ ကုဋေတစ်သိန်းမက ဖြစ်ပျက်တယ်၊ အဲ ရုပ်ကတော့ တစ်စက္ကန့်မှာ ကုဋေ ၅၈၀၀ ကျော် ဖြစ်ပျက်တယ်"

ကြည်မင်းခန့် ခေါင်းတညိတ်ညိတ်လုပ်နေသဖြင့် စိုးမြတ်နောင်ပြုံးပြန်သည်။ ဆက်ပြီး အသံကျယ်ကျယ်နှင့်ပြောသည်။

"သိပ္ပံပညာရှင်တွေကတော့ နာမ်တရားကို သူတို့ရဲ့ သိပ္ပံကိရိယာနဲ့ စမ်းလို့မှမရဘဲ ... အဲတော့ မယုံကြဘူး၊ ဒါပေမယ့် သူတို့ မငြင်းပယ်နိုင်ဘဲ လက်ခံလေ့လာနေကြတာတော့ရှိတယ် ... "

"အဲဒါ ဘာလဲဟင် ... "

လင်းရာက စာမကြေသေးသည့်ကလေးပမာ မျက်လုံးလေး အဝိုင်းသားနှင့် မေးသဖြင့် စိုးမြတ်နောင်က ပြန်ဖြေသည်။

"အဲဒါက သိပ္ပံနည်းယာမတွေနဲ့လည်း ရှင်းပြလို့ မရတဲ့ ကယ်လီသီ၊ ကလယ်ဗိုးယင့်၊ တယ်လီကိုင်းနက်စ်၊ ဆိုက်ကိုကိုင်းနက်ဆစ်စတဲ့ ပရစိတ်ပညာတန်ခိုးတွေပေါ့ ... "

"ဟာ ... ကျွန်တော်ကတော့ ယုံတယ်၊ အစ်ကိုပြောတဲ့ အထဲမှာ ဆိုက်ကိုဆိုတာပါတာပဲ ... ကျွန်တော်တို့အားလုံးက ဆိုက်ကိုမေဂျာသမားတွေဆိုတော့ ... အဲဒါတွေကို ယုံကြည်တယ်ဗျာ"

နေလရောင်က အားတက်သရော ပိုးစိုးပက်စက် ထောက်ခံနေသဖြင့် စိုးမြတ်နောင် သဘောကျနေပြန်သည်။ သို့သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



စကားကောင်းနေတုန်း ဟေသာနွယ်ဝင်း ရောက်လာသဖြင့် စိုးမြတ်နောင် စကားစဖြတ်လိုက်ပြီး ဟေသာနွယ်ဝင်းနှင့် ပါသွားသည်။

"မင်းတို့ကလည်းကွာ ... သူပြောတာတွေ တစ်ခုမှ ငါ နားမလည်ဘူး ... မင်းတို့ပဲ ထောက်ခံနေကြတယ်"

ကြည်မင်းခန့်က ရေနွေးခွက်ကို ကျင်းလိုက်ပြီး ရေနွေးထည့်ရင်းပြောသည်။ လွန်းဆက်အိမ်က စိုးမြတ်နောင်စကားကို ဆက်နားထောင်ချင်ပုံရသည် ... စိုးမြတ်နောင်၏ နောက်ကျောကို ငယ်ချစ်ဦးလို တသသကြည့်နေသဖြင့် ကြည်မင်းခန့် ဟောက်လိုက်သည်။

"လိုက်သွားလေ ... ဆက်နားထောင်ချင်သေးတယ် မဟုတ်လား ..."

"မဟုတ်ပါဘူး ... လက်ထိတ်နဲ့ သူနဲ့က သူငယ်ချင်းတွေတဲ့ မင်းကသာ ကိလေသာ ရှေ့တန်းတင်ပြီး ထွက်သွားတာ ..."

"ငါက ရည်းစားစကားတောင် ပြောလိုက်သေး"

ကြည်မင်းခန့် စကားကို လင်းရာမယုံသလိုနှင့် ကြည်မင်းခန့် မျက်နှာကို ဟိုဘက်လှည့်ကြည့် ဒီဘက်လှည့်ကြည့် လုပ်သည်။

"ဘာလုပ်တာလဲကွ ..."

"လက်ရာလည်း မတွေ့ပါလား"

"ပါးရိုက်ခံစရာလား ... ဒါလေး ပြောတာပဲ"

"ပြောလို့ မရဘူး ... လက်ထိတ်က လုပ်တတ်တယ်"

"အဲဒါဆို သူက လောကတရားကြီးကို ဆန့်ကျင်ရာကျမှာပေါ့၊ လူပျိုက အပျိုကို ချစ်လို့ရည်းစား စကားလိုက်ပြောတာပဲ





ငါကလည်း သူ့ကိုလက်ဆွဲပြီး အတင်းပြောတာမှ မဟုတ်တာ"

"ထားပါတော့ ဘာပြန်ပြောလဲ ..."

လွန်းဆက်အိမ်က စိတ်မရှည်သည့် လေသံနှင့်မေးသဖြင့် ကြည်မင်းခန့်ပြုံးလိုက်သည်။ ပြီးမှ ...

"သူ့မှာ ချစ်သူရှိတယ်ဆိုပဲ"

"ဟာ ... သူပြောတာလား"

လင်းရာက မစားရသည့်အမဲကို သဲနဲ့တော့မပက်ပါ။ နှမြောနေသလိုပုံစံနှင့် ပြောသည်။

"ဒါပေမယ့် ငါမနက်ဖြန် သူ့ကိုချိန်းလိုက်တယ်၊ သူ စောင့်နေရင်တော့ သူ့မှာ ချစ်သူမရှိဘူးလို့ပဲ ငါသတ်မှတ်တယ်"

"ကံကောင်းပါစေကွာ ..."

သုံးယောက်သား ပြုံးစိစိနှင့်ပြောလိုက်သဖြင့် ကြည်မင်းခန့် နှာခေါင်းရှုံ့လိုက်သည်။ မနက်ဖြန်အတွက် ဟေသာနွယ်ဝင်းကို ပဟေဠိဆန်ဆန် စကားများနှင့် ချုပ်ချင်သည်။ ကိုယ့်ဘက်ပါလျှင် ပြီးရောမျိုးတော့ မဟုတ်ပါ။ စကားလုံး လှလှလေးများကို ကြားညပ်ပြီး စစ်ခင်းချင်ပါရဲ့။

ကံကြမ္မာကြီးက ရှေ့ကလည်းမလာ နောက်ကလည်း မလာပါဘဲ အပေါ်မှပြုတ်ကျလာပါက ပွဲချင်းပြီးသွားနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၄ )

"အောင်မလေး ... သေပါပြီဗျ ... အား"

ကြည်မင်းခန့် ကျောင်းမသွားရသေးခင် အိမ်ရှေ့ဝင်နောက်ဖေးထွက်နှင့် စားပွဲခုံအောက်မှာ အုန်းခြစ်ကို ခြေထောက်နှင့်တိုက်မိသည်။ ဦးကျည်ပွေ့က ဆေးလိပ်ကြီး ဘေးချထားခဲ့ပြီး ထလာရင်း သူ့ အုန်းခြစ်ကို လှမ်းယူလိုက်သည်။ ကြည်မင်းခန့်ကတော့ သူ့ခြေထောက်ကို သူကိုင်ကာ ခုန်ဆွ ခုန်ဆွဖြစ်နေလေသည်။

"မင်းကွာ ... အုန်းခြစ်လေးတစ်ခုကိုတောင် မမြင်ပဲတိုက်ရသလား ... "

"အဘိုးကလည်း ဘာလို့ဒီအောက်မှာ ဒါကြီးကိုထားရတာလဲ ... ထားရင်လည်း ဟိုးအထဲထိ မထားဘူး၊ သားက တိုက်မိပြီ"

"ဟ ... ဟိုး အထဲထိမှ ထိုးထည့်လို့မရဘဲ ... ဒီမှာကြည့်"

ဦးကျည်ပွေ့က အုန်းခြစ်ကို စားပွဲခုံအောက်ထဲ ပြန်ထိုးထည့်ပြသည်။ ဟုတ်သားပဲ စားပွဲခုံအောက်က စာစောင်တွေနှင့်ခံကာ





အုန်းခြစ်က ရှေ့သို့ ထွက်နေသည်။

"အဲဒါဆိုလည်း အဘိုးရာ တခြားနေရာမှာထားပါလား"

"ဘယ်နားထားမလဲ ... အလွယ်တကူထားတာ ဦးရှင်ကြီးလာပင့်တော့ ငါက ငါ့ပစ္စည်းနဲ့ ငါသွားကူလုပ်ပေးတာကွ ... "

"အဘိုးဦးရှင်ကြီးကလည်း တစ်နှစ်ပတ်လုံး လုပ်နေမှာမှ မဟုတ်တာ၊ ဒါကြီးကို တခြားလူတွေ တိုက်မိကုန်ရင် ဘယ်လိုလုပ်မလဲ ... တော်ကြာ ... "

ကြည်မင်းခန့် စကားတောင် ပြောလို့ မဆုံးသေး ဦးလှမင်းတစ်ယောက် နောက်ဖေးမှ ခပ်သုတ်သုတ် ထွက်လာတာ အုန်းခြစ်ကို ထပ်တိုက်မိပြန်သည်။

"အောင်မလေးဗျာ ... ကွဲပါပြီ ... ခြေမ"

"သား ... ပြောသားပဲ ... တော်ကြာ အဖေဝင်တိုက်မိရင် စသြီးဦးမယ်လို့ ... "

"မင်းမှ မပြောရသေးဘဲ ... "

"ခွေးကောင် အုန်းခြစ်ဒီမှာရှိတာ အစောကြီးထဲက ငါ့လှမ်းပြောပါလား ... ရှောင်သွားမှာပေါ့"

ဦးလှမင်းလည်း ကြည်မင်းခန့်ဘေးတွင် ခြေမလေးကိုင်ကာ ခုန်ဆွခုန်ဆွ ဖြစ်နေသည်။ ဦးကျည်ပွေ့က သူနဲ့မဆိုင်သလို သူ့ အုန်းခြစ်လေးယူကာ အခန်းထဲဝင်သွားသဖြင့် ဦးလှမင်းတစ်ယောက် ဒေါသ ယယ်ထိပ်တက်ဆောင့်တော့သည်။

"ဒီအဘိုးကြီးကလည်း ရေတ်ဆုံ မရှိတော့ကတည်းက ပြီးပြတ်



www.burmeseclassic.com

www.burmeseclassic.com



ဆနေတယ်"

"ဟာ … ဖေဖေ အဘိုးကို အဲလိုမပြောရဘူးလေ … ငရဲကြီးမယ်"

"ငါပြောတာ မင်းအဘွား ဒေါ်ဘုတ်ဆုံကို ပြောနေတာ … အား၊ နာလိုက်တာကွာ … အလုပ်မရှိရတဲ့အထဲ … "

"သားလည်း ကျောင်းချိန်နောက်ကျနေပြီ … ဆေးထည့်လိုက်ဦးမယ်"

ကြည်မင်းခန့် အိမ်ရှေ့ခုံတွင်ထိုင်ကာ ခြေထောက်ကို ဆေးထည့်နေသည်။ ခုံလက်တန်းမှ ဦးကျည်ပွေ့ဆေးလိပ်က အငွေ့တထောင်းထောင်းနှင့် အောက်လိမ့်ကျသွားသဖြင့် ပြန်ကောက်ပြီးဘေးခုံတွင် တင်ထားလိုက်ရသေးသည်။

"မမြကြည် … ငါ့ကို ဆေးဘူးယူလာပေးဦး … ခြေထောက်က သွေးထွက်နေတယ်"

"လာပြီ … ကိုလှမင်း"

ကြည်မင်းခန့် ဆေးလိပ်တင်လိုက်သော ထိုင်ခုံပေါ်တွင် ဦးလှမင်း ထိုင်လိုက်သဖြင့် ကြည်မင်းခန့်မှာ တားချိန်တောင်မရလိုက်။ ဖေဖေဟု ဆိုရုံရှိသေး … ထိုင်ပြီးနေပြီ။

"အားလားလား … ဖင်ပူတယ်ဟ"

"မေမေ … သားကျောင်းသွားပြီ … "

"ဟဲ့ကောင်လေး … မုန့်ဖိုးမယူတော့ဘူးလား"

"ဖေဖေ့အိတ်ထဲက နှိုက်ထားပြီးပြီ … သွားတော့မယ်"





ကြည်မင်းခန့် ဖိနပ်စီးကာ လစ်ထွက်လာခဲ့သည်။

"ဟူး … မောလိုက်တာ"

ကြည်မင်းခန့် လွယ်အိတ်ထဲမှ ပိုက်ဆံကို ထုတ်ရေလိုက်ပြီး ဟေသာနွယ်ဝင်း အိမ်ကို ၁၅ မိနစ်ကြိုရောက်ရန် ပြေးလေတော့သည်။ ဟေသာနွယ်ဝင်း လိပ်စာကိုရဖို့က မနေ့ကတည်းက ကြည်မင်းခန့် စုံစမ်းထားရသည်။ သူတို့ရပ်ကွက်ထဲတော့ တစ်ခါမှ မရောက်ဖူးပါ။ ဟိုမေး ဒီမေးနှင့် နောက်ဆုံး အိမ်တစ်အိမ်ရှေ့တွင် ရပ်နေသော ဟေသာနွယ်ဝင်းကို တွေ့လိုက်သဖြင့် ပျော်သွားသည်။ အနားသို့ ပြေးသွားလိုက်ပြီး …

"မောလိုက်တာ လက်ထိတ်ရယ် … ငါ ၁၅ မိနစ်တောင် စောရောက်တယ်နော်"

"ဘာ စောရောက်တာလဲ … ငါ အရင်ရောက်နေတာလေ"

"နေပါဦး နင်အရင်ရောက်တယ်ပြောရအောင် ငါဘယ်အချိန်ချိန်းလဲ … နင်သိလို့လား"

"ဟဲ့ … နင်မှ မပြောလိုက်ဘဲ"

"ဟဲဟဲ … ငါ့အချိန်နဲ့ ငါဆိုရင်တော့ ၁၅ မိနစ်စောပါတယ်ဟာ … ဒါ နင့်အိမ်လား … "

"ဘယ်ကလာ … နင်ပဲ လမ်းထိပ်မှာ စောင့်နေမှာဆို … ဒါ ဒီအိမ်ရှေ့နားမှာ ရပ်စောင့်နေတာလေ … "

"ဩော် … ဒါလမ်းထိပ်လား … "

"ဟုတ်တယ် … "



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ ငါ့ကိုစောင့်နေရတာလဲ"

"ဟယ် ... နင်ပဲ လာမယ်ဆိုပြီးတော့"

"အေးလေ ... ငါလာတယ်လေ"

"အေးလေ ... ငါလည်း စောင့်နေတယ်လေ"

"မဟုတ်ဘူးလေ ... နင်ဘာလို့ ငါ့ကိုစောင့်နေတာလဲဆို"

"အာ ... ရှုပ်ကုန်ပါပြီ ... အားလာလာ ... ခြေထောက်က လည်း နာလိုက်တာ"

ကြည်မင်းခန့် ခြေထောက်ကို ဟေသာနွယ်ဝင်း ငုံ့ကြည့်လိုက်သည်။ ခြေမတပိုက်တွင် ဆေးများ လူးထားသဖြင့် ဟေသာနွယ်ဝင်း ကြည့်ကာ ...

"အဲဒါ ဘာဖြစ်တာလဲ"

"ခလုတ်တိုက်တာ ... "

"ဘာနဲ့လဲ ... "

"အခြစ်နဲ့ ... "

"အချစ်နဲ့ ခလုတ်တိုက်တဲ့လူက သွေးတကယ်ထွက်တယ်ဆိုတာ အခုမှပဲ တွေ့ဖူးတော့တယ် ... ငါတို့ လမ်းထဲက မကျင်အေးတစ်ယောက်လည်း ပြောလိုက်ရင် ခလုတ်တိုက်တယ် ... တိုက်တယ်နဲ့ တစ်ခါမှလည်း သွေးမထွက်ပါလား ... "

"အာ ... နင်ကလည်း နင်ပြောတဲ့အချစ်နဲ့ ငါပြောတဲ့အခြစ်က မတူဘူး ... "

"ဘာများ ကွာခြားနေလို့လဲ"





"ငါတိုက်မိတာ အုန်းခြစ် ... "

"ဩော် ... အဲလိုလား"

"ဟုတ်တယ် ... ဟိုအချစ်နဲ့က မနေ့ကတည်းက ခလုတ်တိုက်မိပြီးသား ... "

"အင်း ... စလာပြီ ဇာတ်လမ်းက ... "

"ဟဲဟဲ ... တကယ်ပါ ... လက်ထိတ်ရယ် ... ငါနင့်ကို တကယ်ချစ်တာပါ ... "

ဟေသာနွယ်ဝင်း၏ မျက်စောင်းလှလှကို ခံယူရင်း ကြည်မင်းခန့် ခြေထော့ကာ လျှောက်လာသည်။

"ငါကတော့ နင့်ကို ချစ်သူလိုလည်း မချစ်ဘူး။ မောင်နှမလိုလည်း မချစ်နိုင်ဘူး ... "

"ဒါဖြင့် နင့်မှာ ၅၀၀ပဲ ရှိတယ်ပေါ့ ... "

"ဘာ ၅၀၀လဲ ... မေးကြီးပေးလိုက်တာ ၃၀၀၀ သိရဲ့လား"

"အာ ... ပိုက်ဆံတွေနဲ့ အချစ်ကို ရောယှက်နေပြန်ပြီ၊ ငါပြောတာက ၅၂၈ ဆို မောင်နှမ အချစ်လေ၊ ၁၅၀၀ က ချစ်သူကို ချစ်တဲ့အချစ် ... ဒါပေမယ့် နင့်မှာက ၁၅၀၀ လည်း မရှိ၊ မောင်နှမလိုလည်း မချစ်တော့ ၅၂၈ ထဲက ၂၈ ကိုနှုတ်ရင် ၅၀၀ ပဲကျန်တာပေါ့ ... "

"အံ့ဒါ ... ဘာဖြစ်လဲ"

"ကိစ္စမရှိပါဘူး ... ငါကလည်း နင့်ကို ကိလေသာချစ်နဲ့ ချစ်တာမှ မဟုတ်တာ ... ငါ့မှာ ၁၀၀၀ ရှိတယ်၊ နင့် ၅၀၀နဲ့ပေါင်းရအောင်လား ... "



www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ … လူလည်လာကျလို့ အဲဒီ ၅၀၀ ကို နင်ကယူထားမယ်ပေါ့"

"အေးလေ … "

"ဒါဖြင့် ဘယ်တော့ ပြန်ဆပ်မှာလဲ … နင့်ကို အချင်းချင်းမို့လို့ ၁၀၀ ကို ၂၀ တိုးနဲ့ပေးမယ်"

"အမ် … "

ဩော် … အချင်းချင်းပေမို့ ၂၀ တိုး တော်ကာကျတော့မည်။ ကိုယ်ကပဲ သူ့ဆီက ကားခမရှိလို့ ပိုက်ဆံချေးနေသလိုလိုနှင့် ပြောနေသေးသည်။

"နင်ကလည်းဟာ ငါ့ကို ပိုက်ဆံချေးဖို့ပြောနေတာ မဟုတ်ဘူးလေ … နင့်ဆီက အချစ်ကို တောင်းခံနေတာ"

"ငါ့မှာ နင်ပြောသလို ၅၀၀ တန်အချစ်ပဲရှိတယ်ဆိုပါတော့၊ နင့်မှာက ၁၀၀၀ တန်အချစ်ရှိတယ်ဆိုတော့ကာ နှစ်ခုပေါင်းချင်ရင်တော့ ရတယ်လေ … ဒါပေမယ့် ငါ့အချစ်က ၅၀၀ ထက်တော့ ပိုလာမယ် မထင်ဘူး … ဘယ်လိုလဲ"

"ရပါတယ်ဟာ … ၁၀၀၀ တန်အချစ်ထဲမှာ ခွင့်လွှတ်သည်းခံ ပြန်မပြော ရောချေ အလိုကျ ပြုံးဖြီး စိတ်မရှည် မြို့သိပ် စတဲ့ အရာလေးတွေ ပါနေတော့ ငါကပဲ နားလည်ပေးပါတယ် … "

"ဟီး ဟီး … နင့် ဒဿနတွေကလည်း လန်းလှချည်လား"

"အဲဒါက တဖက်သတ်အချစ်လေ … တစ်ယောက်စီမှာ ၇၅၀ ရှိရင်ပဲ နှစ်ယောက်ပေါင်း ၁၅၀၀ အချစ်တစ်ခု တည်ဆောက်လို့ရ





ပြီ … ဒါပေမဲ့ နင့်မှာ ၇၅၀ မှ မရှိဘဲ ဒီတော့ ငါကပဲ တစ်ဖက်သတ် ပိုချစ်နေရတဲ့လူ ဖြစ်သွားတာပေါ့ … "

"အေးပါ … ကိုယ်တတ်ပကြီးရယ်၊ နင်ကလေ ကြောင်သာ ကြောင်တယ် … ဒီလိုမျိုးကျတော့လည်း ပေါ်သား … ပေါ်တောတောနဲ့ … "

"အင် … "

"အဟား စတာပါ … ကြောင်မင်းခန့်ရယ်"

"စပါ လက်ထိတ်ရယ် … ငါက နင့်အတွက်ဆို ဂျိုကာဖြစ်လိုက်၊ လူရွှင်တော်ဖြစ်လိုက်ပဲဟာ … နင်ရယ်ရင် ငါပျော်ပါတယ်"

"အလို … တယ်လာတဲ့ စာသားပဲ"

ကားမှတ်တိုင် ရောက်သည်နှင့် ကြည်မင်းခန့် ဆက်မပြောဖြစ်တော့။ ဟေသာနွယ်ဝင်းကလည်း ကျောင်းရှေ့ရောက်သည်အထိ စကားပြန်မပြောပါ။ ကျောင်းထဲဝင်မှ ဟေသာနွယ်ဝင်း တစ်ယောက် ကြည်မင်းခန့်ကို ကြည့်သဖြင့် ကြည်မင်းခန့် မျက်လုံးလေးပြူးကာ "ဘာလဲ"ဟု မေးသည်။ ဟေသာနွယ်ဝင်း စဉ်းစားလိုက်ပြီးမှ ပြောသည်။

"အခု … နင်နဲ့ငါနဲ့က သမီးရည်းစားလေ … ငါ့ကို အဲလိုခပ်ခွာခွာကြီး လုပ်နေတော့ ငါကဘယ်လိုနေရမှာလဲ"

"ဟင် … အဖြေပေး ပြီးပြီလား … ငါဖြင့် သိတောင် မသိလိုက်ပါလား"

"နင့်ကို ပြောတယ်လေ … ငါ့မှာရှိတဲ့ ၅၀၀နဲ့ နင့်မှာရှိတဲ့



www.burmeseclassic.com

www.burmeseclassic.com



၁၀၀၀ ပေါင်းပုံမယ်ဆိုမှ ... "

"နင်ကလည်းဟာ ... အဲလိုတော့ မပြောပါနဲ့ ချစ်တယ်လို့ ပြောပါလား"

"ငါ စိတ်မပြောင်းခင် ပိုက်ဆံ ၁၀၀၀ မြန်မြန်ထုတ်"

"အမ် ... ဘယ်ကပိုက်ဆံက ပါလာတာလဲ"

"ထုတ်စမ်းပါ ... ငါ့မှာရှိတဲ့ ၅၀၀ နဲ့ ပေါင်းလိုက်ရင် ၁၅၀၀ ဖြစ်ပြီး ... ပြီးရင် အတန်းချိန် တစ်ချိန်တက်ပြီး ငါ့ကို ကန်တင်းက စောင့်နေ ... "

ကြည်မင်းခန့်လက်ထဲမှာ ပိုက်ဆံ ၁၀၀၀ကို ဆတ်ခနဲယူကာ ပြေးသွားသည့် ဟေသာနွယ်ဝင်းကို အူကြောင်ကြောင်နှင့်ကြည့်ကာ ကျန်ခဲ့သည်။

အတန်းထဲ ဝင်ထိုင်လိုက်သည်နှင့် လွန်းဆက်အိမ်တို့ ကြည်မင်းခန့်ဘေးသို့ ရွှေ့ထိုင်လိုက်သည်။

ဆရာမဝင်သေးသဖြင့် ကျောင်းသားများလည်း နေရာတွင် မရှိသလို ကျောင်းသူများလည်း ဝိုင်းဖွဲ့ကာ စကားလက်ဆုံကျနေသည်။

နေလရောင်နှင့်လင်းရာက ပြတင်းပေါက်နားတွင် ထိုင်ကာ သီချင်းနားထောင်နေကြသည်။ လွန်းဆက်အိမ်ကို ကြည့်လိုက်ပြီး

"မင်းနဲ့ မင်းချစ်သူနဲ့ ချိန်းရင် ဘာတွေပြောကြလဲ လွန်းဆက်"

ကြည်မင်းခန့် အမေးကို လွန်းဆက်အိမ်က ကြိုးကြာရစ်





ခေါက်ရင်းဖြေသည်။

"ဘာပြောရမလဲ ... သူ့အိမ်အကြောင်းပြောရင်ပြော မပြောရင် ငါ့အိမ်အကြောင်း ပြောတာပေါ့ ... တခါတလေ ရှေ့ကဖြတ်သွားတဲ့ လူတွေကိုကြည့်ပြီး တခြားအကြောင်းတွေတော့ ပြောဖြစ်တယ် ဘာဖြစ်လို့လဲ ... "

"မင်း ... အခု အရှပ်ခေါက်နေတာ မင်းကောင်မလေးကို ပေးဖို့လား ... "

"မဟုတ်ဘူး ... ငါတို့လမ်းထဲက မူကြိုဆရာမလေးကိုပေးဖို့"

"ဘယ်က သွားသင်လာတာလဲ"

"ငါ့ကောင်မလေးကို သင်ခိုင်းတာပေါ့ ... "

"ဩော် ... မောင်ကင်းရယ် ... အရမ်းပဲ အချစ်ကြီးလှချည်လား ... "

ကြည်မင်းခန့် မျက်စောင်းထိုးလိုက်သဖြင့် လွန်းဆက်အိမ် ရယ်သည်။

"မင်းက ဘာလုပ်ဖို့ မေးရတာလဲ ... လက်ထိတ်ကိုပေးချင်လို့လား ... ငါသင်ပေးမယ်လေ"

"နေပါ ... ခေါင်းစားရတာနဲ့တင် လုံလောက်ပါပြီ"

"လက်ထိတ်ကြည့်ရတာ တစ်မျိုးပဲ ... မင်းနဲ့အဆင်ပြေရဲ့လား ... "

"ဒီနေ့ပဲ ချစ်သူဖြစ်တယ်လေ ... "

"တကယ် ... "



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ... မင်းတို့ကို ပြောဖို့မေ့နေတယ်"

"သူ့ပုံကြည့်ရတာ တော်တော် လက်ပေါက်ကပ်မယ် ... သတိတော့ထား မိန်းကလေးတွေက အလိုက်မသိရင်လည်း မကြိုက်ဘူး ... လောကွတ်ချော်နေရင်လည်း မကြိုက်ဘူး၊ ခပ်တန်းတန်းပဲနေ ... ကြားလား ... "

လွန်းဆက်အိမ်က ဆရာကြီးလေသံနှင့် ပြောပြန်သည်။ ကြည်မင်းခန့်ကတော့ အခုချိန်မှာ ရည်းစားမထားဖူးသေးသည့် ငနဲ တစ်ယောက်ဖြစ်သည်။ လွန်းဆက်အိမ် စကားကို ခေါင်းညိတ်လိုက်ပြီး ...

"ငါသူ့ကို အရမ်းကြီးချစ်လို့လည်း ရည်းစားစကား ပြောဖြစ်သွားတာ မဟုတ်ဘူး ... ဒါပေမယ့် မချစ်ဘဲနဲ့လည်း ရည်းစားစကား ပြောခဲ့တာ မဟုတ်ဘူး ... စိတ်ထဲမှာ တစ်မျိုးကြီးပဲ"

"ဘာလဲ ... အခုမှ နောင်တရသွားပြီလား ... ဒီမှာ ကြည်မင်းခန့်ရ ငါပြောမယ် ... ကောင်လေးတစ်ယောက်က ကောင်မလေးတစ်ယောက်ကို မြင်မြင်ချင်း ချစ်တယ်ဆိုတာ ချစ်နေမိတဲ့ ... ကောင်လေးကပဲ အဲဒီအချစ်ကို လက်ခံနိုင်မယ် ... အချစ်ခံရတဲ့ ကောင်မလေးကတော့ သူ့ကိုမြင်မြင်ချင်း ချစ်ပါတယ်ဆိုတာကို လက်မခံချင်ဘူး ... သူတို့က လက်မခံနိုင်တာလည်း ဖြစ်နိုင်ပါတယ်၊ ဘာလို့ဆို ယောကျ်ားတစ်ယောက်က အချစ်ကို ကန့်သတ်ချက်နဲ့ ချစ်တာကွ ... စစချင်းကြီးတော့ အသည်းပေါက်ထွက်မတတ် အထိ မချစ်ကြသေးပါဘူးကွာ ... နည်းနည်းလေး ချစ်မိတာပေါ့ ... အဲဒီ





ကနေမှ နောက်တစ်ရက်ချင်းစီမှာ သံယောဇဉ်အစပျိုးရင်း ... အလွန်အကျွံချစ်မိလာတယ်၊ အဲ ဂိတ်ဆုံးလည်းရောက်ရော ပေါက်မတတ်ကို ချစ်လာကြတယ် ... ဒါကြောင့်မို့လို့ လူတစ်ယောက်က အချစ်ကို ဂိတ်ဆုံးဒီဂရီထိ ရောက်သွားချိန်ကျရင် ဘာကိုမှ လှည့်မကြည့်နိုင်တော့ဘူး ... အဲဒီအချိန်နဲ့ ကိုက်ပြီး တဖက်က မြတ်သွားခဲ့ရင်တော့ အဲဒါ အသည်းကွဲတယ်ဆိုတဲ့ ဝေဒနာတစ်ခုဖြစ်လာရော"

လွန်းဆက်အိမ်ကို ကြည်မင်းခန့် အံ့သြသည့် မျက်လုံးများနှင့် ကြည့်ကာ လက်ဆွဲနှုတ်ဆက်လိုက်သည်။

"လုံးဝ လေးစားတယ် လွန်းဆက်အိမ် ... မင်းကို လုံးဝကို လေးစားသွားပြီ"

"ဟဲ ဟဲ ... လေးစားရမယ်လေ ... ငါ ရှုပ်တယ်ဆိုတာက လည်း သင်ခန်းစာရလောက်အောင် ရှုပ်တာပဲ ... "

အရေးထဲ သူရည်းစားရှုပ်သည့်အကြောင်းကို ဂုဏ်ယူကာ ပြောနေသေးသည်။ ကြည်မင်းခန့် ပြုံးလိုက်ပြီး နာရီကိုကြည့်လိုက်သည်။ မတ်တတ်ထရပ်လိုက်ပြီး ...

"ငါ ကန်တင်း ခဏသွားဦးမယ်"

"ချိန်းထားလို့လား ... "

"အင်း ... "

ကြည်မင်းခန့် ကန်တင်းဘက်သို့ ထွက်လာခဲ့သည်။ စိတ်ထဲမှာတော့ လွန်းဆက်အိမ်ပြောသော စကားကို ပြန်စဉ်းစားနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကဲန်တင်းထဲ လှမ်းကြည့်လိုက်ပြီး ဟောသာနွယ်ဝင်း မရောက်သေးသဖြင့် ကော်ဖီတစ်ခွက်မှာကာ ထိုင်နေလိုက်သည်။ သိပ်မကြာလိုက် ဟောသာနွယ်ဝင်း တစ်ယောက် နေပူထဲတွင် ကိုးရို့ကားယားနှင့် ဝင်လာသည်။(ကြည်မင်းခန့် မျက်စိထဲမှာ ဟောသာနွယ်ဝင်းက ကိုးရို့ကားယား အမြဲဖြစ်သည်။)

"ဟူး … နေကလည်း ပူလိုက်တာဟယ်"

ဟောသာနွယ်ဝင်းက တစ်သျှူးနှင့် သွေးမျက်နှာသူ ပြန်သုတ်ရင်း ပြောသည်။ ကြည်မင်းခန့်ကလည်း မစဘဲ မနေနိုင်။

"လက်ထိတ် … နင့်မျက်နှာကြီးကလှည်း ကျောင်းစစတက်ချိန်ကတော့ ဆော်ဒါများသွားတဲ့ ပေါင်မုန့်ကြီးလိုပဲ … အခု နေပူထဲကလည်း လာလိုက်ရော … အဟဟ … ချောကလက်မှုံတက်ရုပ်ကြီးနဲ့တူတယ် … အဟီး ဟီး … "

ဟောသာနွယ်ဝင်းက ဘာမှပြန်မပြော။ ငြိမ်နေသည်။

ဟောသာနွယ်ဝင်း ငြိမ်နေတာ အကောင်းမဟုတ်။ စကားလုံး လိုက်ရှာနေတာ ဖြစ်သည်။ သူမ ဘာမှမပြောနိုင်မီ၊ ကြည်မင်းခန့် ကြားဖြတ်ကာ မေးလိုက်သည်။

"ဒါနဲ့ … နင့် မနက်က ငါ့ဆီက ယူသွားတဲ့တစ်ထောင်ရော ဘာလုပ်လိုက်ပြီလဲ … အသစ်ကလေးနော်"

"ဘာလုပ်လုပ်ပေါ့ … ဘာလဲ နင်က အခု အဲဒီတစ်ထောင်ကို နှမြောနေတာလား"

"နှမြောတော့ မနှမြောပါဘူး … ဒါပေမယ့် ဘာလုပ်လိုက်လဲ





သိချင်လို့"

"ငါ Toilet ဝင်လိုက်တယ်"

"ဟာ … ယုတ်မာလှချည်လား လက်ထိတ်"

"ဟဲ့ … ငါ့ဟာ Toilet ဝင်တာ ဘာယုတ်မာရမှာလဲ"

"ဒါဖြင့် ဘာဝင်လုပ်တာလဲ"

"Toilet လေ … နင်ဆိုရင်ရော ဘာဝင်လုပ်သလဲ … "

"အမ် … အတူတူပဲလား"

"ဟုတ်တယ် … "

"အဟိ … "

"ဘာရယ်တာလဲ … "

"မတူပါဘူးဟာ … နင်တို့ မိန်းကလေးတွေ Toilet ဝင်တာ မှန်ကြည့်ချင်လို့ မဟုတ်လား … ဟဟ"

"မှန်ရှိမှ ကြည့်တာပါနော်"

"မှန်မရှိလည်း နင့်ကွန်ပါဘူးထဲမှာ မှန်ပါတယ်မဟုတ်လား"

"ကြည့်တယ်ဟာ ဘာဖြစ်လဲ … "

"အကောင်းမေးနေတာ လက်ထိတ် နင်ဘာလုပ်လိုက်လဲ"

"နေဦး … နေဦး … နင့်ကို ငါ့ရဲ့ အသစ်ချပ်ချွတ် ရည်းစား […]လို့ မပြောဘဲနေနေတာ … ဒါပေမဲ့ အခုတော့ မရတော့ဘူး ပြောမှ […]ရမယ် … "

ဟောသာနွယ်ဝင်းက သံပုရာရည် တစ်ခွက်မှာလိုက်ပြီး ပြော[…]ည်။ ကြည်မင်းခန့်ကတော့ ဟောသာနွယ်ဝင်း မှာလိုက်သော

www.burmeseclassic.com



သံပုရာရည်အတွက် ခံတွင်းထဲမှ ကြိုချဉ်နေမိသည်။ ပြီးမှ …

"ဘာပြောမလို့လဲ … နင်နဲ့ သံပုရာရည် တစ်ခွက်ထဲကို ပိုက်နှစ်ချောင်းနဲ့စုပ်ဖို့လား … ငါရွံ့တတ်တယ် … မစုပ်ဘူး … "

"အောင်မာ … အရွှးကများ … ရွံ့တယ်လေး … ဘာလေးနဲ့ ဘယ်သူကရော နင်နဲ့ တစ်ခွက်တည်း ပိုက်နှစ်ချောင်းနဲ့စုပ်မယ်လို့ ပြောမိလို့လဲ … "

"မသိဘူးလေ … "

"နင် ငါ့ကိုလက်ထိတ် လက်ထိတ်နဲ့ မခေါ်နဲ့ … "

"ဒါဖြင့် ငါက ချစ်စနိုးနဲ့ လက်လက်လို့ ခေါ်ရမလား၊ ထိတ်ထိတ်လို့ ခေါ်ရမလား … ပြောကြည့်လေ … "

"အောင်မလေးလေး … စကားပြောတာကလည်း တင်စီးလိုက်တာ … ငါ့မှာ နာမည်ရှိတာလည်း နင်သိတယ်နော် … ကြည်မင်းခန့် … "

"သိတယ် … သိတယ် … နင့်နာမည်ခေါ်နေရင် ၃၅ကားတောင် မီလိုက်မှာ မဟုတ်ဘူး၊ အဲဒါကြောင့် မခေါ်တာ … "

"ဟဲ့ … ထိပ်ဖျားဆွတ်ခေါ်ပေါ့ … "

"ငါ့ကိုတော့ ထိပ်ဖျားဆွတ်မခေါ်နဲ့နော်"

"အဟိ … အေးပါ ကြည်မင်းခန့်ရယ်"

"ဟေသာလို့ ခေါ်မယ်နော် … "

ကြည်မင်းခန့်ကို ဟေသာနွယ်ဝင်း ပြုံးပြလိုက်သည်။ စား
ထိုးလာချပေးသော သံပုရာရည်ကို ရွှတ်ခနဲ ရွှတ်ခနဲနှင့် သော





နေပုံကို ကြည်မင်းခန့်ကြည့်ပြီး သွားပါကျိန်းလာသည်။ ဟေသာနွယ်ဝင်းကတော့ မကုန်ကုန်အောင် သောက်လိုက်ပြီး ရေခဲတောင် ငုံလိုက်သေး … ။

ပထမဆုံးအကြိမ် ချစ်သူနှင့်ချိန်းကာ ကန်တင်းထဲတွင် ထိုင်ဖြစ်သော ကြည်မင်းခန့်တစ်ယောက် ဟေသာနွယ်ဝင်းကို ဆလံသသည်။ သူမဘာသာ ပြောချင်တာတွေပြောပြီး ရယ်နေသော ဟေသာနွယ်ဝင်းကိုကြည့်ကာ တခြားစုံတွဲတွေရော အခုလို ကြောင်တောင်တောင်ကြီး ဖြစ်နေကြလားဟု တွေးမိသည်။

မြားနတ်မောင် တစ်ယောက်လည်း သူ့တာဝန်ကျေပြီဟု ဆင်ကာ ပြန်အိပ်နေသလား မပြောတတ်။ ဟေသာနွယ်ဝင်းနှင့် တွဲသွားတွဲလာ တစ်လျှောက်လုံးတော့ ကြည်မင်းခန့်အဖို့ ပျော်ခဲ့ရသည်။ ရင်ခုန်လို့ ပျော်ခြင်းတော့ မဟုတ်ပါ။

ရယ်စရာပြောနေသဖြင့် ရီနေရ၍ ပျော်နေခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၅ )

အင်းလျားကန်ဘောင်ကို တစ်စက္ကန့်ခြားပြီး ရောက်လာကြသော အတွဲများကို ကြည်မင်းခန့် ကြည့်နေမိသည်။ ချစ်သူ ဟောသာနွယ်ဝင်းကတော့ နာရီဝက်ခြားတာတောင် ရောက်မလာသေး။ အမြဲတမ်း နောက်ကျပြီး ရောက်လာတတ်တဲ့ သူတိုင်းက စောင့်နေရတဲ့ သူကိုတော့ စကားတစ်ခွန်း ကြိုခံကာ ပြောတတ်ကြသည် မဟုတ်လား။ ဟောသာနွယ်ဝင်းကတော့ အဲသလို မဟုတ်။ သူ နောက်ကျတိုင်း ကိုယ်ကပဲ စောရောက်နေသလို အပြစ်ရှိသည့် မျက်နှာထားနှင့် မော်ကြည့်နေရသည်။ ကိုယ်ကပဲ စကားမှားထားတော့ ကိုယ်ကပဲ သည်းခံရပေမပေါ့။ အခုလည်း ရောက်ရောက်ချင်း မထိုင်သေးဘဲ ကြည်မင်းခန့်ကို ကြည့်နေသဖြင့် ကြည်မင်းခန့် မနေ တတ်။ ဒါကိုပင် ဟောသာနွယ်ဝင်းက ...

"နင်က စောရောက်နေတာလား ... ငါ့နာရီကတော့ အခု ဆယ်နာရီခွဲတာ ... "





"ငါ့နာရီလည်း ဆယ်နာရီခွဲပဲလေ ... ငါရောက်နေတာ နာရီဝက်ရှိပြီ ... "

'အဲဒါပြောတာပေါ့ နင့်နာရီက ဆယ်နာရီခွဲမှ ဟုတ်ရဲ့လားလို့ ... "

သူ နောက်ကျလာပြီးမှ ကိုယ့်နာရီကပဲ စောနေသလိုလို လေသံနှင့်ပြောကာ ကြည်မင်းခန့်ဘေးတွင် ဇွေ့ခနဲဝင်ထိုင်လိုက်သည်။

"ငါချိန်းတာ ဆယ်နာရီလေ ... ဟောသာ"

"အေးလေ ... ငါလည်း ဆယ်နာရီထဲက အိမ်ကထွက်လာတာပဲဟာ ... "

ကြည်မင်းခန့် ခေါင်းကိုသာ အားရပါးရ ကုတ်လိုက်တော့သည်။ ဒါကို ဟောသာနွယ်ဝင်းကလည်း ...

"ဘာလဲ ... နင်က ငါ့ကို အသည်းယားတယ်ဆိုတာ အခု သုပ်ပြနေတာပေါ့လေ ... မြို့ငြင်တာလား ... "

"မငြင်ပါဘူး ... မငြင်ပါဘူး"

"မငြင်ရင်ပြီးရော ... အူကြောင်ကြောင် လာမလုပ်နဲ့"

"ဟုတ်ကဲ့ ... "

"ဘယ်မှာလဲ ... ငါမှာထားတာတဲ့ ပန်း ... "

"နင်မှာတာ မဟုတ်ဘူးလေ ... ငါပေးမယ်လို့ ပြောထားတာ"

"အတူတူပဲ နင်ပေးမယ်ဆိုလို့ ငါက အဝါရောင်နှင်းဆီပန်း



www.burmeseclassic.com

www.burmeseclassic.com



ယူလာခဲ့လို့ မှာလိုက်တာ … ပေး"

"ရော …"

ကြည်မင်းခန့် လွယ်အိတ်ထဲမှ နှင်းဆီပန်းအဝါကို တယုတယထုတ်ကာ ပေးလိုက်သည်။ ဟေသာနွယ်ဝင်းကတော့ ထုံးစံအတိုင်း လှကိုရစ်ရုံတင်မဟုတ် ပန်းကိုပါ ရစ်တော့သည်။

"ဟင် … နှင်းဆီပန်းလည်းပြောသေးတယ်၊ ဘယ်မှာလဲ ဆူးက …"

"အဟီး … နင်ကိုင်ရင် စူးမှာစိုးလို့ ငါညှပ်လာတာလေ"

"နင်ကလေ တော်တော်ရှည်တာပဲ … သူ့ဟာနဲ့သူ လှနေတဲ့ ဥစ္စာကို ဆူးကလည်း ပြွတ်နေအောင် ပါတာ မဟုတ်ဘဲနဲ့ …"

"ဒါပေမဲ့ ငါက သွေးထွက်သံယိုတွေ မကြည့်ရဲဘူးဟ"

"ဪ … နင်မကြည့်ချင်တာနဲ့ ညှပ်ပစ်လိုက်တယ်ဆိုပါတော့ …"

"စေတနာပါ … စေတနာ"

"ထားပါတော့လေ … ငါကလည်း ပန်မှာပဲဟာ … ဆူးမလိုပါဘူး …"

ကြည်မင်းခန့် မသိမသာ မျက်စောင်းထိုးလိုက်သည်။ အစောကြီးကတည်းက ပန်ဖို့ဟာကို ဆူးမပါသလေး ဘာလေးနဲ့ ဟောက်လိုက်သေးတယ်။

"ဪ … ငါ နင့်ကို တစ်ခုပြောစရာရှိတယ် … ကြည်မင်းခန့် …"





မျက်ခုံးကတော့ ခပ်လှုပ်လှုပ်ဖြစ်သွားသည်။ ကြည်မင်းခန့် ရှုံ့လိုက်ပြီး …

"ဘာပြောမလို့လဲ … ပြောလေ"

ဟေသာနွယ်ဝင်းက နှင်းဆီပန်းရိုးကို အနေတော်ချိုးလိုက်ပြီး သူမ ဆံပင်လိမ်ကောက်ကောက် ဖြစ်နေသော နားရွက်ကြားထဲသို့ ပန်းကို ထိုးထည့်လိုက်သည်။

"ငါ လှလား …"

"လုံးဝ … လုံးဝကိုလှတယ် … နှင်းဆီပန်းကိုပြောတာ"

ကြည်မင်းခန့်ကို မျက်စောင်းလှလှထိုးလိုက်ပြီး လွယ်အိတ်ထဲမှ မှန်သေးသေးလေးတစ်ခု ထုတ်ကာ ကြည့်လိုက်သည်။ ပြီးမှ ကြည်မင်းခန့်ကို ကြည့်ကာ ဆက်ပြောသည်။

"မင်းမြတ်ကျော်က သူ့ကောင်မလေးကိုပေးဖို့ ကြယ်တွေခေါက်နေတယ်"

"မင်းမြတ်ကျော်က ဘယ်သူလဲ …"

"ငါ့ကို ကြိုက်တဲ့လူလေ …"

"နင် တစ်ခါမှလည်း သူ့အကြောင်း မပြောဖူးပါဘူး"

"ဟုတ်တယ် … စကားမစပ်မိလို့ မပြောမိတာ … ခု သူက ကြယ်တွေခေါက်နေတယ်တဲ့ …"

"ဘယ်သူက ပြောတာလဲ"

"သူကိုယ်တိုင်က ပြောတာ …"

"သူ့ကောင်မလေးကိုပေးဖို့ ခေါက်တာပဲ နင်နဲ့ဘာဆိုင်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူက ငါ့ကိုကြိုက်နေပါတယ်ဆိုမှ ... "

"ဘာလဲ ... နင်က မနာလိုနေတာလား ... ငါမနာလိုဖြစ်စရာ ထားဦး"

"ငါကပဲ မနာလိုဖြစ်ရဦးမယ် ... နင့်ကို မနာလိုဖြစ်အောင် ပြောနေတာလေ ... အဲလောက်ပဲ တုံးရလား ... သူ ငါ့ကိုကြိုက်နေပါတယ်ဆိုမှ ... သူ ကြယ်ပေးမယ် ... ဆိုတဲ့ကောင်မလေးကလည်း ငါပဲပေါ့ဟဲ့ ... "

ဟောသာနွယ်ဝင်းက စိတ်မရှည်သလို လေသံနှင့်ပြောလိုက်သဖြင့် ကြည်မင်းခန့် ခေါင်းကုတ်ပြန်သည်။ ပြီးမှ ...

"နင့်မှာ ငါရှိနေတယ်ဆိုတာ မပြောလိုက်ဘူးလား"

"ပြောသားပဲ ... "

"ဘာလဲ ... ဒီကောင်က မယုံဘူးတဲ့လား"

"အဲလို မပြောပါဘူး ... "

"ဘာလဲ ... ဟောသာရာ ... ရှင်းရှင်းလင်းလင်းပြောစမ်းပါ"

ကြည်မင်းခန့် ငေါက်လိုက်သဖြင့် ဟောသာနွယ်ဝင်းက နှုတ်ခမ်း စူကာဆက်ပြောသည်။

"သူကပြောတယ် ... နင့်ရည်းစားက မလုပ်ပေးသေးတာ မှန်သမျှ ငါလုပ်ပေးမယ်တဲ့ ... "

"ဘာလဲ ... ငါက နင့်ကို ကြယ်မခေါက်ပေးဖူးဘူးလို့ ပြောလိုက်လို့လား ... "

"ငါမပြောပါဘူး ... သူကမေးတာ နင့်ကို ကြယ်လက်ဆောင် ဘယ်သူပေးဖူးလဲတဲ့ ... ငါ့ကို ပေးတဲ့လူမှမရှိပဲ မရှိဘူးလို့ ငါကပြောလိုက်တာပေါ့ ... "





"အဲတော့ ... အခု ငါက သူနဲ့အပြိုင် ကြယ်လိုက်ခေါက်ပေးရမယ်ပေါ့ ... "

"ငါက ပြိုင်လုပ်ဖို့ ပြောတာမဟုတ်ပါဘူး ... ငါ အခုလို ပြောလိုက်လို့ နင်များ တစ်ခုခုနောင်တရသွားမလားလို့ ... "

"ငါက ဘာကိုနောင်တရရမှာလဲ"

"တုံးလိုက်တာ ... အဲဒါ နင်က အလိုက်မသိလို့ပေါ့ ... အလိုက်မသိလို့ တကယ်ဆို နင်နဲ့ငါနဲ့ အခုရည်းစားသက်တမ်း သုံးလကျော်ပြီ ... နင် ငါ့ကို အမှတ်တရအနေနဲ့ ဘာပေးဖူးလဲပြော"

"ဟာ ... ငါ့အချစ်တွေ နင့်ကိုအောတိုက်ပေးထားတာ မလုံလောက်သေးဘူးလား ... ဘာလဲ နင်က အဲလိုလုပ်ပေးတာကို ပိုသဘောကျတာလား ... ဒါဆိုလည်း အဲဒီကောင်ကိုပဲ ကြိုက်လိုက်ပေါ့ ... "

ကြည်မင်းခန့် မျက်နှာလွှဲလိုက်သဖြင့် ဟောသာနွယ်ဝင်း ပြုံးလိုက်သည်။ ကြည်မင်းခန့် ပခုံးကို ဆွဲလှည့်လိုက်ပြီး ...

"နင်ကလည်း ငါကပြောကြည့်တာပါ ... နင်မပေးချင်မှတော့ ငါက အတင်းယူလို့မှမရပဲ ... "

"မဟုတ်ပါဘူး ... နင့်သဘောပါ ... ငါက အချစ်မှာ အဲဒါတွေ မလိုဘူးထင်လို့ ... "

"မလိုတော့မလိုဘူးပေါ့ ... ဒါပေမယ့် နင်စဉ်းစားကြည့်လေ

www.burmeseclassic.com



နင်နဲ့ငါနဲ့က အခုလို ချိန်းတွေ့ရင် မျက်နှာလေးမြင်ရုံနဲ့ ကျေနပ်နေကြတာ ... တကယ်တော့ ငါ ... အိမ်ရောက်တဲ့အချိန်ဆို နင့်ကို လွမ်းတယ် ... ငါ့မှာ နင်နဲ့ပတ်သက်ပြီး အလွမ်းဖြေစရာဆိုလို့ ဘာမှမှ မရှိပဲ ... နင်ရော ငါ့ကိုမလွမ်းဘူးလား ... နင်ကလွမ်းတယ်ဆိုရင်တောင် ဘာကိုဖြေပြီး လွမ်းတာလဲ ... ငါသိချင်တယ်"

"Sorry ပေါ့ဟာရယ် ... ငါ နင်နဲ့ပတ်သက်ပြီး တဖက်သတ် အမြင်စောင်းသွားတယ်၊ ငါလည်း နင့်လိုပဲ လွမ်းရင် ဖြေစရာ ဘာမှ မရှိဘူး ... "

ကြည်မင်းခန့် ရင်ခွင်ထဲ ပေါ့ဟာနွယ်ဝင်း တိုးဝင်လိုက်ပြီး ငြိမ်သက်နေသည်။ ပေါ့ဟာနွယ်ဝင်း နဖူးမှ ဆံပင်လေးများကို သပ်တင်ပေးလိုက်ပြီး ...

"နင် ... ငါ့ကို လက်ခံလာပြီလား ပေါ့ဟာ ... "

"ဘာကိုလဲ ... ကြည်မင်းခန့်"

"နင်အရင်က ပြောတယ်လေ ... ငါ့ကို ၅၀၀ ထက်ပိုမချစ်နိုင်ဘူးဆို ... အခုရော"

"ငါ ၅၀၀ ထက် ကျော်မချစ်ရဲဘူး ကြည်မင်းခန့်"

"ဘာလို့လဲ ... ငါ ... ငါ့ကို နင်တကယ်ခံစားလို့ မရလို့လား"

"မဟုတ်ဘူး ... ငါ ကျော်ချစ်လိုက်ရင် နင့်ဘက်က အချစ်တွေ လျော့သွားမှာစိုးလို့ ... "

သူမ ပြောသည့် အဓိပ္ပာယ်ကို ကြည်မင်းခန့် ကောင်းစွာ နားလည်သည်။ သူမ ဆိုလိုသည့် အဓိပ္ပာယ်က ...





ယခင် ။ သူမ ၅၀၀ ရှိလျှင်
ကြည်မင်းခန့် ၁၀၀၀
အချစ်တစ်ခု ၁၅၀၀ ရသည်။
အကယ်၍များ သူမဘက်က ယခု ၇၅၀ ဆိုလျှင်
ကြည်မင်းခန့် ၇၅၀ ဖြစ်ရတော့မည်။

အချစ်တစ်ခုကို ၁၅၀၀နှင့် တည်ဆောက်လိုသူတိုင်းသည် ၁၅၀၀နှင့် ညီမျှသော အချစ်ကိုသာ ပိုင်ဆိုင်သင့်သည်။ သူမဘက်က တိုးကာချစ်လိုက်သည့်အတွက် ကြည်မင်းခန့် အနေနှင့် ၁၅၀၀ အချစ်ရရန် လျော့ကာ ချစ်ရပေမည်။ ထိုသို့ တိုးကာချစ်မိတဲ့လူက အချစ်ပိုလာပြီး လျော့ကာချစ်မိသူကတော့ အချိန်နှင့်အမျှ အချစ်က လျော့လာတတ်သည်။ နှစ်ဦးနှစ်ဖက် ညီမျှသော အချစ်သည်သာ စံပြအချစ်ဖြစ်သည်။ များသောအားဖြင့် စံချိန်တင် အချစ်မျိုးက တစ်ဦးထက်ပိုပြီး ကျန်တစ်ဦးမှာ မရှိနိုင်။ အချစ်ဆိုသည်မှာ ချိန်ခွင် ဖြစ်သည်။ တဖက်တစ်ချက်တွင် ချစ်သူနှစ်ဦးကို ယှဉ်ကာ ချိန်နေသည့် ချိန်ခွင်မျိုးဖြစ်သည်။

ချိန်ခွင်ဆိုသည်ကား ဘယ်အချိန်မှာ တန်းတူညီ ရှိနေတတ်ပါသနည်း။

ကံကြမ္မာက ချိန်ခွင်ကိုင်သူ ဖြစ်သည်ဟု ဆိုခဲ့လျှင် ...

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၆ )

Thrid Year Psychology တွင် ကျောင်းစတက်သည့်နေ့၌ ကြည်မင်းခန့်တို့လေးယောက်နှင့် ကျောင်းသူတစ်ယောက် နှစ်ယောက်သာ အတန်းထဲတွင်ရှိသည်။ လွန်းဆက်အိမ်ကတော့ ကျောင်းပြန်တက်ရ၍ ပျော်နေသည်။ သူကောင်မလေးနှင့်ကျောင်းဖွင့်ရက်တွင်သာ တွေ့ရသဖြင့် ကျောင်းတက်ရန် သူမှာ အားရှိနေသည်။ နေလရောင်နှင့်လင်းရာက ကြည်မင်းခန့်ဘေးတွင် ထိုင်လိုက်ပြီး လင်းရာက စကားကို အရင်စသည်။

"ကျောင်းပိတ်ရက်ကလည်း မြန်သလားမပြောနဲ့ကွာ ... ကလောမှာ ပျော်စရာကြီးကွ ... "

"မင်းက ကလောရောက်နေတာလား ... ငါက ထားဝယ်ဘက်ပါသွားတာ"

နေလရောင်က Lollipop စုပ်ရင်း ပြောလိုက်သည်။ လွန်းဆက်အိမ်ကတော့ ဘယ်မှမသွားသဖြင့် ဘာမှ မပြောပါ။ ခဏနေမှ





ကြည်မင်းခန့်ကို ကြည့်ကာ ...

"မင်းနဲ့ လက်ထိတ်ရော ကျောင်းပိတ်ရက်ထဲ တွေ့ဖြစ်သေး"

ကြည်မင်းခန့် ခေါင်းညိတ်ပြလိုက်သည်။ လွန်းဆက်အိမ်က ရယ်ကာ ဆက်ပြောသည်။

"ငါက မင်းနဲ့သူနဲ့ အဆင်မပြေရဲ့လားလို့ တွေးနေမိသေးတယ်၊ အဆင်ပြေလည်း ပြီးတာပါပဲကွာ ... "

"ငါ မေးစရာရှိတယ် လွန်းဆက် ... "

"အေး ... မေးလေ"

ကြည်မင်းခန့်က မပြောသေးပဲ စဉ်းစားနေသဖြင့် နေလရောင်ရော လင်းရာပါ ကြည်မင်းခန့်ကို ကြည့်နေကြသည်။

"ဘာမှ မဟုတ်တော့ပါဘူးကွာ ... ငါ ကန်တင်းမှာ သူ့ကိုသွားရှာလိုက်ဦးမယ်"

"ကန်တင်းမှာပဲ ရှိနေမှာလား"

"မပြောတတ်သေးဘူး ... "

ကြည်မင်းခန့် အဆောင်မှ ကန်တင်းဘက်သို့ လျှောက်လာခဲ့သည်။

"မဟုတ်ပါဘူးဟာ ... နင်ကလည်း"

"မယုံပါဘူး"

ကြည်မင်းခန့် အနောက်မှ အသံများကို နားထောင်နေရင်း လှည့်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟောသာ ..."

ဟောသာနွယ်ဝင်း ကြည်မင်းခန့်ကိုကြည့်ကာ ပြုံးလိုက်ပြီး

"ဘယ်လဲ ... ကြည်မင်းခန့် ... နင် ကဲန်တင်းမှာစောင့်နေ ငါ သူ့ကို ကျောင်းလိုက်အပ်ပေးလိုက်ဦးမယ်"

ကြည်မင်းခန့် သက်ပြင်းချပြီး ကဲန်တင်းထဲတွင် ဝင်ထိုင်နေလိုက်သည်။ တစ်နာရီခန့်အကြာတွင် ဟောသာနွယ်ဝင်း တစ်ယောက်ထဲ ရောက်လာသည်။ ကြည်မင်းခန့်ဘေးတွင် ဝင်ထိုင်လိုက်ပြီး သံပုရာရည်တစ်ခွက် မှာလိုက်သည်။

"ခုနကကောင်က ဘယ်သူလဲ ..."

"မင်းမြတ်ကျော်လေ ..."

သူမစိတ်ထဲ ဘယ်လိုဖြစ်နေလဲတော့ မပြောတတ် ... ကြည်မင်းခန့်ရင်ထဲ ဖြောင်းဆန်နေသည်။ သူမက ခပ်အေးအေးလေသံနှင့် ဖြေသော်လည်း ကြည်မင်းခန့် အနေနဲ့တော့ မအေးနိုင်။

"နင် သူနဲ့တွဲနေတာလား ... ဟောသာ"

"မတွဲပါဘူး ... ကျောင်းလိုက်အပ်ပေးတာလေ"

"အရင်နှစ်တွေတုန်းကရော ဘယ်သူလိုက်အပ်ပေးတာလဲ"

"ငါပဲလေ ..."

"ဟင်း ... ဟောသာ အခု နင့်ဘေးမှာ ငါရှိနေပြီလေ ... နင် သူ့ကို ကျောင်းလိုက်အပ်ဖို့ လိုသေးလို့လား၊ ငါ ခုနကတည်းက အဲဒီကောင်မှန်း မသိလို့ ..."

"သိတော့ရော နင်က ဘာလုပ်မလို့လဲ ..."





"ဆွဲထိုးမလို့ ... လောလောဆယ်တော့ သူ့ရှေ့မှာ ငါက ငပေါကြီး ဖြစ်သွားပြီ ... ဟောသာ၊ အဲဒါ ... အဲဒါ"

အဲဒါ ... မင်းကြောင့်ဟု ကြည်မင်းခန့် ပါးစပ်မှ ပြောလိုက်ချင်သည်။

သို့သော် ...

"အဲဒါ ... ငါ အသုံးမကျလို့ပဲ ... နောက်တစ်ခါ မင်းကို အဲဒီကောင်နဲ့ မမြင်ချင်ဘူး၊ အဲလိုမှ မဟုတ်ရင် မင်း ငါ့ကို မမြင်ရတော့ပဲ နေသွားရလိမ့်မယ် ..."

"ကြည်မင်းခန့် ... နင်အခု ဒေါသထွက်နေတာလားဟင်"

"အဲလို မထင်ရင်လည်း ငါနောက်နေတယ်လို့ပဲ သဘောထားလိုက်ပေါ့ ..."

"နင်ကလည်း သူနဲ့ငါက သူငယ်ချင်းပါဟာ ... သူ့ဘက်က မရိုးသားပေမယ့် ငါ့ဘက်က ရိုးသားပါတယ်"

"နင့်ဘက်က မရိုးရင်လည်း ငါမတတ်နိုင်တော့ဘူးလေ ဟောသာ ..."

"အေးပါ ... ငါသိပါတယ်"

"ငါ့ကိုစိတ်လေအောင် မလုပ်ပါနဲ့လား ဟောသာရယ်"

"တကယ်တော့ သူနဲ့ငါက ဟိုးငယ်ငယ်လေးထဲက ခင်လာကြတာလေ ... အခုလည်း ငါ့ကို အဖြေလိုက်တောင်းနေတာ ကြည်မင်းခန့်"

ကြည်မင်းခန့် မျက်စိကို စုံမှိတ်လိုက်သည်။ သက်ပြင်းရှည်



www.burmeseclassic.com

www.burmeseclassic.com



ကို ညင်သာစွာ ချလိုက်ပြီး ...

"နှင် စဉ်းစားပေးမယ်လို့ ပြောခဲ့လား ဟေသာ ... "

"ဟုတ်တယ် ... ကြည်မင်းခန့်"

"စကားတစ်ခုရှိတယ် ဟေသာ ... အနေဝေးရင် သွေးအေးတယ်တဲ့၊ တွေ့ပါများရင် ရိုးတတ်တယ်တဲ့ နှင်နဲ့ငါက အနေမဝေးတဲ့အတွက် သွေးတော့မအေးခဲ့ပါဘူး၊ ဒါပေမဲ့ တွေ့ပါများတော့ နှင့်ဘက်က ရိုးသွားပြီလို့ ငါထင်တယ် ... နှင် စိတ်ကြိုက်လုပ်ပါ ဟေသာ ... "

"ကြည်မင်းခန့် ... "

"ဒါပေမဲ့ ... ငါ့ကိုတော့ လွတ်မြောက်ခွင့်ပေးပါ"

"ကြည်မင်းခန့် ငါလေ ... "

"နှင် သူ့ကို ငါ့ထက်သံယောဇဉ်ရှိတာ ငါသိပါတယ်ဟေသာ ငါပြောမှုးသားပဲ ... ငါ့အချစ်က တစ်ဖက်သတ်အချစ်ပါလို့ တဖက်သတ်အချစ်ဆိုတာ အရှုံးချည်းပဲလေ ... ဒါပေမယ့် ငါ ခွင့်လွှတ်ပါတယ်၊ ငါနှုတ်ဆက်ခဲ့တယ်နော် ... bye bye ... "

"ကြည်မင်းခန့် ... "

ကြည်မင်းခန့် ဟေသာနွယ်ဝင်းကို လှည့်မကြည့်တော့ဘဲ အဆောင်ဘက်သို့ လာခဲ့သည်။ အဆောင်ထဲမှ ထွက်လာသော နေလရောင်တို့ ကြည်မင်းခန့်ကိုကြည့်ကာ ...

"ကြည်မင်းခန့် ... ဆရာမလာ ... "

လင်းရာ စကားပင်မဆုံးသေး အဆောင်ပေါ် ပြေးတက်သွား





သည့် ကြည်မင်းခန့်ကိုကြည့်ကာ ကြောင်အမ်းအမ်း ဖြစ်နေကြသည်။

"မင်းတို့ ကဲန်တင်းကစောင့်နေ ငါဒီကောင့်ကိုခေါ်လာခဲ့မယ် ... "

လွန်းဆက်အိမ် အဆောင်ပေါ် ပြန်တက်လာလိုက်သည်။ အတန်းထဲတွင် ကြည်မင်းခန့်တစ်ယောက်တည်း ထိုင်နေသဖြင့် လွန်းဆက်အိမ် ဝင်ထိုင်လိုက်သည်။

"အချစ်က လှည့်စားတတ်တဲ့လူတွေကို မျက်နှာသာပေးပြီး ရိုးသားတဲ့ လူတွေကို ရက်စက်တတ်သလား လွန်းဆက်"

" ... "

"ငါ ... မင်းပြောတဲ့ ဒီဂရီထိ ရောက်နေပြီထင်တယ်၊ တော်တော် ခံစားရတယ် ... "

"မင်း ... ဘာဖြစ်လာတယ်ဆိုတာ ပြောဦးလေကွာ"

"ငါ သူ့အတွက် ကြယ်တွေခေါက်ထားတာ ပေးတောင်မပေးခဲ့လိုက်ရဘူး ... သူ ငါ့ဘေးနားက ထွက်သွားပြီ လွန်းဆက်"

"မင်းကိုငါ မပြောဘူးလား ... လက်ထိတ်ကို သတိထားပါဆို ... ခုတော့ မင်းခံစားနေပြီ မဟုတ်လား"

"ငါ ကြောက်နေတယ် လွန်းဆက် ... "

"ဘာကို ကြောက်တာလဲ ... "

"သူ့ကို မေ့လို့မရမှာ ကြောက်နေတယ်၊ ငါ့နှလုံးသားက သူ့ အပြင် တခြားလူတွေကို ချစ်မရတော့မှာလည်း ကြောက်နေတယ်၊ အချစ်ဆိုတာ ထပ်တလဲလဲ ရှင်သန်တဲ့အရာပါနော် ... နော်



www.burmeseclassic.com

www.burmeseclassic.com



လွန်းဆက် ... ငါ့အချစ်က သူ့တစ်ယောက်အတွက်နဲ့ မသေဆုံးဘူး နော် မဟုတ်လား ... "

"အဓိပ္ပာယ် မရှိတာတွေတွေးပြီး ကြောက်မနေစမ်းပါနဲ့ကွာ မိန်းမတစ်ယောက်က မင်းဘဝကို ဖျက်ဆီးနိုင်စွမ်းမရှိဘူး၊ ဒါပေမဲ့ မင်းစိတ်နဲ့ မင်းဘဝကိုတော့ ဖျက်ဆီးနိုင်စွမ်းရှိတယ် ကြည်မင်းခန့် အရင်လိုပဲ ငါတို့နဲ့ ပျော်ပျော်နေစမ်းပါ ... ဟိုကောင်တွေသိရင် လည်း စိတ်ကောင်းမှာ မဟုတ်ဘူး ... လာ ... ထ ကဲန်တင်းသွား မယ်"

"ငါတစ်ယောက်ထဲ နေချင်တယ်ကွာ ... "

"မနေရပါဘူး ... ငါတို့ကိုချစ်ရင် လိုက်ကိုလိုက်ရမယ် လာ"

"ကဲန်တင်းမှာ သူရှိတယ်"

"တခြား ကဲန်တင်းကို ပြောင်းထိုင်မယ်ကွာ ... လာပါဆို မှ ... "

လွန်းဆက်အိမ် အတင်းဆွဲခေါ်သဖြင့် ကြည်မင်းခန့် ကဲန်တင်းသို့ ပါလာခဲ့သည်။ ဟေသာနွယ်ဝင်းကတော့ မရှိတော့ပါ။ အမှန်တကယ်လည်း ကြည်မင်းခန့် ဘဝထဲတွင် မရှိတော့ပါ။ အချစ်က အင်အားကြီးမားတဲ့ မုန်တိုင်းတစ်ခုဆိုလျှင် ဟေသာနွယ်ဝင်းက မုန်တိုင်းနောက်သို့ ပြင်းထန်စွာ ရိုက်ခတ်ပါသွားလေပြီ။

အခန်း ( ၇ )

ကြည်မင်းခန့် ကျောင်းမသွားရက်ဆက်လာသလို အိမ်တွင်း အောင်းနေသည့်ရက်လည်း များလာသည်။

ကိုယ့်ကိုယ်ကို ဖြေသိမ့်ရင်း အိမ်တွင်းပုန်းဖြစ်နေသည်။ နံရံ တိုင်းတွင် နားတွေရှိသည်။ ဟေသာနွယ်ဝင်း သတင်းကို ခပ်မှန်မှန် ကြားနေရသည်။ နေလရောင်တို့ လာတိုင်း အထူးတလည်လုပ်ပြီး မေးနေခြင်းတော့ မဟုတ်ပါ။ သူတို့ ကိုယ်၌က အထူးတလည်လုပ် တာ ပြောနေခြင်းဖြစ်သည်။

"မင်းမြတ်ကျော်တဲ့ ကျောင်းပြောင်းလာတာထင်လို့ ... ငါ တော့ တစ်ခါမှ မတွေ့ဖူးပါဘူး ... လက်ထိတ်နဲ့ အခုတွဲနေတာ"

နေလရောင်စကားကို ပြုံးကာနားထောင်နေတုန်း လင်းရာ က ဝင်ပြောပြန်သည်။

"မင်းနဲ့အရင် ထိုင်နေကျ ခုံမှာပဲ နှစ်ယောက်သား ထိုင်နေ ကြတာ ... "



www.burmeseclassic.com

www.burmeseclassic.com



လွန်းဆက်အိမ်ကတော့ မပြောပါ။ သိရက်နဲ့ မပြောတာပဲ ဖြစ်မည်။ နေလရောင်က ဒေါသထွက်သည့် လေသံနှင့်ထပ်ပြော သည်။

"ငါတို့ရှေ့မှာလည်း အေးဆေးပဲ ကြည်မင်းခန့် ... မင်း ကျောင်းမလာတာသိရက်နဲ့ တစ်ချက်တောင် မမေးဘူး၊ ဘယ် လောက် အသည်းယားဖို့ကောင်းသလဲ ... "

"သူ ... အဆင်ပြေတယ် မဟုတ်လား ... "

"အဆင်မပြေလည်း ငါတို့က ဂရုမစိုက်ပါဘူး ... ငါတို့ စိတ် ပူတာက မင်းပဲ ... အဆင်မပြေမှာစိုးတာ ... "

ကြည်မင်းခန့်ကို ကြည့်ကာ လွန်းဆက်အိမ် ပြောလိုက်သ ဖြင့် နေလရောင်နှင့် လင်းရာတို့ ခေါင်းညိတ်ကြသည်။ လွန်းဆက် အိမ်က ကြည်မင်းခန့်ပခုံးကို ပုတ်ကာ ...

"ကျောင်းကို လာတက်စမ်းပါ ... ကြည်မင်းခန့်ရာ၊ မင်းရှိလို့ ကျောင်းကြီးက မထူးခြားပေမယ့် မင်းမရှိတော့ ထူးခြားနေတယ်"

"ငါ ကျောင်းကို မတက်ဖို့တောင် မေမေ့ကို ပြောပြီးပြီ"

ကြည်မင်းခန့်စကားကို နေလရောင်က ခေါင်းခါကာငြင်း သည်။

"မတက်လို့ကိုမရဘူး ... ဘာလဲ မင်းက မိန်းမတစ်ယောက် အတွက်နဲ့ ပညာကိုရေး အဆုံးရှုံးခံတော့မလို့လား ... သွားစမ်းပါ ကွာ ... မိန်းမများ တပုံကြီးပဲ ... ခံစားမနေနဲ့ ... မင်းအခုလို ခံစားနေတဲ့အချိန် သူကတော့ တခြားတစ်ယောက်နဲ့ ပျော်နေတာ





နော့လို ... "

နေလရောင် စကားတွေ တသီးကြီးပြောနေသော်လည်း ကြည်မင်းခန့် မကြားချင်တော့ပါ။ တကယ်တော့ ချစ်မိပြီဆိုက အသည်းက အဲဒီလူကို ကျောပိုးထားရသလိုပဲ ဝန်တွေပိလာသည်။

ငါဟာ နင့်ကို မနိုင်နိုင်အောင် ကျောပိုးထားခဲ့ဖူးတယ် ... မနိုင်တော့မှန်း သိရက်နဲ့လည်း ပစ်မချထားခဲ့ရက်ဘူး ... ဒါပေမဲ့ အခုတော့ နင်က ငါ့နောက်ကျောကို ဓားနဲ့ထိုးသွားခဲ့ပြီပဲ။ ငါပစ်မချ ခဲ့ပေမယ့် နင်ခုန်ဆင်းသွားခဲ့လို့ ငါဟာ တစ်ယောက်တည်း ကျန်နေ ခဲ့ပြီပေါ့။ ငါ ဟန်ဆောင်ပြီးတော့ နှုတ်ဆက်ခဲ့ရပေမယ့် ငါ့ရင်ထဲ က အချစ်တွေကတော့ ဟန်မဆောင်တတ်ကြဘူး ... သူတို့တွေ နာကျင်နေတာ ငါသိနေတယ် ... နင်လည်း သိပါတယ် ... နင်သာ သိချင်ယောင်ဆောင်နေခဲ့တာပါ ... ။ နင် ငါ့ကိုစိတ်မနာပါဘူး နာကြည်းတယ်ဆိုတာ ချစ်မိတဲ့လူမှ နာကြည်းလို့ရတာ ... နင် ငါ့ ကို မနာကြည်းပါဘူး ... နင်မှ ငါ့ကိုမချစ်ခဲ့ပဲ။ ငါကတော့ နင့်ကို စိတ်နာတယ် ... ငါ နင့်ကို အရမ်းချစ်ခဲ့မိလို့ပါ ... ငါပေးခဲ့တဲ့ အချစ် တွေကို ငါပြန်မတောင်းပေမယ့်လည်း နင်ကိုယ်တိုင် ပြန်လာပေး တဲ့အခါ ငါကြည်ဖြူစွာနဲ့လက်ခံပါ့မယ် ... ချစ်သူ ... ။

"နင် ... ဘာလို့ကျောင်းမလာတာလဲ ... ကြည်မင်းခန့်"

ကြည်မင်းခန့်ဘေးတွင် ဟေသာနွယ်ဝင်း ခုံဆွဲကာထိုင်လိုက် ပြီး ပြောသည်။ ကြည်မင်းခန့် ကြိုးစားပြုံးလိုက်ပြီး ကော်ဖီခွက်ကို သာ ကြည့်နေလိုက်သည်။

"နင် ... ဒီနေ့မှ ကျောင်းလာတာမဟုတ်လား၊ နေမကောင်း



www.burmeseclassic.com

www.burmeseclassic.com



လို့လား ... ”

“ဒီလိုပါပဲ ... ”

“အရမ်းကြီး နေမကောင်းဖြစ်လို့လား ... ”

“ပျောက်သွားပါပြီ ... နင့်လူရော မပါဘူးလား”

“နင်နဲ့ငါ့ကြားမှာ ခန့်ဖို့လိုလား ကြည်မင်းခန့် ... ”

“ငါ အကောင်းပြောတာပါ ... ဒီအတိုင်းပဲ မေးကြည့်တာ နင်မဖြေချင်ရင် အဲဒီမေးခွန်းကို ကျော်လို့ရသားပဲ ... ”

“သူ ... အတန်းတက်နေတယ်”

“သူ့ ခွင့်ပြုချက်နဲ့လာတာလား”

ကြည်မင်းခန့်ကို တစ်ချက်စောင်းကြည့်လိုက်သည်။

“ငါ့သဘောနဲ့ ငါလာတာ ... ”

“ကိစ္စက ... ”

“အစကတော့ ပေးစရာရှိလို့ပဲ ... ဒါပေမဲ့ နင်ကျောင်း မလာတဲ့ရက်တွေမှာ ငါပြန်စဉ်းစားမိပြီး ပြောစရာရှိလို့ ... ”

“ပြော် ... ”

ကြည်မင်းခန့်ကို ဟေသာနွယ်ဝင်း တစ်ချက်တစ်ချက် လှမ်းကြည့်သည်။ ကြည်မင်းခန့်ကတော့ ကြည့်မနေပါ။ ဟေသာနွယ်ဝင်းက လေသံကိုနှိမ့်ချကာ ဆက်ပြောသည်။

“ငါ ... နင့်ကို တောင်းပန်ပါတယ် ကြည်မင်းခန့်၊ ငါ နင့်လောက်တောင် မင်းမြတ်ကျော်ကို ခံစားလို့မရဘူး ဖြစ်နေတယ်”

“အဲဒီတော့ ... ငါက ကူညီပေးရမယ်ပေါ့”





“ငါ နင်နဲ့ ပြန်တွဲချင်တယ်”

ကြည်မင်းခန့် ခဏတာငြိမ်သက်သွားသည်။ ဟေသာနွယ် [illegible]ကို ကြည့်တော့လည်း ကြည်မင်းခန့် မျက်လုံးစိမ်းနဲ့ ကြည့်မနေ [illegible] ရင်းနှီးသည့် အငွေ့အသက်များကို ကြည်မင်းခန့် တွေ့နေရ [illegible]သည်။

“ကြိုးတစ်ချောင်းက ပြတ်သွားပြီဆိုရင် ပြန်ဆက်ဖို့က ထုံးမှ [illegible]တယ်၊ ထုံးလိုက်လို့ ပြန်ဆက်သွားတယ်ဆိုရင်တောင် နဂိုပုံစံက [illegible]သွားပြီလေ ... နင်နဲ့ ငါ့ကြားမှာ ပြတ်ရင်ပြတ်သွားသလိုပဲ [illegible]လိုက်ပါတော့ ကြိုးစားပန်းစား ထုံးနေလည်း ဇါ့စိတ်က အရင် [illegible] ပုံစံမျိုးနဲ့ မဟုတ်တော့ဘူးလေ ... ငါ အတန်းသွားတက်လိုက် [illegible]ယ် ... ”

ဟေသာနွယ်ဝင်းကို နောက်ဆုံးအနေနှင့် ပြုံးပြလိုက်ပြီး [illegible]လာခဲ့သည်။ ငါ့ကို နားလည်ပေးပါ ဟေသာရယ် ... သစ္စာ [illegible]တ်မှုတဲ့ လူတစ်ယောက်က နောက်ထပ် သစ္စာထပ်ဖောက်ဖို့ [illegible]လေးဘူး ... ဒါပေမဲ့ ငါ့အသည်းနှလုံးတော့ နှစ်ခါ ဒဏ်ရာ [illegible]င်ဘူး ... ဒဏ်ရာ ကျက်ခါနီးမှ နင်အသည်းထပ်ခွဲလိုက်ရင် ငါ့မှာ [illegible]ရှုတ်ကြီးနဲ့ တဘဝလုံး နင့်ကို မုန်းမိလိမ့်မယ် ... ငါ့ကို နားလည် [illegible]ါ ... ။

“မင်း ... ကျောင်းမတက်ဘူးထင်လို့ ဖယ်ရီတောင် အဲဒီဘက် [illegible]က မမောင်းနိုင်ဘူး ... ”

နေလရောင်က အတန်းထဲရောက်ရောက်ချင်း ပြောသည်။



www.burmeseclassic.com

လွန်းဆက်အိမ် ပြုံးပြသဖြင့် ကြည်မင်းခန့် ပြုံးပြလိုက်သည်။ လင်းရာက ဆတ်ခနဲ ထလိုက်ပြီး ...

"ကဲ ... ကဲ ... တို့ရဲ့ ဘော်ဘော်ကြီး ကျောင်းပြန်တက်ပြီဆိုတော့ မကြားရသေးတဲ့ သတင်းတချို့ကို ကြားရစေမယ် ... အဟမ်း ... "

ကြည်မင်းခန့် လင်းရာကို ကြည့်ကာ မျက်ခုံးပင့်ပြသဖြင့် နေလရောင်က ကြားဖြတ်ပြောသည်။

"အတန်းထဲကို တစ်ချက်ကြည့်လိုက်စမ်း ဘာတွေထူးခြားသွားလဲလို့ ... "

ကြည်မင်းခန့် အတန်းထဲသို့ မျက်လုံးဝေ့ကြည့်လိုက်သည်။ ခဏနေမှ ဆက်ပြောသည်။

"မိပေါက်တို့အဖွဲ့ကို မတွေ့ပါလား ... "

"ဟာ ဟ ... ဘယ်တွေ့မလဲ သူတို့ Secaond year မှာ ကျန်နေခဲ့တယ်လေ ... "

ကြည်မင်းခန့်အမေးကို လင်းရာကဖြေသည်။ နေလရောင်က ဆက်ကာပြောသည်။

"မိပေါက်တို့အဖွဲ့ ကျသွားလို့ အတန်းကငြိမ်သွားပြီမထင် နဲ့ Final က မမတွေကျလို့ အဲခုဒီအတန်းမှာပဲ ပြန်တက်နေတယ်"

"Final က ... "

ကြည်မင်းခန့်ကို လွန်းဆက်အိမ် ကြည့်လိုက်ပြီး အကြောဆန့်ကာ ထပ်ပြောပြန်သည်။

"Final က သုံးယောက်ကျတဲ့အထဲမှာ မမတစ်ယောက်





တော့ ချစ်စရာလေးပဲ"

"နာမည်က ဘာတဲ့လဲ ... "

"ငါတို့လည်း မသိသေးဘူး ... သူလည်း မင်းလိုဘဲ တက်လိုက်မတက်လိုက်နဲ့ ... "

လင်းရာက ခေါင်းကုတ်ကာ ပြောလိုက်သဖြင့် ကြည်မင်းခန့် ဆက်မမေးဖြစ်တော့။ ဆရာမဝင်လာသဖြင့် ပထမတစ်ချိန်တော့ စာကို ကောင်းကောင်းသင်လိုက်သည်။ ပထမအချိန်နှင့် ဒုတိယအချိန် ဆက်နေသဖြင့် ကြည်မင်းခန့် လစ်ပြေးချိန်မရလိုက်။ Roll call ထိုးကာ လွန်းဆက်အိမ်တို့ကို ကဲန်တင်းလိုက်လာရန် မှာလိုက်ပြီး လေးဘက်ထောက်ကာ အပေါက်ဝသို့ အလာ။

"အမလေး ... "

"ဟ ... ဘာလဲ"

"ဘာဖြစ်တာလဲဟေ့ ... "

ဆရာ့အသံက ဟိန်းထွက်လာသည်။ ကြည်မင်းခန့် စိတ်ညစ်ညစ်နှင့် အပေါက်ဝတွင် ရပ်နေသော သူမကို မျက်စောင်းထိုးကြည့်လိုက်သည်။ ကျောင်းသားများ ကြည့်နေသဖြင့် နေရာတွင် ငြိမ်ထိုင်လိုက်သည်။ (ကျောင်းသားဆိုသည်မှာ ကျောင်းသူ၊ ကျောင်းသား အားလုံးကို ရည်ညွှန်းပါသည်။) လွန်းဆက်အိမ် အသံတိတ်ရယ်လိုက်ပြီး လေသံတိုးတိုးဖြင့် ပြောသည်။

"ဟေ့ကောင် ... ကဲန်တင်းမသွားသေးဘူးလား ... "

"ငါတို့ပြီးရင် လာခဲ့ပါ့မယ်ဆို ... ဟဟ ... "



www.burmeseclassic.com

နေလရောင်နှင့်လင်းရာတို့ ကျောကုန်းကို လက်သီးနှင့်ထိုးလိုက်ပြီး သူမကိုကြည့်လိုက်သည်။ သူမကလည်း မျက်လုံးအဝိုင်းသားနှင့် အပြစ်မကင်းသလို ငုံကြည့်နေသဖြင့် ကြည်မင်းခန့် မျက်နှာလွှဲလိုက်သည်။ နေလရောင်က ကြည်မင်းခန့်ကို လှည့်ကြည့်လိုက်ပြီး ...

"အဲဒါ ... ငါတို့ပြောတဲ့ Final က မမငလေ ... လှတယ်နော်"

"မကြိုက်ပါဘူး ... "

"ဘယ်သူက မင်းကိုကြိုက်ခိုင်းနေလို့လဲ ... မင်းကြိုက်တယ်ဆိုရင်တောင် သူမှာဖောင်မရှိလောက်တော့ဘူး ... ငါတို့ အဖွဲ့က လွဲရင် ကျန်ခဲ့ကောင်တွေက အမဲရိုးလိုပဲ လိုက်လုနေတာ ... "

လင်းရာက နှာခေါင်းရှုံ့ကာ ပြောလိုက်သဖြင့် ကြည်မင်းခန့် သူမကိုထပ်ကြည့်လိုက်သည်။ သူမကတော့ ကြည့်မနေပါ။ ဒုတိယ တစ်ချိန်ပြီးသည်အထိ ကြည်မင်းခန့် အောင့်အီးကာ ထိုင်နေလိုက်သည်။ ဆရာ ထွက်သွားသည်နှင့် လွတ်အိတ်ထဲ စာအုပ်ကို ထိုးထည့်လိုက်ပြီး ...

"နောက်တစ်ချိန် မင်းတို့တက်မှာလား Roll call ထိုးထားလိုက်"

"မတက်ပါဘူး ... ငါတို့လည်း လိုက်မှာ ... ဒီအခန်းနဲ့ငါတို့က မတည့်ဘူးထင်တယ် ... တစ်စက်လေးမှကို မတက်ချင်ဘူး။ လာ ကဲန်တင်းကို သွားမယ် ... "

ကြည်မင်းခန့် သူမကို တစ်ချက်ကြည့်လိုက်သည်။ သူမက





လည်း လှည့်ကြည့်သဖြင့် မသိချင်ယောင်ဆောင်ကာ ထွက်လာခဲ့သည်။ လွန်းဆက်အိမ်က နောက်မှပြေးလိုက်လာကာ ကြည်မင်းခန့်ကို ပခုံးဖက်လိုက်ပြီး သီချင်းဆိုလိုက်သည်။

"မမက သိပ်တည်တယ် ... မမနဲ့သိချင်တယ် ... မမရယ်ချစ်နေတယ် ... "

ကြည်မင်းခန့် မျက်စောင်းထိုးလိုက်သဖြင့် လွန်းဆက်အိမ်တို့ ရယ်ကြသည်။ (ဒီနေရာမှာ မျက်စောင်းထိုးတာလေးကို တဆိတ် လောက်ရှင်းပြပါရစေ ... ယောကျ်ားလေးများက မျက်စောင်း သိပ် မထိုးတတ်ကြပါဘူး ..., ထောင့်မကျိုးတဲ့ မျက်လုံးမျိုးနှင့် စောင်း ကြည့်တာကို မှတ်ရလွယ်အောင် မျက်စောင်းထိုးသည်ဟု ဆိုလို သည်။)

"ငါတို့ ကဲန်တင်းပြောင်းထိုင်ကြမလား ... "

လွန်းဆက်အိမ်စကားကို နေလရောင်နှင့်လင်းရာတို့ ကန့်ကွက်ကြသည်။

"မပြောင်းဘူး ... အခု ကဲန်တင်းမှာ ဂျာနယ်လည်း အေးဆေးအိပ်ပြီး ဖတ်လို့ရတယ် ... အကြွေးလည်း ထားလို့ရတယ် ... ယုတ်စွအဆုံးကွာ စာပွဲထိုးကိုတောင် ကြိုက်တဲ့ကောင်မလေးသက် ညှိုးထိုးပြီး စာပေးခိုင်းလို့ရတယ် ... ရှင်းလား"

နေလရောင် စကားကို လွန်းဆက်အိမ်က မျက်လုံးပြူးကာ ကြည်မင်းခန့်ကို မျက်စလှမ်းပစ်လိုက်သဖြင့် နေလရောင်က ကြည်မင်းခန့်ကိုကြည့်ကာ ...

www.burmeseclassic.com



"ဩော် ... အဲ့လိုလား ... "

ကြည်မင်းခန့် နေလရောင်တို့ကို ကြည့်လိုက်ပြီး ပြောသည်။

"ငါ့ကြောင့်ဆိုရင်တော့ ကန်တင်းပြောင်းစရာ မလိုပါဘူး ကွာ ... ငါ သူနဲ့ ပြတ်ပြတ်သားသား ဖြစ်သွားပါပြီ"

"မြင်နေရတော့ မင်းစိတ်ထဲ မကောင်းမှာစိုးလို့ပါ ... "

လွှန်းဆက်အိမ်ကို ကြည်မင်းခန့် ပခုံးပြန်ဖက်လိုက်ပြီး ပြုံးလိုက်သည်။

"ကန်တင်းပြောင်းလိုက်တော့ရော ကျောင်းထဲမှာ ထပ် မတွေ့ရတော့ဘူးလား ... ထားလိုက်ပါတော့ ရည်းစားဟောင်းနဲ့ တစ်ခန်းထဲမှာ အတူတူစာသင်နေကြတဲ့ လူတွေတောင် ရှိသေးတာ ပဲ ... ငါနဲ့ သူနဲ့က မကျွာကွာပါတယ် ... စိတ်ချပါ"

"အေးလေ ... မင်းဘက်ကပြီးရင်လည်း ငါတို့ဘက်ကပြီးပါ တယ်"

လင်းရာက ကြားဖြတ်ပြောလိုက်ပြီး ကြည်မင်းခန့်ကို လွှန်း ဆက်အိမ်နှင့် အပြိုင်ပခုံးဖက်လိုက်သဖြင့် နေလရောင်လည်း ကြည် မင်းခန့်ကို ကတ်သီးကတ်သပ် ပခုံးလာဖက်သည်။ ကြည်မင်းခန့် ကိုယ်လွတ်ရုန်းကာ ထွက်ပြေးသဖြင့် နေလရောင်တို့အနောက်မှ ပြေးလိုက်ကြတော့သည်။ အခုတော့လည်း ပျော်စရာကြီးလိုပေါ့ လေ ... ။

---

အခန်း ( ၈ )

လင်းရာစကားကို ကြည်မင်းခန့်မှလွဲ၍ စိတ်ဝင်တစား နား ထောင်နေကြသည်။ ကြည်မင်းခန့်ကတော့ စားပွဲပေါ်မေးထောက် ကာ နားထောင်ရုံမျှသာ နားထောင်နေသည်။ လင်းရာက အားတက်သရော လေသံနှင့်ပြောသည်။

"မမနှာမည်က ဘယ်လိုခေါ်လဲဟင်လို့ မျက်နှာငယ်လေးနဲ့ မေးလိုက်ရော ... "

"ပါးဖြတ်ရိုက်လိုက်ရောလား ... "

နေလရောင် ဝင်နှောက်လိုက်သဖြင့် ကြည်မင်းခန့်နှင့် လွှန်း ဆက်အိမ်တို့ရယ်ကြသည်။

လင်းရာက နေလရောင်ကိုကြည့်ပြီး ဒေါသထွက်သွားသည်။

"ဘာကိစ္စနဲ့ ပါးရိုက်ရမှာလဲ ... မမက ပြန်ပြောတယ်"

"ဘာပြောလဲ ... ပါးယားနေသလားတဲ့လား ... ဟဟား"

"တော်ကွာ ... တော် ... တော် နေလရောင် မင်းနား

www.burmeseclassic.com

www.burmeseclassic.com



ထောင်ချင်ရင် နားပိတ်ထား”

“စတာပါကွာ ... နာမည်က ဘာတဲ့လဲ”

“နေချယ်ရီတဲ့ ... ”

“ငါနဲ့ ရှေ့နာမည်တစ်လုံး တူတယ်ကွ ... ”

နေလရောင်ကတော့ သူနှင့်နာမည်တစ်လုံးတူသဖြင့် အားရဝမ်းသာစွာပြောနေသည်။ ကြည်မင်းခန့် စိတ်ထဲမှာ သူမနာမည်ကို ရေရွတ်နေမိသည်။ နာမည်လေးကတော့ လှပါရဲ့ ... လူကလည်း လှပါတယ် ... စိတ်ဓာတ်ကရော လှရဲ့လား ... ။ ဒါတော့ အတွင်းထဲကစိတ်မှ ပေါင်းကြည့်မှသာ သိမည်။ ကိုယ်ကိုယ်တိုင် စိတ်လှမလှ ဆိုတာ မသိနိုင်။ ဘေးလူမှသာ သိနိုင်သည်။

“ငါ ဖတ်စာအုပ်သွားဝယ်မလို့ လိုက်ဦးမလား”

“ဒီကပဲ စောင့်နေမယ် ... ကြည်မင်းခန့်”

နေလရောင်ကိုကြည့်ကာ ခေါင်းညိတ်ပြလိုက်ပြီး စာအုပ်ဝယ်ရန် ရုံးခန်းသို့ လာခဲ့သည်။ နာရီကြည့်လိုက်ပြီး ထမင်းစားချိန်ဖြစ်သဖြင့် ကြည်မင်းခန့် အဆောင်ရှေ့မှ အရိပ်တွင် ထိုင်နေလိုက်သည်။

“စာအုပ်လာဝယ်လာတာ ... ”

ကြည်မင်းခန့်ကို မေးလိုက်သဖြင့် မသိမသာခေါင်းညိတ်လိုက်မိသည်။ သူမက ထီးအပြာလေးကိုပိတ်ကာ ကြည်မင်းခန့်ဘေးမှ နေရာလွတ်တွင် ဆောင့်ဆောင့်လေး ထိုင်ကာ ကြည်မင်းခန့်ကို ကြည့်သည်။ ပြီးမှ သူ့သူငယ်ချင်းကို ပြောသည့် တရင်းတနှီးလေသံ





နှင့် ပြောသည်။

“ဒီအချိန် အပေါ်တက်ဝယ်ရင်တော့ ပါချုပ်တို့ ထမင်းစားနေပြီထင်တယ် ... နေကလည်း ပူလိုက်တာနော် ... မိုးရွာရင် ကောင်းမယ်”

“လူတွေ သေကုန်မှာပေါ့ ... ”

ကြည်မင်းခန့်ကလည်း သူငယ်ချင်းတစ်ယောက်လို သဘောထားကာ ပြန်ပြောလိုက်သဖြင့် သူမ ပါးချိုင့်ပေါ်အောင် ပြုံးလိုက်ပြီး ...

“မသေချင်သေးဘူး ဆိုပါတော့ ... ”

“လူဆိုတာ တစ်နေ့တော့ သေရမှာချည်းပဲလေ ... မပြင်ဆင်ရသေးဘဲနဲ့တော့ မသေချင်ပါဘူး”

သူမက ကြည်မင်းခန့်ကို မျက်လုံးအဝိုင်းသားနှင့်ကြည့်ကာ မေးလိုက်ပြန်သည်။ (သိပ်တော့ မဝိုင်းပါ ... သူမ မျက်လုံးလေးများက အနည်းငယ်မှေးနေသည်။)

“ဘာတွေကို မပြင်ဆင်ရသေးလို့လဲ ... ”

“မိဘလည်း မလုပ်ကျွေးရသေးဘူး။ မိန်းမလည်း မယူရသေးဘူး ... မျိုးဆက်တုံးသွားရင် အခုသင်ထားတဲ့ Psycho အတွေးတွေ ... အလဟဿဖြစ်ကုန်မှာ”

ကြည်မင်းခန့် စကားကို သူမက ပွင့်ပွင့်လင်းလင်း ရယ်လိုက်သည်။ သူမ ရယ်လိုက်ရင် မျက်လုံးလေး မှေးသွားတာကို ကြည်မင်းခန့် ကြည့်ကောင်းကောင်းနှင့် ကြည့်နေမိသည်။ သူမက



www.burmeseclassic.com

www.burmeseclassic.com



အရယ်ရဲလိုက်ပြီး မိတ်ဆက်သည်။

"တို့နာမည်က နေချယ်ရီလို့ခေါ်တယ် ... သူကရော"

"ကံကောင်းတဲ့ လူလို့ခေါ်တယ်"

"ဘယ်လို ... "

"နေချယ်ရီက ဝိုင်းဝိုင်းလည်နေတဲ့လူလေ ... ကျွန်တော့်ကို အခုလို လာမိတ်ဆက်တဲ့အတွက် ကျွန်တော်က ကံကောင်းတဲ့လူပေါ့ ... "

"ဟင် ... ဝိုင်းဝိုင်းလည်နေတယ် ... ဘယ်သူကပြောတာလဲ"

"ဒီလိုပဲ ကြားမိတာပေါ့ ... မှားသွားလို့လား"

"မသိဘူး ... လူတွေကတော့ အဲလိုပဲပြောနေကြတာပဲ ... နေချယ်ရီက မာနတော့ မကြီးတတ်ပါဘူး ... "

"ကျွန်တော့်နာမည်က ကြည်မင်းခန့်ပါ ... "

"သူလည်း နာမည်ကြီးနေတဲ့လူပဲနော် ... "

"ကျွန်တော် ... ကျွန်တော်က ဘာများ နာမည်ကြီးနေလို့လဲ ... "

"ရည်းစားနဲ့ပြတ်ပြီး ... ကျောင်းမတက်တာ တစ်လလောက်ရှိတယ်တဲ့ ... "

"ဗျာ ... "

"တော်တော်ချစ်ပုံရတယ်နော် ... "

"အတိတ်ကို နောက်ပြန်ကြည့်မိမှာစိုးလို့ ကျွန်တော် သူမ်း





တွေနဲ့ သိပ်မဆက်ဆံဖြစ်ဘူး ... "

"ဆောရီးနော် ... တို့ စကားမှားသွားတယ်ထင်တယ်"

"ထားလိုက်ပါတော့ စာအုပ်သွားဝယ်ကြရအောင်"

"အင်း ... "

ကြည်မင်းခန့်နှင့် နေချယ်ရီ စာအုပ်ဝယ်ပြီး ကဲန်တင်းဘက်သို့ လျှောက်လာသည်။ မျက်နှာချင်းဆိုင်မှ လာသော ဟေသာနွယ်ဝင်းကို ကြည်မင်းခန့် တွေ့လိုက်သည်နှင့် တစ်ဘက်သို့ မျက်နှာလွှဲလိုက်သည်။

"ဘယ်လဲ မမ ... ကျောင်းမပြီးသေးဘူးလား"

"ဟုတ်တယ် ... ညီမ"

ဟေသာနွယ်ဝင်းက ကြည်မင်းခန့်ကို မကြည့်ပါ။ ဟေသာနွယ်ဝင်း ထွက်သွားမှ နေချယ်ရီက ပြောလက်စ စကားကို မဆက်သေးဘဲ ဟေသာနွယ်ဝင်း အကြောင်းပြောသည်။

"First Year တုန်းက သူ့သူငယ်ချင်းတစ်ယောက်နဲ့က အရမ်းခင်တာလေ ... ဒီကောင်မလေးက အခု Final ကလား မပြောတတ်ဘူး၊ တစ်ကျောင်းထဲတက်ပြီး ဒါပါနဲ့မှ သုံးခေါက်လားမသိဘူး၊ ... မျက်နှာချင်းဆိုင် ဆုံဖူးတယ် ... "

"သြော် ... "

"နေချယ်ရီက ကဲန်တင်း သိပ်မထိုင်ဘူး ... အတန်းချိန်အားချိန်း အခန်းထဲမှာပဲနေတယ် ... ပြီးရင်လည်း အိမ်ပဲပြန်တာ"

"ဖယ်ရီစီးလား ... "



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... "

"ကျွန်တော်တို့ အဖွဲ့နဲ့ နောက်ကြုံမှပဲ မိတ်ဆက်ပေးမယ်"

"အင်း ... ဒါဆို ... နေချယ်ရီ ကဲန်တင်းကို မလိုက်တော့ဘူး နော် ... "

"ဟုတ်ကဲ့ ... "

နေချယ်ရီ အဆောင်ဘက်သို့ ဆက်လျှောက်သွားသဖြင့် ကြည်မင်းခန့် ကဲန်တင်းထဲဝင်လိုက်သည်။ လွန်းဆက်အိမ်ရှေ့တွင် စာအုပ်ကို ပစ်ချလိုက်သဖြင့် စကားပြောကောင်းနေကြသော နေလရောင်တို့ လန့်သွားသည်။ လင်းရာက ကြည်မင်းခန့်ကို ပြုံးကြည့်ကာ ပြောသည်။

"မင်းအကြောင်း အခုပဲပြောနေတာ ... "

"ဘာအကြောင်းလဲ ငါဘယ်နှစ်ထဲ မိန်းမရမလဲဆိုတာလား"

"မဟုတ်ပါဘူး ... မမနဲ့ မင်းနဲ့ဆို လိုက်မယ်ထင်တယ်"

"မလိုက်ချင်ပါဘူးကွာ ... ဟေသာနဲ့ သိတယ်"

ကြည်မင်းခန့်စကားကို လွန်းဆက်အိမ်က ဂရုမစိုက်သလို ပြောသည်။

"သိတော့ ဘာဖြစ်လဲ ... ပိုတောင်မကောင်းဘူးလား ... ရှေ့ ကတောင် ဟေသာနွယ်ဝင်းကို တွေ့လိုက်သေးတယ် ... အချစ် ဖယား လိုက်ရှာနေတာလား မပြောတတ်ဘူး ... "

"မင်းကလည်း လက်ထိတ်က သူ့အိမ်မှာ အပ်ချုပ်စက်ရှိ လားမှ မသိဘဲ ဟဟား"





နေလရောင်တို့ ဟေသာနွယ်ဝင်းကို ပြောနေကြသော်လည်း ကြည်မင်းခန့် မဆိုင်သလိုသာ နေလိုက်သည်။ နေချယ်ရီနဲ့တော့ မဖြစ်နိုင်ပါဘူးဟု သူ ပြောခဲ့လိုက်သည်။ အခုချိန်မှာတော့ ဘယ်သူနဲ့မှ မဖြစ်နိုင်သေးပါ။ ကြည်မင်းခန့် အချစ်ကိုကြောက်နေမိသည်။ မျက်ကွယ်လည်း မပြုချင်သေး ... သို့သော် အချစ်ဆိုသော အရာသည်ကား ကိုယ်က လိုက်မရှာပါဘဲနှင့် ကိုယ့်ကို လာဝင်တိုက်မိသည့်အခါ ... ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၉ )

ကြည်မင်းခန့် အင်လျားကန်ဘောင်တွင် ထိုင်ကာအင်းလျားကန် ရေပြင်ကို ကြည့်နေမိသည်။

"ရောက်နေတာ ကြာပြီလား"

"ဗျာ ... "

သူနှင့်မသိသည့် ကောင်မလေးက ရွှေ့ခနဲ သူ့ဘေးနားမှာ ဝင်ထိုင်လိုက်သဖြင့် ကြည်မင်းခန့် လန့်သွားသည်။ သူမ မျက်နှာက ပြုံးဖြီးကာနေသဖြင့် ကြည်မင်းခန့် အနည်းငယ် လန့်သွားပြီး မေးလိုက်သည်။

"မင်းက ငါ့ကိုသိလို့လား"

"ရှူး ... "

သူမက "တိုးတိုး" ဟု လုပ်ပြသဖြင့် ကြည်မင်းခန့် ဆက်မပြောတော့။ သို့သော်လည်း ... ကြည်မင်းခန့်ကို သူမပါလာသော ထီးနှင့်ကွယ်လိုက်သဖြင့် ကြည်မင်းခန့် မျက်လုံးပြူးသွားပြီး ...





"မင်း ဘာလုပ်နေတာလဲ"

"ခဏလေးပါဆို ... ဘိုးတော်ကလည်း အဖြစ်သည်းနေလိုက်တာ ... "

"ဟောဗျာ ... "

"မိုနီကို လိုက်ဖမ်းနေလို့ ဒီမှာ ခဏဝင်ပုန်းနေတာ"

ကြည်မင်းခန့် သူမထီးကို ဖယ်ကာ ကြည့်လိုက်သည်။ လူကြီးတစ်ယောက်နှင့် လူငယ်တစ်ယောက်ကို တွေ့သဖြင့် ထီးနှင့်ပြန်ကာလိုက်သည်။

"မင်းကို ဟိုလူနှစ်ယောက်က လိုက်ဖမ်းနေတာလား"

"ဟုတ်တယ် ... မျက်မှန်နဲ့ လူကြီးလေ"

"ဟုတ်တယ် ... ဟုတ်တယ် ... ဒီနားရောက်နေပြီ"

ကြည်မင်းခန့်နှင့် သူမ ငြိမ်နေလိုက်ပြီး ခဏအကြာ သူမက ထီးကိုဖယ်ကာ ကြည့်လိုက်ပြီး သက်ပြင်းချလိုက်သည်။

"မင်း ... ဘယ်သူလဲ"

"မိုနီပါဆိုမှ ... "

"သူတို့က ဘယ်သူလဲ ... ဘာကိစ္စနဲ့ မင်းကိုလိုက်ဖမ်းကြတာလဲ ... "

ကောင်မလေးက ခေါင်းကို ကုတ်လိုက်ပြီး စပ်ဖြီးဖြီးလုပ်ကာ ပြောသည်။

"မျက်မှန်နဲ့က အဖေလေ ဟိုဘက်က အစ်ကို ... အပြင်ထွက်ပြေးလို့ လိုက်ဖမ်းနေကြတာ ... "



www.burmeseclassic.com

www.burmeseclassic.com



"ကျောင်းပြေးလို့ လိုက်ဖမ်းကြတာလား"

"ဟုတ်တယ် ... ကျောင်းမတက်ချင်ဘူး"

"မင်း ဘယ်နှစ်တန်းလဲ ... "

"ဆယ်တန်း ... "

"ဆယ်တန်းက အရေးကြီးတာပေါ့ကွ မင်းကဒီကိုဘာလာလုပ်တာလဲ ... ရည်းစားနဲ့ ချိန်းထားလို့လား"

"အာ ... မဟုတ်ပါဘူး ... မိုနိုက ဒီမှာ ဗူးသီးကြော်လာစားနေကျ"

"မင်းမှာ တခြားကိစ္စနဲ့ ကျောင်းပြေးတာဆိုရင်တော့ ငါလက်ခံတယ် ... ဒါပေမဲ့ ဘာကိစ္စမှ မရှိဘဲ ပြေးတာဆိုတော့ မင်းကို ငါကိုယ်တိုင် အိမ်ကို လိုက်တိုင်ဦးမယ်"

"ဟဟ ... သူများအိမ်ကို သိတာကျနေတာပဲ"

"မင်းရှိနေတာပဲ ... ဂုတ်ကနေဆွဲပြီး လမ်းပြခိုင်းမယ်"

"ဟာ ... ခင်ဗျားက ကျွန်တော့်ကို ခွေးလို့ပြောလိုက်တာလား ... "

"မပြောပါဘူး ဆင်ပေါက်ရယ် ... "

"ဘာ ဆင်ပေါက်လဲ ... "

"မိုမိုဆို ... "

"မိုနီ ... မိုနီ ... "

"ဩော် ... မသိပါဘူး မိုမိုလို့ ကြားမိလို့ ဘာပဲပြောပြော ဆင်ပေါက်ဆိုတဲ့ နာမည်က မင်းနဲ့လိုက်ပါတယ် ... မင်းက





ကစ်ကစ်လေး ဆံပင်လေးတွေကလည်း လိမ်ကောက်ပြီး တိုတက်နေလိုက်တာ မင်းအခုတပ်ထားတဲ့ မျက်မှန်နဲ့ တကယ့်ကို ဆင်ပေါက်လေးပဲ ... ဟ ဟ"

ကြည်မင်းခန့် မတ်တတ်ရပ်လိုက်သဖြင့် သူမလည်း မတ်တတ် လိုက်ရပ်သည်။ ကြည်မင်းခန့် သူ့ကို ကြည့်လိုက်ပြီး ...

"မင်းက ဘယ်သွားမလို့လဲ ... "

"ဘယ်သွားရမှန်း မသိဘူး ... ဘိုးတော်ရော ဘယ်သွားမလို့လဲ"

"ဘာ ... ဘိုးတော်လည်း ငါ့အသက်က အခုမှ ၂၀ ကျော်ပဲရှိသေးတယ် ဆင်ပေါက်ရဲ့ ... "

"အာ ... မသိဘူး"

"မသိလည်း ပြီးရော ... "

ကြည်မင်းခန့် ကန်ဘောင်တစ်လျှောက် ခပ်မှန်မှန် လျှောက်လာခဲ့သည်။ သူမကလည်း အနောက်မှ ခပ်မှန်မှန်လိုက်လာသည်။ ကြည်မင်းခန့် လှည့်ကြည့်လိုက်ပြီး ...

"မင်း ငါ့နောက်ကို လိုက်နေတာလား"

"ဟုတ်တယ် တွစ်တီ ... "

"ဟေ့ ... ငါ့နာမည် တွစ်တီ မဟုတ်ဘူး"

"ခင်ဗျားပဲ ပြောတော့ အသက် ၂၀ ဆို ... "

"၂၀ ကို အင်္ဂလိပ်လို တွမ်တီလို့ခေါ်တယ် ... တွစ်တီ မဟုတ်ဘူး ... "



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားက နှုတ်ခမ်းကိုထော်ထော်ပြီး ပြောနေတော့ ကျွန်တော့် မျက်စိထဲ တွစ်တီကိုပဲ ပြေးမြင်နေတယ် အဟိ ... "

"ခေါချင်သလိုသာ ခေါ်တော့ကွာ ... ခဏနေဦး မင်း ငါ့ နောက်ကို ဘာလိုက်လုပ်နေတာလဲ"

"အကြော်ဝယ်ကျွေးခိုင်းမလို့ ... "

"ဒါပဲ မဟုတ်လား ... "

"အင်း ... "

"လာ ... လိုက်ခဲ့"

ကြည်မင်းခန့် သက်ပြင်းချလိုက်ပြီး အကြော်ဆိုင်သို့ ခေါ် လာခဲ့သည်။ သူမက အကြော်ကို ဦးအောင်မှာလိုက်ပြီး ရေနွေးကို ငှဲ့လိုက်သည်။ ကြည်မင်းခန့် သူ့ကို ကြည့်လိုက်ပြီး မေးလိုက်သည်။

"မင်းက ဘယ်မှာနေတာလဲ"

"အဖေ့အိမ်မှာလေ ... "

"အဖေ့အိမ်ဆိုတော့ အမေ့အိမ်ရှိသေးလို့လား"

"အဲဒါတော့ မသိဘူး ... ချစ်စံအိမ်ကားတော့ ကြည့်ဖူးတယ်"

"လျှောက်ပြောမနေနဲ့ ဆင်ပေါက် ... ငါမေးတာဖြေ ... မင်း ဒါစားပြီးရင် ကိုယ့်ဘာသာ အိမ်ပြန်မှာလား ... ဒါမှ မဟုတ် ငါပြန်လိုက်ပို့ရမလား ... ဒါပဲပြော "

"အတင်းကြီးပါလား ... "

သူမက စားပွဲထိုးလာချသော ဗူးသီးကြော် ပူပူနွေးကို အရှင် တို့ကာ တကိုက်ကိုက်လိုက်ပြီး ဆက်ပြောသည်။



"လိုက်ပို့ချင်လည်း ရတယ် ... နားမကောင်းရင် အိမ်ထဲထိ ခေါ်ဝင်လို့ရတယ် ... "

"ဘယ်လို ... "

"အဖေက ဝိကျိဝိကျိနဲ့ သိပ်ပြောလွန်းလို့ ... ခင်ဗျား နား မကောင်းရင် ခင်ဗျားအတွက် အဆင်ပြေတယ်လို့ ပြောတာ ... ဘယ်လိုလဲ လိုက်ပို့ချင်သေးလား ... "

"ငါက မင်းကိုလိုက်ပို့ချင်လွန်းလို့ ပြောနေတာမဟုတ်ဘူး၊ ငါ့နောက်ကို မင်းဆက်လိုက်နေမှာစိုးလို့ ... "

သူမက ကိုက်လက်စ ဗူးသီးကြော်ကို မကိုက်တော့ဘဲ ကြည် မင်းခန့်ကို ပစ်ပေါက်လိုက်ပြီး ဆောင့်အောင့်ကာ ထွက်သွားသည်။

"ဟာ ... ဟေ့"

ကြည်မင်းခန့် အကြော်ဖိုး ရှင်းကာ သူမနောက်သို့ ပြေး လိုက်သွားပြီး ...

"မင်း ... တော်တော်ဆိုးပါလား ... "

"ခင်ဗျားနောက်ကို ကျွန်တော် မလိုက်ဘူးနော် ... ကျွန်တော် နောက်ကို အခု ခင်ဗျားလိုက်လာတာ ... "

"ဆောရီးကွာ ... ငါ စကားပြောမှားသွားတယ် ... မင်း သဘောပဲ ... "

"ကျွန်တော့်မှာ ပိုက်ဆံ နှစ်ထောင်လောက်ပဲပါတယ်၊ ကျွန်တော့် သူငယ်ချင်းဆီ သွားချင်တယ် ကားခမရှိဘူး ... "

"ဘတ်စ်ကား စီးသွားပေါ့ ... "



www.burmeseclassic.com

www.burmeseclassic.com



"မစီးတတ်ဘူး ..."

"အဲဒီတော့ ငါက မင်းကိုလိုက်ပို့ပေးရမလား"

"သဘောပဲလေ ... ခင်ဗျားလိုက်ပို့ပေးရင်တော့ ကျွန်တော်က ကားခကို ပြန်ပေးမှာမဟုတ်ဘူး ..."

"ပိုက်ဆံပဲ ပေးလိုက်ရင်တော့ ပြန်ပေးမယ်ပေါ့ ..."

"ဖုန်းနံပါတ်နဲ့ လိပ်စာပေးခဲ့ ... အတိုးပါတွက်ပြီး ပါဆယ်ထဲထည့်ပေးလိုက်မယ် ..."

"ဟုတ်ပြီ ... ဟုတ်ပြီ ... ဒါဖြင့် ငါမလိုက်တော့ဘူး ... ဆင်ပေါက် ... ငါးထောင်ပေးလိုက်မယ်"

ဆင်ပေါက်ခေါ် မိုနီက သူ့လွယ်အိတ်ထဲမှ ဘောပင်နှင့်စာအုပ်ကို ထုတ်ကာ ကြည်မင်းခန့်ကို ပေးလိုက်သည်။

"အဲဒီမှာ ခင်ဗျားကို ဆက်သွယ်လို့ရမယ့် ဖုန်းနဲ့လိပ်စာ သေချာရေးနော် ..."

"ခဏလေး ငါကရေးတာတော့ ဟုတ်ပါပြီ ... မင်းက မပေးရင်ရော ..."

ဆင်ပေါက်ကလေးက ဘောင်းဘီအိတ်ထဲမှ ဟန်းဖုန်းကို ထုတ်လိုက်ပြီး ...

"ကတ်တော့မပါဘူး ... ကျွန်တော် မာတ်ပုံရိုက်ဖို့ သက်သက်ကိုင်တာ အဲဒါခင်ဗျား ယူထားလိုက် ... ဒီဟန်းဆက်က ၃ သိန်းကျော်တယ်နော် ... ကျမကွဲစေနဲ့ ... ဒီမှာ အားသွင်းဖို့ကြိုး ပျောက်လည်း မပျောက်စေနဲ့ဦး ..."





"ငါက ကလေးကျနေတာပဲကွာ ..."

ကြည်မင်းခန့် လိပ်စာနှင့်ဖုန်းနံပါတ်ရေးပေးလိုက်ပြီး ပြန်ပေးလိုက်သည်။ ပိုက်ဆံအိတ်ထဲမှ ငါးထောင်တန် တစ်ရွက်ထုတ်ကာ ပေးလိုက်သည်။ သူမက ကိုရီးယားလိုလည်း ကွိစိကွစ ပြောလိုက်သေးသည်။ ကြည်မင်းခန့် ပြုံးလိုက်ပြီး သူမကျောပြင်ကို ကြည့်ကာ ကျန်နေခဲ့သည်။

"ကြည်မင်းခန့် သူငယ်ချင်းတွေ လာသွားတယ်"

အိမ်ထဲဝင်ဝင်ချင်း ဦးလှမင်းက ပြောလိုက်သဖြင့် ခေါင်းပဲညိတ်ပြလိုက်သည်။ ဒေါ်မြကြည်ကတော့ စကားမပြောပါ။ မပြောတာကလည်း အကြောင်းရင်းရှိသည်။ ဒေါ်မြကြည် ပိုက်ဆံ ပျောက်တိုင်း ကြည်မင်းခန့်ကို စကားမပြောဘဲ စိတ်ဆိုးသည်။

အိမ်ထဲ လက်စလက်နရှိသူက ကြည်မင်းခန့် တစ်ယောက်သာ ရှိသည်။ ဦးကျည်ပွေ့ကလည်း နောက်ပိုင်း အထာနပ်လာသဖြင့် စာအုပ်ကြားထဲတွင် ပိုက်ဆံညှပ်လေ့ မရှိတော့။ ဒါကြောင့် ကြည်မင်းခန့်လည်း စာဖတ်လေ့ မရှိတော့ပါ။ (ရှင်းနေတာပဲနော် ... )

အိပ်ခန်းထဲဝင်ကာ ဆင်ပေါက်လေး ဖုန်းကို ကလိတော့သည်။ အမှန်တိုင်းပြောရရင် ကြည်မင်းခန့်က ဖုန်းကိုင်ဖူးတာမဟုတ်။ နေလရောင် ဖုန်းကိုသာ တခါတလေ ကလိဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုလည်း ဖုန်းကို lock ချထားသဖြင့် ကြည်မင်းခန့် အကျပ်ရိုက်နေသည်။ ကလိတတ်သလောက် ကလိပြန်တော့လည်း မပွင့်လာ။ ခေါင်းကိုက်သည်သာ အဖတ်တင်၍ မလုပ်တော့။ မနက်ကျမှ ကျောင်းသို့ ယူကာ နေလရောင်ကို ဖွင့်ခိုင်းမည်ဟု တွေးလိုက်သည်။ ကြည်မင်းခန့် စိတ်ထဲ ငါးထောင်တန်ကို မတွေးမိတော့ ဟန်းဆက်ကိုသာ တွေးနေမိသည်။

"ကောင်းသောညပါ ... ဆင်ပေါက်ရေ"

သူ အိပ်ပျော်ရဲ့လားတော့ မသိ။ ကိုယ်ကတော့ အိပ်လို့ တော်တော်ပျော်သွားသဖြင့် ကျောင်းကားတောင် မမီလိုက်တော့။ ခါတိုင်း နှိုးနေကျ လူကလည်း ယခုစကားမပြောသဖြင့် လာမနှိုးခြင်း ဖြစ်မည်ဟု ကြည်မင်းခန့် ဘတ်စ်ကားပေါ်တွင် စဉ်းစားလာသည်။ မနက်စာ မပြင်ထားဘဲ စားပွဲပေါ်တင်ထားသော ပိုက်ဆံနှစ်ထောင်ကို ကိုင်ကာ ကဲန်တင်းထဲ ပြေးဝင်လိုက်သည်။ လွှမ်းဆက်အိမ်တို့ဘေးတွင် ဝင်ထိုင်လိုက်ပြီး မနက်စာ မဟုတ်သော နေ့လည်စာကို မှာသည်။

"ရှမ်းခေါက်ဆွဲတစ်ပွဲ ပသျှူးထမင်းကြော်တစ်ပွဲ နွားနို့တစ်ခွက်နဲ့ ပလိန်းတစ်ခွက်ပါ ချပေးနော်"

ကြည်မင်းခန့်ကို နေလရောင်တို့ကြည့်နေကြသည်။ လင်းရာက ကြည်မင်းခန့်ကို မျက်ခုံးပင့်လိုက်ပြီး ပြောသည်။

"မင်းက ကမ္ဘာပျက်လာတာလား ... ဒါမှမဟုတ်ရင် မြေလှူးဖုတ် ဝင်လာတာလား"





"ဟုတ်ပါဘူး ... အိမ်မှာဆို ငါက မနက်စာကို ရှမ်းခေါက်ဆွဲနဲ့ နွားနို့သောက်နေကျ ... ကျောင်းရောက်ရင်လည်း ပသျှူးထမင်းကြော်နဲ့ ပလိန်းပဲလေ ... မင်းတို့ သိပါတယ် ... အခု ဆယ့်တစ်နာရီ ထိုးနေပြီ ... မနက်စာ မမီလိုက်လို့ နေ့လည်စာနဲ့ ပေါင်းစားတာ"

"တတ်လည်း တတ်နိုင်တဲ့ကောင် ... စားပိုးနင့်နေဦးမယ်"

"ဪ ... နေလရောင် ငါ့ကို ... "

ကြည်မင်းခန့် လွယ်အိတ်ထဲမှ Nokia ဖုန်းကိုထုတ်ကာ နေလရောင်ကို ပေးလိုက်သည်။

"ဖွင့်ပေးစမ်းပါ lock ချထားတယ် ... "

"ဘယ်သူ့ဖုန်းလဲ ... လန်းတယ် ... မော်ဒယ်မြင့်တယ်နော်"

"အသိတစ်ယောက် ဖုန်းပါကွာ ... ငါးထောင်နဲ့ ထားထားတာ ... "

"ဘာ ... "

"လန့်လိုက်တာကွာ ... "

လင်းရာတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ပြီး ခေါင်းခါသည်။ လွှမ်းဆက်အိမ်က ပြောပြန်သည်။

"မင်းပဲ ရူးနေသလား ... ဖုန်းပိုင်ရှင်ပဲ ရူးနေသလား မပြောတတ်ဘူး ... "

"ဘာကိစ္စ ငါက ရူးရမှာလဲ"

"ဟုတ်တယ်လေ ... ဒီဟန်းဆက် အသစ်ကို ငါးထောင်နဲ့ ထားထားခဲ့ရအောင် သူကအရူးလား ... နောက်ပြီး မင်းကလည်း



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်ဈေးကြီးတဲ့ ဟန်းဆက်ကို ငါးထောင်ပဲပေးရသလား ... ချစ်တီးလုပ်တာလား ... ပြော ... "

နေလရောင်နှင့် လင်းရာတို့ကပါ လွှန်းဆက်အိမ်ဘက်မှ ထောက်ခံသလိုနှင့် ခေါင်းညိတ်ပြသည်။ နေလရောင်က ဖုန်းကို ဖွင့်လိုက်ပြီး ကြည်မင်းခန့်ကို ပေးလိုက်သည်။ လင်းရာက ကြား ဖြတ်ကာ မေးပြန်သည်။

"ဒါ ... ဘယ်သူ့ဖုန်းလဲ"

"ဆင်ပေါက်ဖုန်း ... "

"ဆင်ပေါက်နဲ့ မင်းနဲ့ သိတယ်ဟုတ်လား"

လင်းရာက ဝမ်းသာအားရ ပြောလိုက်သဖြင့် ကြည်မင်းခန့် ခေါင်းညိတ်လိုက်ပြီး ...

"အေးလေ ... မင်းရောသိလို့လား"

"ဟာ ... သိတာပေါ့ကွာ ... သူ့ရဲ့ အကြည့်တစ်ချက် သီချင်း ဆိုရင် ငါတော်တော်ကြိုက်တာကွ ... မိတ်ဆက်ပေးကွာ ... "

"ဆင်ပေါက်က သီချင်းမဆိုဘဲ မင်းဆီက ပိုက်ဆံလာချေး တာလား ... "

နေလရောင်ကပါ ဝင်ပြောနေသဖြင့် ရှုပ်ကုန်သည်။ ကြည် မင်းခန့် ခေါင်းကုတ်လိုက်ပြီး ...

"ဘာတွေပြောနေတာလဲကွာ ... မင်းတို့ပြောတဲ့ အဆို တော် ဆင်ပေါက်ကို ငါက ပြောနေတာမဟုတ်ဘူး ... ငါ ပြမယ်"

ကြည်မင်းခန့် ဖုန်းထဲမှ မိုနီပုံများကို ရှာလိုက်ပြီး နေလ





ရောင်တို့ကို ပြလိုက်သည်။

"သူပဲ ... သူ့ကို ဆင်ပေါက်လို့ခေါ်တာ"

"ဟ ... ချစ်စရာလေးကွ ပါးဖောင်းဖောင်း မျက်လုံးပြူးပြူး လေးနဲ့ ... နာမည်လေးကလည်း ဆင်ပေါက်တဲ့လား ... မင်းက လည်းနော် ... ငါတို့နဲ့တောင် မိတ်မဆက်ပေးဘူး လျှို့ထားတယ်"

လင်းရာက နှာခေါင်းရှုံ့ကာ ပြောလိုက်သဖြင့် ကြည်မင်းခန့် အကြောင်းစုံ ရှင်းပြလိုက်ရတော့သည်။ လွှန်းဆက်အိမ်က ကြည် မင်းခန့် စကားအဆုံးမှာ ခေါင်းကို ညိတ်နေပြီး ပြောသည်။

"ဒါဆို သူမင်းကို နောက်တစ်ခေါက် ကျိန်းသေ လာရှာမှာပဲ"

"သူက ... ဟန်းဖုန်းကို လာမယူဘူးဆိုရင်ရော"

နေဇာရောင်က လင်းရာပြောသော စကားကို နှာခေါင်းရှုံ့ လိုက်ပြီး လင်းရာခေါင်းကို ရိုက်လိုက်သည်။

"မင်းဆို့တွင်ရော အဲလိုဟန်းဆက်ကို ငါးထောင်နဲ့ အဆုံးခံ မလား ... " "

"ဒါကတော့ကွာ ငါ့စိတ်နဲ့ငါဆိုလည်း ဒီလိုကောင်ကို ဟန်း ဆက်တောင် ပေးခဲ့လိုက်မှာ မဟုတ်ဘူး"

"ငါကတော့ သူလာရှာရင် ပြန်ပေးလိုက်ရုံပဲ ... "

ကြည်မင်းခန့်က နှုတ်ခမ်းနှစ်တစ်ငုံသောက်လိုက်ပြီး ပြောသည်။ လွှန်းဆက်အိမ်က ခေါင်းကို တွင်တွင်ခါလိုက်ပြီး ပြောပြန်သည်။

"မင်း ငါတို့နဲ့ မိတ်ဆက်ပေးမယ့်သူနဲ့ နေချယ်ရီကို လှည့် ကြည့်မယ် ... သာတဲ့လူကို မင်းတွဲရမယ်"

www.burmeseclassic.com



"အဟွတ် … အု … ဟု"

လွန်းဆက်အိမ်စကားကြောင့် ကြည်မင်းခန့် ထမင်းကြော် နင်သွားသဖြင့် နေလင်းရာက ကြည်မင်းခန့်ခေါင်းကို ပုတ်လိုက်သည်။

"ဖြည်းဖြည်းစားပါကွာ … နှစ်ယောက်လုံးနဲ့ တွဲချင်လည်း မင်းသဘောပါ … ဒီလောက်ထိ ဆန္ဒမပြင်းပြပါနဲ့"

"အဟွတ် … အဟက် … အာ … တော် … တော်စမ်းပါကွာ … လွန်းဆက် … မင်းတို့က ငါ့ကို နောက်တစ်ယောက်နဲ့ တွဲတာကို အရမ်းမြင်ချင်နေပုံပဲ … ဆင်ပေါက်က အခုမှ ဆယ့်ခြောက်နှစ်လောက်ပဲ ရှိသေးတယ် … မလုပ်ကြပါနဲ့ကွာ"

"ဒါဖြင့် နေချယ်ရီကိုပေါ့ … "

လင်းရာက မျက်ခုံးပင့်ကာ ပြောလိုက်သဖြင့် ကြည်မင်းခန့် ခေါင်းခါလိုက်သည်။ လွန်းဆက်အိမ်တစ်ယောက် ‑ ျက်ပြင်းချလိုက်ပြီး ကြည်မင်းခန့်ကို ကြည့်သည်။

"ဘာလဲ … မင်းက ဟိုတစ်ယောက်နဲ့ပဲ အဆုံးသတ်သွားချင်လို့လား … "

"တော်ပါပြီကွာ … ငါ အခုလောလောဆယ် မတွဲချင်သေးဘူး … "

ကြည်မင်းခန့် ထမင်းကြော်ကို ခပ်သုတ်သုတ်စားလိုက်ပြီး ပလိန်းကို နှစ်ငုံနှင့် အပြတ်သောက်သည်။

"ငါ နောက်တစ်ချိန် သွားတက်လိုက်ဦးမယ် … ပြန်လာမှ





ဝိုက်ဆံရှင်းမယ် … "

ကြည်မင်းခန့် ထွက်သွားသဖြင့် နေလရောင်တို့ တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ ကျန်ခဲ့သည်။

"အခုမှ ကျောင်းလာတာလား … "

ကြည်မင်းခန့် အနောက်မှ အသံကြားသဖြင့် လှည့်ကြည့်လိုက်သည်။ နေချယ်ရီက မျက်လုံးလေး မှေးစင်းသွားသည်အထိ ရယ်နေသည်။

"ပါစင်မှာလည်း ဆီတွေကွက်လို့ မေးစေ့မှာလည်း ထမင်းလုံး ကပ်နေသေးတယ် အပ်ဟိ … "

ကြည်မင်းခန့် နှုတ်ခမ်းတဝိုက်ကို လက်နှင့်သုတ်ရန် ပြင်နေစဉ်။ နေချယ်ရီထံမှ လက်ကိုင်ပုဝါ တစ်ထည် လှမ်းပေးသဖြင့် ယူလိုက်သည်။

"ကျွန်တော် လျှော်ပြီး ပြန်ပေးမယ်နော်"

"အဲဒီခေတ်က ကျန်ခဲ့ပါပြီ ခန့်ရယ် … "

"ဗျာ … "

နေချယ်ရီက ရယ်နေရင်း ပြောလိုက်သဖြင့် ကြည်မင်းခန့်သည်း လိုက်ရယ်ရမလို စကားဆက်ပြောရမလိုနှင့် ဖြစ်သွားသည်။

"ခန့်လို့ခေါ်တာ မကြိုက်လို့လား … "

"မဟုတ်ပါဘူး … အဖျားဆွတ်ခေါ်ရင် အသည်းယားလို့ပါ"

"အဟ … ဒါပေမဲ့ ခေါ်လို့ကောင်းပါတယ်"

"ကောင်းရင်လည်း ဆက်ခေါ်ပေါ့ … "



www.burmeseclassic.com

www.burmeseclassic.com



"စကားပြောတာ တစ်မျိုးကြီးပဲနော်"

"ဘာဖြစ်နေလို့လဲ ... နေချယ်ရီ"

"မသိဘူး ... စကားတွေက ကန့်လန့်ကြီးတွေလိုပဲ"

အဆောင်နား မရောက်ခင်အထိ နေချယ်ရီနှင့်ကြည်မင်းခန့်ကို လူတော်တော်များများ ကြည့်ကြသည်။ သိပ်တော့ မထူးခြားပါဘူး နေချယ်ရီကို လူတိုင်းက စောင့်ကြည့်နေတတ်ကြသည်။ ကြည်မင်းခန့် လူတွေကို မတိုက်မိအောင် ရှောင်တတ်သော်လည်း လူတွေ မျက်လုံးနှင့်မတိုက်မိအောင်တော့ မရှောင်တတ်သဖြင့် ခေါင်းကို ငုံ့ထားလိုက်သည်။

"တကယ်ပဲ တခြားလူတွေနဲ့ စကားပြောရင်ရော အဲလိုပဲလား ... "

"အင်း ... "

"အခု အတန်းသွားတက်မလို့လား"

ကြည်မင်းခန့် ခေါင်းညိတ်ပြလိုက်သဖြင့် နေချယ်ရီ လွယ်အိတ်ထဲမှ စာအုပ်တစ်အုပ်ကို ထုတ်ကာ ကြည်မင်းခန့်ကို ပေးလိုက်သည်။

"နေချယ်ရီက နောက်တစ်ချိန်မှတက်မှာ ... စာလေးကူးပေးထားပါနော် ... "

"ကျွန်တော်က ကိုယ့်စာအုပ်ကိုတောင် စာမထည့်ထားတတ်ဘူး ... "

"ဒါဆိုလည်း ယူထားပေးပါနော် ... တို့ လွယ်အိတ် အရမ်းလေးနေလို့ ... "

"ကောင်းပြီလေ ... ဒါဆို သွားနှင့်ပြီ ... "

"နောက်တစ်ချိန်ကျ တွေ့မယ်နော်"

ကြည်မင်းခန့် နေချယ်ရီပေးသော စာအုပ်ကိုကိုင်ကာ အဆောင်ထဲ ဝင်သွားသဖြင့် နေချယ်ရီ လှည့်ထွက်လာလိုက်သည်။ လက်ထဲမှ စာအုပ်ကို ကြည့်ကာ လွတ်အိတ်ထဲ ထည့်ရန် တွေးနေစဉ်း ရုတ်တရက် စာအုပ်ကို လှန်ကြည့်ချင်စိတ်များ ပေါ်လာသည်။ စာအုပ်ကို တစ်ရွက်ချင်းစီတော့ လှန်းမကြည့်ပါ။ ခပ်မြန်မြန် ကျော်ကြည့်လိုက်သည်။ စာအုပ်တစ်အုပ်လုံးတွင် အလယ်စာရွက်မှလွဲ၍ အားလုံး ဗလာဖြစ်သည်။

ကြည်မင်းခန့် အလယ်စာရွက်မှ စာများကို ဖတ်လိုက်သည်။

ဘာ့ချစ်ကို

တိုင်းတာပြလို့ရရင်

ပြလိုက်ချင်တယ်

မချစ်အားနိုင်တော့တာကို

သိစေချင်လို့ပါ

[illegible] : တစ်ယောက်ထဲနေရှာ တစ်ယောက်တည်းရှိချိန်

[illegible] : နှလုံးသားရဲ့ ဘဝတွင်းထောင့်တစ်နေရာ

[illegible] : ရင်ခုန်သံတွေနဲ့ ပြောပြဆန်နေတယ်

[illegible]ထား : ချစ်စွန်းမှသိ မချစ်စွန်းမှသိ ရပ်တန့်နေတယ်

[illegible]ချက် : ဘယ်လိုလုပ်လိမ့်







www.burmeseclassic.com

www.burmeseclassic.com



ကျွေး : သူရော ဘာတွေလုပ်နေသလဲ

ကျော်ညွန့် : ကျောင်းတွေကို ရုပ်ဖြေနိုင်ပြီလား

ကျော်မြ : ချစ်နေသလား

ကျော်လှ : မောင်နေတယ်

ကြည်မင်းခန့် စာအုပ်ကို ဆတ်ခနဲ ပိတ်လိုက်သည်။ အတန်းထဲ ဝင်ထိုင်လိုက်ပြီး ဆရာ မဝင်သေးသဖြင့် ဘောလ်ပင်ကို ထုတ်လိုက်ပြီး နေချယ်ရီ စာ၏ အောက်တွင် ခပ်ထင်ထင် လက်ရေးနှစ်ကြောင်းခန့် ရေးပေးလိုက်သည်။

ကျွေး : ဒီတိုင်းပဲနေရမှာလား?

ကျော်မြ : မောင်မြဲနေမှာပါတော့

လောလောဆယ်တော့ ... ရင်တစ်ခွင်လုံးမှာ ဟင်းလင်းပဲထားချင်သေးလို့ ... ။

❀

အခန်း ( ၁၀ )

နေချယ်ရီကို စာအုပ်ပြန်ပေးသည့် နေ့မှစ၍ ကြည်မင်းခန့်နှင့် သူမတို့ စကားမပြောဖြစ်တော့ပါ။ လွှန်းဆက်အိမ်တို့အတွက် ပဟေဠိဆန်နေပေမယ့် ကြည်မင်းခန့်အတွက် မထူးဆန်းပါ။ မသိချင်ယောင်ဆောင်ကာသာ အရှုးလိုနေလိုက်သည်။ နေလရောင်က နေချယ်ရီဘက်မှ စကားလမ်းကြောင်းလွှဲလာပြီး မိုနီဘက် ရောက်သွားခဲ့သည်။

"မင်းဆင်ပေါက်လေး မင်းဆီ မဆက်သွယ်ဘူးလား"

"တစ်လရှိပြီ ... ငါ့ဖုန်းနံပါတ်များ ပျောက်သွားလို့လား မသိဘူး ... "

"အမှန်တကယ်ဆို မင်း (၃)လကျော်ရင် ပစ္စည်းတာဝန်မယူဘူးလို့ ပြောခဲ့ဖို့ကောင်းတယ် ... ဒါဆို သူ မဆက်သွယ်ပဲ မနေဘူး"

လွှန်းဆက်အိမ်က ကြည်မင်းခန့်ကို အပေါင်ဆိုင်လို သဘောထားကာ ပြောနေပြန်သည်။ ကြည်မင်းခန့် ခေါင်းခါလိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ငါ့စိတ်ထင် ဖုန်းနံပါတ်ရေးထားတဲ့ စာအုပ်ပျောက်သွား ထင်တယ် ... ငါ့ဘက်က အရင်ဆက်သွယ်ကြည့်ချင်တယ်"

နေလရောင် ရုတ်တရက် လက်ဖျောက်တီးလိုက်သဖြင့် ကြည်မင်းခန့်တို့ ကြည့်လိုက်သည်။ နေလရောင်က ...

"သူ့ Phone contacts ထဲမှာ ရှာကြည့်ပြီး ဖုန်းနံပါတ် တစ် တွေ့ရင် ဆက်လိုက် ... ငါ့ဖုန်းနဲ့ ဆက် ... "

နေလရောင် ဖုန်းကိုလှမ်းပေးလိုက်သဖြင့် လွန်းဆက်အိမ် ယူလိုက်သည်။ ကြည်မင်းခန့် ဖုန်းနံပါတ်တစ်ခုကို အရင်ခေါ်လို သဖြင့် လွန်းဆက်အိမ် ဆက်လိုက်သည်။

"ဟယ်လို မိုနိုနဲ့ပြောချင်လို့ပါ ... ဩော် ... ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... "

"ဘာတဲ့လဲ ... "

"မသိဘူးတဲ့ ... "

"ဒါဖြင့် နောက်တစ်ခု ခေါ်ကြည့်ကွာ ... "

လင်းရာက စိတ်အားသန်သန်နှင့် ပြောသဖြင့် လွန်းဆ အိမ် ဒုတိယအကြိမ် ဆက်ပြန်သည်။

" ... ဖုန်းပိတ်ထားတယ် ... "

"ရှော့ကွာ ... မင်းတို့ဘာသာ ရှာပြီးသား ဆက်လိုက် ခေါင်းမူးလာပြီ ... "

ကြည်မင်းခန့်လက်ထဲမှ ဖုန်းကို လင်းရာလက်ထဲထည့်လို သဖြင့် လင်းရာက ထပ်ဆက်ရန် တိုက်တွန်းပြန်သည်။





"ဟယ်လို ... ဟယ်လို ... မိုနိုနဲ့ ပြောချင်လို့ပါ ... ဟုတ်ပါတယ် ... သူနေတဲ့လိပ်စာ သိချင်လို့ပါ"

လွန်းဆက်အိမ်ကို ကြည်မင်းခန့်တို့ မျှော်လင့်တကြီးနှင့် ကြည့်နေကြသည်။

"ခဏလေးနော် ... ဟေ့ကောင်တွေ ဘောပင်နဲ့စာရွက်ပေး ... "

နေလရောင်က သူ့လွယ်အိတ်ထဲမှ စာ ရွက်နှင့်ဘောပင်ကို ထုတ်ပေးလိုက်သည်နှင့် လွန်းဆက်အိမ် ရေးလိုက်ပြီး ဖုန်းချလိုက်သည်။ ကြည်မင်းခန့်ကို ကြည့်ကာ ...

"သူ့ သူငယ်ချင်းကောင်လေးတစ်ယောက်ဆီ ရောက်သွားတာ ... သူ့လိပ်စာတော့ တောင်းထားလိုက်ပြီးပြီ ... ကောင်လေးက ပြောသေးတယ် ... မိုနို ကျောင်းမတက်တာ တစ်ပတ်ရှိနေပြီတဲ့"

"ဟုတ်လား ... "

"ကောင်မလေးဆီ လိုက်သွားပြီး ဘာဆက်လုပ်ကြမှာလဲ"

နေလရောင် အမေးကို ဘယ်သူမှ မဖြေနိုင်။ ကြည်မင်းခန့် စာရွက်နှင့် လင်းရာလက်ထဲမှ ဖုန်းကိုယူလိုက်ပြီး ကန်တင်းမှ ထွက်လာခဲ့သည်။ နောက်မှ လွန်းဆက်အိမ်တို့ လိုက်လာကြသည်။ ကြည်မင်းခန့် ပခုံးကို လွန်းဆက်အိမ် ဖက်လိုက်ပြီး ...

"မင်း ... ဟန်းဆက်သွားပြန်ပေးတာတော့ ဟုတ်ပြီ၊ မိုနိုက သူ့အိမ်ကို ဘယ်လိုပြောထားလဲမှ မသိတာ ... ဟန်းဆက်ကို



www.burmeseclassic.com

www.burmeseclassic.com



ပျောက်သွားပြီလို့ပဲ … ပြောထားသလား … ဘာလားဆိုတာ သိနိုင်မလား … ”

“အဓိက,က သူ့ဟန်းဆက် သူ့ဆီပြန်ရောက်ဖို့ပဲ … ”

လွန်းဆက်အိမ် ခေါင်းညိတ်လိုက်ပြီး ဆက်မပြောဖြစ်တော့။

လိပ်စာအတိုင်း ကြည်မင်းခန့်တို့ ရောက်သွားကြသည်နှင့် နေလရောင်က တွန့်ဆုတ် တွန့်ဆုတ် လုပ်ကာ …

“ကြည်မင်းခန့် လိပ်စာထဲကအတိုင်းဆိုရင်တော့ ဒီအိမ်ပဲ၊ မင်းက ကောင်မလေးကို တွေ့ဖူးတယ်ဆိုတော့ အရင်ဝင်လိုက်”

“ဩော် … မင်းတို့ကို ငါက ဓာတ်ပုံမပြတာကျနေတာပဲ”

“မတူဘူးလေကွာ … ကဲပါ ဝင်စမ်းပါ”

လင်းရာ တွန်းလိုက်သဖြင့် ကြည်မင်းခန့် ခြံတံခါးဖွင့်ကာ ဝင်လိုက်သည်။ ဧည့်ခန်းထဲတွင် သတင်းစာထိုင်ဖတ်နေသော မျက်မှန်နှင့်လူကြီးကို ကြည်မင်းခန့် သိသည်။

“အဟမ်း … ဦး … ”

ထိုလူကြီးက သတင်းစာကို ဘေးချထားလိုက်ပြီး မျက်လုံးစိမ်းနှင့် ကြည့်နေသဖြင့် နေလရောင်က ကြည်မင်းခန့်ခါးကို တို့လိုက်သည်။ ဒီတော့မှ ကြည်မင်းခန့် စကားကိုစသည်။

“ဒါ … မိုနို့ အိမ်လား မသိဘူး … ”

“ဟုတ်လို့ အထဲပဲ ရောက်နေပြီ မဟုတ်လား … ”

“အဲ … ”

ပုံစံကြည့်ရတာ ဘုဂလန့်တိုက်မည့်ပုံပေါ်သဖြင့် ကြည်မင်းခန့်တို့ ဧည့်ခန်းထဲတွင် ခပ်ရှိ့ရှိ့ ဝင်ထိုင်လိုက်သည်။ ကြည်မင်းခန့်က …

“ဦးက မိုနို့အဖေထင်တယ် … ”

“အေး … ဟုတ်တယ် … မင်းတို့က ဘယ်သူလဲ … ”

“ကျွန်တော်တို့က မိုနို့သူငယ်ချင်းတွေပါ မိုနို့နဲ့တွေ့ချင်လို့ သူကျောင်းလည်း မတက်ဘူးဆိုလို့ … ”

“အေး … ကျောင်းသား လေးယောက်နဲ့ ကျောင်းပြေးပြီး ရုပ်ရှင် သွားကြည့်လို့ ငါကျောင်းထုတ်လိုက်တာ … အဲဒီလေးယောက်က မင်းတို့လား … ”

“ဗျာ … ”

လွန်းဆက်အိမ် အသံဖြစ်သည်။ ကြည်မင်းခန့်က …

“မဟုတ်ပါဘူး … ဦး … ကျွန်တော်တို့က အခုမှ မိုနို့နဲ့ ဒုတိယအကြိမ် လာတွေ့တာပါ … ”

“မိုနိုက တော်တော်ဆိုးနေလို့ အခန်းတံခါးပိတ်ပြီးထည့်ထားတယ် … ”

“ဟာ … ဦးကလည်း အဲလိုကြီးတော့ မလုပ်ပါနဲ့၊ သူက ငယ်ပါသေးတယ် သေချာပြောရင် နားဝင်မှာပါ … ”

“ငါက သူ့အဖေ … သူ့အကြောင်းကို မင်းတို့ထက် ပိုသိတယ် … မင်းတို့ အခုလာတာ သူနဲ့တွေ့ဖို့ မဟုတ်လား”

“ဟုတ် … ”

“အေး … အဲဒါဆို ပြန်တော့ … ”







www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ..."

"ပြန်တော့လို့ဆို ..."

လင်းရာက မျက်စပစ်ပြသဖြင့် ကြည်မင်းခန့် မတ်တတ်ရပ်လိုက်ပြီး ...

"အဲဒါဆိုလည်း ပြန်လိုက်ပါဦးမယ် ... တွစ်တီ လာသွားတယ်လို့ ပြောပေးပါ ..."

ကြည်မင်းခန့် ခြံအပြင်ရောက်သည်နှင့် နေလရောင်တို့ ဗိုက်နှိပ်ကာ ရယ်ကြသည်။ ကြည်မင်းခန့် အူကြောင်ကြောင် ဖြစ်သွားသည်။

"ဘာရယ်တာလဲ ဟ ..."

"ဟ ဟား ... တွစ်တီ တဲ့ ... ဟ ဟား ဟား"

"အဲဒါ ... ဘာဖြစ်လဲ ... သူ့ တွစ်တီဆိုရင် သိတယ်"

"ပေးလည်း ပေးတတ်တယ် ... tweety တဲ့ ... တူတယ် တူတယ် ..."

"တော်စမ်းပါကွာ ... အခု လာမောကြီးဖြစ်နေပြီ ... အဘိုးကြီးကလည်း ၀ွစာကြီးလား မပြောတတ်ဘူး ..."

ကြည်မင်းခန့်တို့ လေးယောက်သား စကားတပြောပြောနှင့် လမ်းမကိုအရောက်တွင် အနောက်မှ အော်သံကို ကြားလိုက်ရသည်။

"ဟေး ... တွစ်တီ ... ဟေး ..."

လွှန်းဆက်အိမ်က လှည့်ကြည့်လိုက်ပြီး ကြည်မင်းခန့်ကို





လက်တို့လိုက်သည်။

"ဆင်ပေါက် ..."

"ခင်ဗျားတို့ အသံကြားတာနဲ့ ပြတင်ပေါက်ကနေ ခုန်ဆင်းပြီး ထွက်လာတာ ... လာ လာ ... တခြားနေရာသွားရအောင်"

မိုနီက တက္ကစီ တစ်စီးကို တားလိုက်သဖြင့် ဘုမသိဘမသိ လေးယောက်သား ကားပေါ်တက်လိုက်ကြသည်။

"ဦးလေး ... အင်းလျားကိုမောင်းနော်"

ကြည်မင်းခန့် ရှေ့တွင်ထိုင်နေသော မိုနီကို လွှန်းဆက်အိမ်တို့ ငေးကြည့်နေတုန်း မိုနီက နောက်ကိုလှည့်ကာ ...

"တွစ်တီ ဒါ ... ခင်ဗျား သူငယ်ချင်းတွေလား"

"အေး ... ဟုတ်တယ် ... မင်းက ဘယ်လိုဖြစ်ရတာလဲ ... ဖုန်းမဆက် ဘာမဆက်နဲ့ အကြွေးကိုတော့ လျော့်လို့မရဘူးနော် ဒါပဲ ..."

"ခင်ဗျားကလည်း အခုတောင် တစ်ပြားမှ ပါမလာဘူး ... စီးလာတဲ့ဖိနပ်ကိုလည်း ကြည့်ပါဦး ... အပြာတစ်ဖက် အဝါတစ်ဖက်နဲ့ ဘာကိစ္စဖြစ်သလဲဆိုတာ အရင်မေးဦး ... ခင်ဗျား ပိုက်ဆံကို အလကား ချေးတာမဟုတ်ဘူး ... ဟန်းဆက်ပေးပြီး ချေးတာ စကားမရှည်နဲ့ ..."

"အေးပါ ... အလျှောက်ကောင်းရင်တော့ အထောင်းခံက်သာမယ်မှတ် ဆင်ပေါက် ..."

"နံ့ပြည်ရတ်ကမျှား ဆင်ပေါက်တဲ့နော် ... ဝိသတ်လိုက်လို့

www.burmeseclassic.com

www.burmeseclassic.com



ဦးနှောက်ပါ ထွက်သွားမယ် ... "

"ဟာ ... "

"အဟီးဟီး ... "

မိုနီစကားကို နေလရောင်တို့ ရယ်ကြသဖြင့် ကြည်မင်းခန့် စိတ်တိုသွားသည်။ ကားပေါ်မှာမို့ သည်းခံ နေလိုက်ရသည်။ အင်းလျားရောက်သည်နှင့် မိုနီကရှေ့မှ ကော့တော့ ကော့တော့ လျှောက်သွားသည်။ လွန်းဆက်အိမ်က ကြည်မင်းခန့်ကို လေသံတိုးတိုးနှင့် ပြောသည်။

"တကယ့် ကလေးပဲ ... "

"ပြောသားပဲ ... စကားပြောရင် ထပ်ပြီး အကဲခတ်လိုက်ဦး ဖအေတူ သမီးဆိုတာကို မင်းထပ်ပြီး သဘောပေါက်သွားရမယ်"

မိုနီက ကြည်မင်းခန့်နှင့် ထိုင်ခဲ့သော ဆိုင်တွင် ဝင်ထိုင်လိုက်ပြီး ကော်ဖီတစ်ခွက် မှာလိုက်သည်။ ကြည်မင်းခန့်တို့ ဝင်ထိုင်လိုက်ကာ မိုနီကို ကြည့်နေသည်။

"ဘာလဲ ... ခင်ဗျားတို့ရော မမှာတော့ဘူးလား"

"ငါတို့က ကျောင်းကလာတာ ... ပြောစမ်းပါဦး မင်းကိစ္စကို ... "

မိုနီက လွန်းဆက်အိမ်တို့ကို ကြည့်ကာ ကြည်မင်းခန့်ကို မျက်စပစ်ပြသည်။ ကြည်မင်းခန့်က အရင်ဆုံး မိတ်ဆက်ပေးသည်။

"ဒါက လွန်းဆက်အိမ် ... ဟိုကောင်က နေလရောင်နဲ့ လင်းရာ ... ဘာသိချင်သေးလဲ"



"ဟဲ ဟဲ ... ရပြီ ... ဒီလောက်ဆိုရင် ကျွန်တော်ကျောင်းပြေးလို့ အဖေက အခန်းတံခါးသော့ခတ်ထားတာ ... ခင်ဗျားဆီ ဖုန်းဆက်ဖို့က ဖုန်းနံပါတ် ရေးထားတဲ့ စာအုပ်ပျောက်သွားလို့"

ကြည်မင်းခန့် လွန်းဆက်အိမ်တို့ကို ကြည့်ကာ မျက်ခုံးပင့်ကာ "ငါပြောသားပဲ" ဆိုသည့် အထာနှင့် လုပ်ပြသည်။ မိုနီက ဆက်ပြီးပြောသည်။

"ခင်ဗျားတို့ မလာဘူးတောင် ထင်နေတာ"

"ပိုက်ဆံ ငါးထောင်က တန်ဖိုးမရှိပေမယ့် မင်း ဟန်းဆက်ကတော့ မင်းအတွက် တန်ဖိုးရှိမယ်ထင်လို့ ပြန်လာပေးတာ ... "

"ကျွန်တော့်လိပ်စာ ဘယ်ကရလဲ"

"မာတ်တိုင်မှာ ချိတ်နေလို့"

"သြော် ... ခင်ဗျားက ကျွန်တော့်ကို ကလေးကချေလို့ ပြောလိုက်တာပေါ့ ... "

"အဲဒီလို ဖြစ်သွားလို့လား ... "

မိုနီက ကြည်မင်းခန့်ကို မျက်စောင်းကြီးကြီးနှင့်ပစ်ပေါက်သည်။ ကြည်မင်းခန့်နှင့် မိုနီတို့ ပြောနေကြသဖြင့် လွန်းဆက်အိမ်တို့ ဝင်မပြောကြပါ။ မခင်သေး၍ မပြောတာလည်း ဖြစ်ချင်ဖြစ်မည်။ ကြည်မင်းခန့်ကလည်း လွန်းဆက်အိမ်တို့ရှေ့တွင် စကားကို ပြောင်ပြောင်ပဲ ပြောသည်။

"မင်းတော့ ဆယ်တန်းကို ဆယ်ခါပြန်ကို ကျမှာပဲ ... သိသား"

"တစ်ခါတောင် ပြန်ကျစရာမလိုဘူး ... အခု ကျောင်းမှ



www.burmeseclassic.com

www.burmeseclassic.com



မတက်ရတော့တာ ... ”

“ဘာကိစ္စနဲ့ စာကို မကြိုးစားချင်ရတာလဲ ... ဆင်ပေါက်”

“ခင်ဗျားကရော ဘာကိစ္စနဲ့ စပ်စုချင်ရတာလဲ တွစ်တီ”

“ဟာ ... မင်းကို ငါက ဆယ်တန်းအောင်စေချင်လို့ပေါ့ကွ”

“ခင်ဗျားက ဟပ်ချလောင်းဆရာလား ... အောင်စေချင်တိုင်း အောင်မှာကျနေတာပဲ ... ”

“ဒါကတော့ မင်းဘက်က ကြိုးစားရမှာပေါ့ ... ”

“မကြိုးစားချင်လို့ပေါ့ ... ”

“အေးလေ ... အဲဒါ ဘာကြောင့်လဲလို့ ... ”

“ကျွန်တော်က ခင်ဗျားတို့လို လွတ်လွတ်လပ်လပ်နေတာ သဘောကျလို့ ... ”

“ဒါကတော့ကွာ ငါတို့လည်း မင်းအရွယ်က စာကြိုးစားခဲ့ရတာပဲ ... စာကြိုးစားခဲ့လို့ အခုချိန်မှာ လွတ်လွတ်လပ်လပ်နေရတာပေါ့ ... ”

“အဲဒါတော့ ခင်ဗျားလိမ်တာပဲ ... ကျွန်တော့် အစ်ကိုဆို ဆယ်တန်းလည်း မအောင်ဘူး ... သူဆို ကိုးတန်းထဲက လွတ်လွတ်လပ်လပ် နေနေတာ ... ”

“မင်းက မိန်းကလေးလေ ... မင်းအဖေက ဘွဲ့ရစေချင်တာပေါ့ ... ”

“မသိဘူးဗျာ ... ခင်ဗျားကလည်း အိမ်မှာနေလို့ နားငြီးရတဲ့အထဲ တရားလာချနေသေးတယ် ... ထွက်ပြေးသွားမှာနော်”

မိုနီစကားကြောင့် ကြည်မင်းခန့် မျက်လုံးပြူးသွားသည်။





ပြီးမှ ...

“ဟော့ ... မင်းအဲလိုတော့ မလုပ်နဲ့လေ ... ငါတို့ တိုင်ပတ်မှာပေါ့”

“တိုင်မပတ်ချင်ရင် အေးဆေးနေ ... ကျွန်တော် ကော်ဖီသောက်ပြီးရင် လျှောက်သွားလိုက်ဦးမယ်”

“မင်းမှာ ပိုက်ဆံရှိလို့လား”

“ခင်ဗျားတို့ရှိနေတာပဲ ... လိုက်ခဲ့ရမှာနော် ... ဒါပဲ”

ကြည်မင်းခန့် ခေါင်းကုတ်လိုက်ပြီး လွန်းဆက်အိမ်တို့ကို ကြည့်သည်။ နေလရောင်တို့ ကြည်မင်းခန့်ကို ဆိုင်အပြင်သို့ ခေါ်ထုတ်လိုက်ပြီး နေလရောင်က အရင်ပြောသည်။

“မင်းပဲ လိုက်သွားလိုက်တော့ တွစ်တီ ... ”

“ခွေးကောင်တွေ ... ”

“အဟီး ... ပိုက်ဆံကတော့ ငါတို့ကားခပဲ နုတ်ထားမယ် ကျတာ မင်းယူသွားလိုက်နော် ... ”

လင်းရာက ဘောင်းဘီအိတ်ထဲမှ ပိုက်ဆံများကို ထုတ်ကာ ကားခနုတ်ထားလိုက်ပြီး နေလရောင် ပိုက်ဆံနှင့် လွန်းဆက်အိမ် ပိုက်ဆံများကို စုကာ ပေးလိုက်သည်။ ကြည်မင်းခန့် ပြူးလိုက်ပြီး ...

“ဒါဆို ... မနက်ဖြန်မှ ကျောင်းမှာဆုံမယ်နော် ... ”

“အိုကေ ... မင်း ဆင်ပေါက်ကို ပြောလိုက်ဦး ... ငါတို့ သွားပြီလို့ ... ”



www.burmeseclassic.com

www.burmeseclassic.com



"အေး ... "

ကြည်မင်းခန့် ဆိုင်ထဲပြန်ဝင်လာသည်နှင့် ဆင်ပေါက်လေးက မျက်မှန်ပင့်ကာ ကြည့်သည်။

"ဘာကြည့်တာလဲ ... ဆင်ပေါက်၊ မင်းအတွက် ပိုက်ဆံရှေး နေတာ သိလား ... "

"အဲလိုမှပေါ့ ... ခင်ဗျား သူငယ်ချင်းတွေက ခင်ဗျားကို တော်တော် ချစ်တာပဲနော် ... "

"ငါ့ကို ချစ်လို့ မဟုတ်ဘူး ... မင်းကို သနားလို့"

"သနားရအောင် ကျွန်တော်က ဘာဖြစ်နေလို့လဲ"

"စကားမများစမ်းပါနဲ့ကွာ ... ဒါပြီးရင် ဘယ်သွားမှာလဲ ပြော ... ငါ လိုက်ပို့ပေးမယ် ... "

"တကယ်နော် ... "

"အေး ... မင်း လျှောက်လည်ပြီးရင်လည်း ငါအိမ်ပြန်လိုက် ပို့မှာနော် ... "

"အင်း ... "

"ခဏနေဦး ... မင်းနဲ့ငါနဲ့ ကတိတစ်ခုထားရအောင်"

"ဘာလဲ ... "

"မင်းဆယ်တန်းကို အောင်အောင်ပြန်ဖြေပါ့မယ်လို့ ငါ့ကို ကတိပေး ... "

"ကတိပေးရင် ခင်ဗျားကရော ဘာပြန်ပေးမှာလဲ ... "

"ခုနက နေလရောင် အစ်မက ဆယ်တန်းသင်တဲ့ guide



င်းအဖေကို သေချာပြန်ပြောပြီး အနီးကပ် စာလုပ်လိုက် ... မင်း ဆယ်တန်းအောင်ရင် လိုချင်တာတောင်း ငါဝယ်ပေးမယ် ... "

"တကယ်နော် ... "

"အေး ... ဒါပေမယ့် ကျူရှင်တစ်ရက်ပြေးရင် ဆယ်ရာခိုင် နှုန်း ကတိစကားကို လျှော့ပစ်မယ် ... "

မိုနို ခဏတာ စဉ်းစားလိုက်သည်။ ပြီးမှ ကြည်မင်းခန့်ကို ကြည့်ကာ ...

"ရတယ် ... ကတိပေးတယ် ... ခင်ဗျားသူငယ်ချင်း လိပ်စာ ပေးခဲ့ ... ကျွန်တော့်အဖေကို ရအောင်ပြောမယ် ... "

"ဟုတ်ပြီ ... "

ကြည်မင်းခန့် မိုနို့ဆယ်တန်းအောင်,အောင် လုပ်ပေးမည်ဟု စိတ်ထဲမှ ဆုံးဖြတ်ချက်ချလိုက်သည်။ မိုနိုကလည်း ဆယ်တန်း အောင်,အောင်လုပ်ပြီး ကြည်မင်းခန့်ဆီမှ လိုချင်တာတောင်းမည် ဟု စိတ်ထဲ တွေးလိုက်သည်။

တစ်စုံတစ်ခု၏ လွှမ်းမိုးရာ လှုပ်ရှားရာ ထိန်းကျောင်းရာ ဖြစ်သော ဦးနှောက်ကို စိတ်ဟု သတ်မှတ်ကြသည်။ တစ်စုံတစ်ဦး၏ စိတ်ကို လွှမ်းမိုးရာသည် တခြားသော တစ်စုံတစ်ဦး၏ စိတ်ပင် ဖြစ်၏။ အလိုရှိရာသည် မိမိစိတ်ကို ဖန်ဆင်းပေးသော်လည်း ဖန်တီး ရာ မရောက်ပါ။ မိမိစိတ်သည်သာ အလိုရှိရာကို ဖန်ဆင်း၍ ဖန်တီး နိုင်သည်။

❀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၁ )

မိုးမမြင် လေမမြင် လျှောက်ရင်း
ဖွဲ့ခဲ့ဆို နင်းမိမှ
ငုံ့ကြည့်မိတာ
ကျွန်တော့် နှလုံးသား။
ကိုယ့်ရင်ဘတ်ကိုယ် လှပ်ကြည့်မှ
ဟောင်းလောင်းပေါက်ထဲ
တွဲလွဲခိုနေတဲ့ ချစ်သူ
တစ်ညလုံး အောင့်တဲ့ရင်ဘတ်
လက်စသတ်တော့
သူ ...
လိုက်စားနေတာကိုး ... ။

နေလရောင် လက်ထဲမှ ဆေးလိပ်တိုကို ကြည်မင်းခန့်ယူကာ လွှင့်ပစ်လိုက်သည်။





"ငါပြောထားတဲ့ ကိစ္စ ... မင်းဘက်က အဆင်ပြေမှာလား ပြေလို့ မဖြစ်ဘူးနော် ... မင်းအစ်မ သင်တန်းချိန်တွေ ဖျက်ပြီး တော့ကို သင်ပေးရမှာ ... "

ကြည်မင်းခန့်ကို လွှန်းဆက်အိမ် ကြည့်ကာ ရယ်သည်။ ကြည်မင်းခန့် အခုတလော မိုနိုကိစ္စနှင့် ပတ်သက်လျှင် အသေးအဖွဲ ကိစ္စမှအစ ဒေါသထွက်နေသည်။ နေလရောင် ခေါင်းညိတ်ပြလိုက်မှ ကြည်မင်းခန့် စိတ်တဝက်သက်သာသွားရသည်။ လင်းရာက ခေါင်းကိုကုတ်နေရာမှ ဝင်ပြောသည်။

"ကြည်မင်းခန့် မင်းကသာ သူ့အစ်မကို အထင်ကြီးသင်နိုင်း နေတယ် ... ဟိုတစ်ယောက်ကဖြင့် ဘာမှန်းလည်း မသိသေးဘဲနဲ့"

"ဟုတ်တယ် ... ကြည်မင်းခန့် နေလရောင်အစ်မ သင်တန်း တွေ ဖျက်ပြီးပြီဆိုရင်အောင် မင်းရဲ့ ဆင်ပေါက်က ဘာသတင်းမှ လည်း မရသေးဘူး ... မင်း နေလရောင် ဖုန်းနံပါတ်ကို ပေးခဲ့လိုက် တာလား ... "

လွှန်းဆက်အိမ်ကပါ မနေနိုင် မထိုင်နိုင် ဝင်ပြောနေသည်။ နေလရောင်ကတော့ သူ့အစ်မကို ပိုင်သည်ဆိုတဲ့အထာနှင့် ကြည် မင်းခန့်ကို ကြည့်နေသည်။

"လိပ်စာပါ ပေးခဲ့လိုက်တာ ... ပြန်ဆက်သွယ်မှာပေါ့ကွာ"

"တစ်ပတ်တောင်ပြည့်တော့မယ် ... မင်းနဲ့ သူနဲ့တွေ့တာ တော်တော်နောက်ကျနေပြီ ... အခုပဲ ရှစ်လပိုင်းကုန်နေပြီ ... ဆယ် တန်း စာမေးပွဲက မနီးသေးဘူးဆိုပေမယ့် သူက စာတွေပိုင်နေရင် တော့ တစ်မျိုးပေါ့ ... လင်းရာ ညီဝမ်းကွဲတောင် စာတွေပိုင်နေပြီ



www.burmeseclassic.com

www.burmeseclassic.com



ဆိုပဲ ...”

လွန်းဆက်အိမ်က မိုနီကို စိတ်ပူသလိုမျိုးနှင့် ပြောနေသဖြင့် ကြည်မင်းခန့် သက်ပြင်းချလိုက်မိသည်။ ခဏနေမှ နေလရောင်တို့ ကို ကြည့်ကာ ...

“ငါ သူတို့အိမ်ကိုသွားပြီး အကျိုးအကြောင်းပြောလိုက်ရင် ကောင်းမလား ...”

လင်းရာနှင့် လွန်းဆက်အိမ်တို့ကတော့ “မသိဘူးလေ” ဆိုသည့် ပုံစံမျိုး လုပ်ပြသည်။ နေလရောင်က ဆေးလိပ်တစ်လိပ် ကို မီးညှိလိုက်ပြီး ပြောသည်။

“မင်းက သူ့ကိုတကယ်ပဲ ဆယ်တန်းအောင်စေချင်နေတာ လား ... ဒါမှ မဟုတ် ...”

နေလရောင်က စကားကို ဆက်မပြောသေးဘဲ လွန်းဆက် အိမ်နှင့်လင်းရာကို ကြည့်သည်။ ကြည်မင်းခန့်က ...

“ဒါမှ မဟုတ် ဘာဖြစ်လဲ ဆက်ပြောလေ ...”

နေလရောင် ဆေးလိပ်ငွေ့များကို မှုတ်ထုတ်လိုက်ပြီး ဆက် ပြောသည်။

“မင်း ... သူ့ကို ကြိုက်နေတာလား ကြည်မင်းခန့်”

“ဘာဆိုင်လို့လဲ ...”

“မသိလို့မေးတာပေါ့ ... မင်းကို အခုတလော ကြည့်လိုက် ရင် guide တွေကို လိုက်စုံစမ်းနေတာနဲ့ပဲ အချိန်ကုန်နေတယ်။ ဘာလုပ်မှာလဲကွာ ... ကိုယ်ကျိုးလည်းရှိတာ မဟုတ်ဘဲနဲ့ ... သူက





ဆယ်တန်းအောင်မှ အဖြေပေးမယ်ပြောလို့လား ...”

“ဟာကွာ ... နေလရောင် ငါက သူ့ကို အောင်စေချင်ရုံ သက်သက်ပဲ ကူညီပေးနေတာကွ ... နောက်ပြီး သူ့အိမ်က အဲလို မျိုး အခန်းလှောင်ပိတ်တာတို့ ဘာတို့ဆိုတာကို ငါနည်းနည်းလေးမှ သဘောမကျဘူး ... တကယ်ဆို မိန်းကလေးတစ်ယောက်ကို အဲလို မျိုးကြီးတော့ မလုပ်သင့်ဘူး ...”

“ဟုတ်ချင်မှလည်း ဟုတ်မှာပါကွာ ... ထမင်းမကျွေး ဟင်း မကျွေးတော့ ထားမလားကွ ... သူ့သမီးပဲဟာ ...”

လင်းရာက ကြားဖြတ်ဝင်ပြောပြန်သည်။ သူတို့ ပြောတာ လည်း ဟုတ်သားပဲ ... ကြည်မင်းခန့်အတွက် အကျိုးတစ်စုံမှ မပါ ဘာ။ ဒါပေမယ့် စိတ်ထဲ မိုနီနဲ့ပတ်သက်ပြီး ဆိုက်ကိုတော်တော်ဝင် နေသဖြင့် စိတ်ရှိတဲ့အတိုင်းသာ လုပ်မည်။

“ငါ သူ့ကို စိတ်ထဲက တစ်မျိုးကြီးပဲကွာ ... သနားသလိုလို ဘာလိုလိုနဲ့ ...”

လွန်းဆက်အိမ်က ကြည်မင်းခန့် စကားကိုရယ်သည်။

“ဘာလိုလို ဆိုတာက ဘာလဲ ... နည်းနည်း လင်းစမ်းပါဦး ဘား ...”

“မသိတော့ဘူးကွာ ...”

“မင်းကလည်း ကြိုက်ရင်ကြိုက်တယ်ပေါ့ ... ငရဲကြီးမှာ သူနေတာပဲ ဖြစ်နေတဲ့ပုံကိုက ... ကလေးကို မုန့်ပေးကြိုက်တာ ကို အပြောမခံချင်လို့လား ... မင်းတို့နှစ်ယောက်က လေးနှစ်ကျော် လောက်ကွာတာ ... ဘယ်သူမှ အသက်ကို ရိုက်မစစ်ဘူး ... မင်း



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်တယ်ဆိုရင်တော့ ... သူဆယ်တန်းအောင်ဖို့ ကိစ္စငါတို့ ဝင်ကူပေးမယ် ... ဘယ်လိုလဲ ... "

နေလရောင်က ဆေးလိပ်ငွေ့များကို လက်နှင့်ယပ်ကာ ပြောသည်။ ကြည်မင်းခန့်ခမျာ ... ဝင်ကူပေးပါလို့ ပြောပြန်ရင်လည်း မိုနီကို ကြိုက်နေတယ်ဟု စမှာလည်း စိုးရိမ်သည်။ မကြိုက်လို့လား ဆိုတော့လည်း မဟုတ်ဘူး ကြိုက်ပါသည်။ ဒွိဟဖြစ်နေတုန်း လွှန်းဆက်အိမ်က ဝင်ပြောသည်။

"ရည်းစားစကားပြောတာနဲ့ ပိုက်ဆံချေးတာက နောက်ကျရင် မရတတ်ဘူးကွ ... ဝန်ခံလိုက်စမ်းပါ ... မကြိုက်တာလည်း မဟုတ်ဘူး"

"အေးကွာ ... ကြိုက်တယ် ... ကြိုက်တယ်"

"ဟ ဟား ... အဲလို လုပ်ပါကွာ"

ကြည်မင်းခန့် လွှန်းဆက်အိမ်ကို စာအုပ်နှင့် ပစ်ပေါက်လိုက်သဖြင့် လွှန်းဆက်အိမ် ဖမ်းလိုက်ပြီး သီချင်းဆိုပြန်သည်။

"စိုးရိမ်တယ် ... ညီမလေးရဲ့ စိုးရိမ်တယ်"

ကြည်မင်းခန့် ပြုံးလိုက်သဖြင့် နေလရောင်တို့ ရယ်ကြသည်။

ဒီတစ်ခါတော့ အပစ်မလွဲပါစေနဲ့ ... မြားနတ်မောင်ရေ ဖူးစာရေးနတ်ပါ ... တောင်းဆိုလိုက်ချင်ရဲ့ ...

တစ်သက်မှာ တစ်ယောက်ထဲကိုသာ ကံကြမ္မာကြီး လှည့်စားနိုင်ပါစေ။





"ကြည်မင်းခန့် ခဏလာဦး အိမ်ရှေ့ကို ... "

ဒေါ်မြကြည် အသံကို ဥပေက္ခာပြုလျှင် ရသော်လည်း အမေဆိုသည့် ဂုဏ်ပုဒ်ကို ဥပေက္ခာပြု၍ မရ။ ထို့ကြောင့် ကြည်မင်းခန့် အိပ်ရာထက်မှ ပျင်းရိစွာ ထလာလိုက်သည်။

"ပြော ... မေမေ ... သား အိပ်တော့မလို့"

အမှန်တကယ်တော့ အိပ်တော့မလို့ မဟုတ်ပါ။ ကဗျာရေးမလို့ ကြံနေခြင်းဖြစ်သည်။ သို့သော် အရည်မရ အဖတ်မရဟု ဦးလှခင်း ပြောမည့်စကားကို ကြိုသိနေသဖြင့် လွှဲဖြေလိုက်ခြင်းဖြစ်သည်။ အိမ်ရှေ့တွင် ရုပ်ရှင်ကြည့်နေကြသဖြင့် အခန်းထဲ အေးအေးလူလူ ငြိမ့်ချင်သော်လည်း မရ။

"မနေ့က နေ့လည်ဘက် နှင့်ဖုန်းလာတာ ပြောမလို့"

"ဖုန်းလာတယ် ... သားက ဘယ်ရောက်နေလို့လဲ မနေ့က ... "

"နင် ကျောင်းမှာလေ ... "

"အာ ... ဟုတ်သား ... ဘယ်သူလဲ မေမေ"

"အဲဒါ နင့်ကိုမေးမလို့ ခေါ်တာပေါ့ ... ဘာတဲ့ ဆင်ပေါက်ဆက်တာဆိုလား ... ဘာလားပဲ ... "

ကြည်မင်းခန့်စိတ်ထဲ အတိုင်းမသိ ပျော်သွားသည်။ ဝမ်းသာအားရဖြင့် ဒေါ်မြကြည်ရှေ့တွင် ပြေးထိုင်လိုက်ပြီး ...

"ဘာမှာသွားသေးလဲ မေမေ ... "

"ငါနဲ့တောင် သိပ်မပြောလိုက်ရပါဘူး ... နင်မရှိဘူးလို့



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်တော့ ... ပြန်ဆက်ဖို့ ဖုန်းနံပါတ်ပေးပြီးတာနဲ့ ဖုန်းကိုချ သွားရော"

"ဘယ်မှာလဲ ... သားကိုပေးလေ ... မြန်မြန်"

"ဘယ်လိုဖြစ်နေတာလဲ ... စာရွက်တောင် ဘယ်နားထား မိမှန်း မသိဘူး ..."

ဒေါ်မြကြည်က တီဗွီမှ မျက်လုံးမခွာပဲ ပြောနေသဖြင့် ကြည် မင်းခန့် စိတ်မရှည်တော့ ...။

"ဘယ်မှာလဲလို့ မေမေရာ ... စဉ်းစားပါဦး ဘယ်နားထား မိလဲ ..."

"စာအုပ်စင်ပေါ် ..."

ဒေါ်မြကြည် စကားတောင် မဆုံးလိုက် ကြည်မင်းခန့် စာအုပ်စင်နား ရောက်သွားသည်။ စာအုပ်များကို ဖွကာ ရှာလိုက် ပြီး ...

"မေမေ ... မတွေ့ဘူး ... ဘယ်မှာလဲ"

"ငါလည်း မသိလို့ပေါ့ ... ဘယ်မှာလဲဆိုတာ သိမှတော့ ငါ ပြောလိုက်တော့မှာပေါ့ ... ကိုလှမင်း ပိုက်ဆံအိတ်ထဲများ ထည့်မိ သလား မသိဘူး ..."

"ဖေဖေ့ ပိုက်ဆံအိတ်က ဘယ်မှာလဲ ..."

"ငါလည်း မသိလို့ပေါ့ ... ဘယ်မှာလည်းဆိုတာ သိမှတော့ ငါပြောလိုက်တော့မှာပေါ့ ... ကိုလှမင်း ပိုက်ဆံအိတ်ထဲများ ထည့် မိသလား မသိဘူး ..."





"ဖေဖေ ပိုက်ဆံအိတ်က ဘယ်မှာလဲ ..."

"ဟောကောင် ... ဒီကိုယူလာခဲ့ ... အိတ်ထဲမှာ ပိုက်ဆံတွေ ရှိတယ်"

"ဘယ်မှာလဲ ဖေဖေ့အိတ်က ..."

"အိပ်ခန်းထဲမှာ ..."

ကြည်မင်းခန့် အိပ်ခန်းထဲဝင်သွားပြီး ခဏအကြာ ပြေးထွက် လာသည်။

"ဖေဖေ့အိတ်ထဲက ၅၀၀တန်တစ်ရွက် ယူသွားတယ် ... သား ဖုန်းသွားဆက်လိုက်ဦးမယ်"

"မြကြည် ငါ့အိတ်ထဲ ထည့်မထားပါနဲ့ဆို အခု ၅၀၀ ပါသွား ပြီ"

"သူ့ကောင်မလေးဆီ ဖုန်းဆက်တာနေမှာပေါ့"

"နာမည်ကလည်း ဆင်ပေါက်တဲ့ ... ဟွန်း ... ဝါးခြမ်းပြားနဲ့ ဆင်ပေါက်တော့ တွေ့ကြပြီပေါ့ ..."

ကြည်မင်းခန့် လမ်းထိပ်ဖုန်းဆိုင်သို့ တဟုန်ထိုးပြေးကာ ဖုန်းဆက်တော့သည်။ ပြေးလာရ၍ ရင်ခုန်တာလား။ အကြောင်း မရှိဘဲ ရင်ခုန်တာလားတော့ သေချာမကွဲပြားရင်တော့ အတော်ပဲ ခုန်နေသည်။ အသံမတုန်အောင် ထိန်းလိုက်ပြီး ...

"ဟယ် ... ဟယ်လို မိုနီနဲ့ ပြောချင်လို့ပါ ..."

"guide ဆရာလား"

"ဗျာ ... အဲ ဟုတ်တယ် ... ဟုတ်တယ် သူ့ဆရာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ခဏလေးနော် ... ဆရာ"

"ရတယ် ... ရတယ် ... မြန်မြန်သာခေါ်လိုက်"

ဖုန်းထဲမှ စကားပြောသံတချို့ကို ကြားနေရသည်။ ခဏအကြာ မိုနိုအသံလေးကို ကြားလိုက်ရသဖြင့် ရင်ခုန်သံတောင် ပြောင်းဆန်ချင်သွားသည်။

"ဟယ်လို ... ဆရာလား"

"ဟုတ်တယ် ... သမီး ဆရာတွစ်တီ ဆက်နေတာ အဟဲ"

"သေချင်လို့လား ... အဲလေ ... သေချင်ပါတယ် ... ဆရာရယ် ... ဖေဖေပေါ့ သမီးကို ကျောင်းကထုတ်ပြီးကာမှ ... အနီးကပ် ပြန်တက်နိုင်းနေလို့ ... "

"ဘေးမှာ ... မင်းအဖေရှိနေလား ... "

"နှစ်ယောက်စလုံး ဆရာ ... "

"နှစ်ယောက်စလုံး ရှိတာလား ... ဟို ... ဖုန်းတွေ ဘာတွေ လိုင်းမခွဲထားပါဘူးနော် ... တော်ကြာ အလိမ်ပေါ်သွားမှာစိုးလို့"

"မခွဲထားဘူး ... ဆရာ"

"တော်သေးတာပေါ့ ... မနေ့က ဖုန်းဆက်မှန်း ဒီနေ့မှ သိတာ"

"အင်း ... ကျူရှင်ကိစ္စပြောမလို့"

"တက်ဖြစ်တယ် မဟုတ်လား ... ဒီဘက်မှာ သေသေချာချာ သင်ပေးဖို့ ပြောထားပြီးသား"

"တက်ဖြစ်တယ် ... တစ်ဘာသာ ဘယ်လောက်လဲလို့



ဖေဖေက မေးနေလို့"

"Free လို့ပြောလိုက်"

"ရှင် ... တစ်ဘာသာ ရှစ်ထောင်ဟုတ်လား ... ဖေဖေရေ တစ်ဘာသာ ရှစ်ထောင်တဲ့ ... "

မိုနိုက သူ့အဖေကို လှမ်းပြောနေပုံပေါ်သဖြင့် ကြည်မင်းခန့် နားထောင်နေလိုက်သည်။ ခဏနေမှ မိုနို့အသံ ထပ်ထွက်လာသည်။

"တက်လို့ပြောတယ် ဆရာ ... "

"မင်းကို Free သင်ပေးပါ့မယ်ဆိုမှ ပိုက်ဆံကိုလိမ်တောင်းဦးမယ် မဟုတ်လား ... "

"ဩော် ... အဲဒါ ရိုးရိုးလား ... ရှယ်လည်းရှိသေးတယ် မဟုတ်လား ... ဖေဖေ ရှယ်လည်းရှိသေးတယ်တဲ့"

သူ့အဖေကို လှမ်းပြောနေပြန်သည်။ ကြည်မင်းခန့် သက်ပြင်းချလိုက်ပြီး ...

"လုပ်ချင်သလိုသာ လုပ်ပါတော့ ဆင်ပေါက်ရယ်"

"စိတ်ချ ဆရာ ... မနက်ဖြန် (၃)နာရီကျရင် ဆရာမကို သမီးတို့ အိမ်ကို အရောက်လွှတ်ပေးပါနော် ... ဩော် ... သမီးက Bio ဆိုတာလည်း ပြောပေးဦးနော် ... ဆရာ ဘာမှာဦးမလဲ ... မှာစရာ မရှိရင် ဖုန်းချလိုက်တော့မယ်"

"ခဏလေး မိုနို ... မင်း ဆယ်တန်းကိုအောင်ရင်စေမယ်လို့ ကတိပေးထားတယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ..."

"ဟိုဟာလေ ..."

"ဘာလဲဟင် ..."

"ဘာမှ မဟုတ်တော့ပါဘူး ... စာကြိုးစားနော်၊ ဖုန်းချလိုက်တော့မယ်"

"အင်း ..."

ကြည်မင်းခန့် ဖုန်းကို အရင်ချလိုက်ပြီးမှ နောင်တရနေသည်။

"တော်တော်ညံ့တဲ့ ငါပါလား ... အို ... မပြောဖြစ်လိုက်တာလည်း ကောင်းပါတယ် ... တော်ကြာ စာမလုပ်ဘဲ အနှောင့်အယှက်ဖြစ်နေဦးမယ် ... အန်တီ ဘယ်လောက်ကျလဲ"

ကြည်မင်းခန့် ဘောင်းဘီအိတ်ထဲ ပိုက်ဆံအကြွေများ ထည့်ကာ အိမ်ပြန်လာခဲ့သည်။ ဘောင်းဘီအိတ်ထဲမှ တစ်ကျပ်တန်အကြွေစေ့ကို ဝမ်းသာအားရဖြင့် ထုတ်ကာကြည့်လိုက်သည်။ ခဏတာ စဉ်းစားလိုက်ပြီး ခေါင်းပန်းလှန်ရန် တွေးလိုက်သည်။

"မိုနီဘက်က ချစ်နေတယ်ဆိုရင် ခေါင်းကျပါစေ"

ငယ်ငယ်တုန်းက ခေါင်းပန်းလှန်သလို ကြည်မင်းခန့် အကြွေစေ့ကို လေထဲမြှောက်လိုက်သည်။ တစ်လှည့်စီ လှည့်နေရင်းမှ ကြည်မင်းခန့်လက်နှင့် အမိအရဖမ်းဆုပ်လိုက်သည်။ အခုချိန် ပန်းကျခဲ့ပါက ကြည်မင်းခန့် ငယ်ငယ်တုန်းကလို ညစ်ပတ်ကာ ခေါင်းမကျမချင်း လေထဲမြှောက်နေဦးမည် ဖြစ်သည်။ သို့သော်





ရင်မဆိုင်ရဲ၍ အကြွေစေ့ကို ဆုပ်လျက်သား ကိုင်လာခဲ့သည်။

အခန်းထဲမှ စာကြည့်စားပွဲပေါ်တွင် အကြွေစေ့ကို ပုံမဖျက် လက်နှင့်အုပ်ကာ တင်လိုက်ပြီး စာအုပ်ထူထူ တစ်အုပ်နှင့်အုပ်လိုက်သည်။ ပြီးမှ လေသံခပ်တိုးတိုးဖြင့် စာအုပ်ကိုကြည့်ကာပြောသည်။

"မင်းကိုကြည့်ဖို့ အချိန်မတန်သေးဘူး ... ခဏစောင့်ဦး"

"အချစ်အကြောင်း မသိသေးတဲ့ ကောင်မလေးကြောင့် ငါ့ကို လူရူပ်ကြီးလို့ သတ်မှတ်ချင်သတ်မှတ်ပါ ... အချစ်အကြောင်းသိတဲ့ ငါ့ကြောင့်တော့ မင်းကို လူရှုပ်မလေးလို့ မသတ်မှတ်စေရဘူး ... ချစ်တယ် မိုနီ၊ ကောင်းသောညပါ ... ချစ်သူ"

အိပ်ပျော်ပျော်ချင်းပဲ အိပ်မက်ထဲတွင် ကလေးလိုလိုလူကြီးလိုလိုဟာလေးက သူ့ကို လှုပ်နှိုးသည်။

"ဟ ... ဘာကြီးလဲ မင်းက ဘယ်သူလဲ"

"My name is Cupid ..."

"အဲဒီနာမည် ကြားဖူးသလိုပဲနော်"

"သေလိုက်ပါတော့ ဗဟုသုတကလည်း နည်းပါးလိုက်တာ"

"အဖေနဲ့ အဘိုးက စာအုပ်ကြားထဲ ပိုက်ဆံမှမဝှက်တော့ပဲ"

"တော် ... ငါက Cupid ... Cupid က ငါ ... ဒါပဲ"

"အဲဒီတော့ ဘာလုပ်ရမှာတုန်း ... မင်းကရော ဘာလာလုပ်တာတုန်း ..."

"ဟာ ... ငါ့မြား ငါလာပြန်ယူတာပေါ့ ..."

"ဟင် ... ဘယ်မှာလဲ မင်းမြားက မင်းလက်ထဲမှာ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူးလား ... ”

“နီး နီး နီး နီး ... ငါ့မှာ မြားတံနှစ်ချောင်းရှိတယ်ကွ၊ ဒီမြားက လူအချင်းချင်း အမုန်းပွားစေတဲ့မြားပဲ ... ငါပစ်လိုက်တာ ချစ်စိတ်တွေပေါ်စေတဲ့ မြားလေ ... ရာစမ်းပါဦး ငါသေသေချာချာ ပစ်လိုက်ပါတယ် ... ”

Cupid ဆိုတဲ့ ငနဲက သူ့ခုတင် အပေါ်အောက်ကို ငုံ့ကြည့်ပြီး ပြောနေပြန်သည်။

“မရှိပါဘူး Cupid ရာ ... ပစ်ရင်လည်း သေသေချာချာ ချိန်ပစ်ပါလား ... မဟုတ်ဘူး တလွဲကြီးပဲ ... မျက်လုံးလေး ဘာလေးသွားပြီး ... ”

“မနေ့ကပဲ အမေရိကန်ဗိုလ်ကြီးရှင်းက ပြန်လာတာ ဟ ... အခုမှ သတိရတယ် ... ငါပစ်လိုက်တာ မင်းကိုမှ မဟုတ်ဘဲ”

“ဘာရယ် ... ဘာရယ် ... မြားချက်မလွဲရတော့ လူချင်းလာလွဲတယ်ပေါ့ဟုတ်လား ... နည်းနည်းပါးပါးလည်း သတိထားဦးရယ်ကွစ်စတာလေး ... ဘာလေးနဲ့လုပ် ... ဒါမှ မလွဲမှာ”

“အေးကွာ ... အေး ... အေး ငါသွားပြီ ... ငါက မင်းဖူးစာရှင်ကို ပစ်မလို့ ... မြားကို သွားပြန်ယူလိုက်ဦးမယ်”

“နေဦး ... ”

Cupid က ထပ်ပျံမည်အလုပ် ခြေထောက်ကို လှမ်းဆွဲထားသဖြင့် ဟန်ချက်ပျက်သွားသည်။

“ဘာလဲကွာ ... အချိန်မရှိရတဲ့အထဲ ... ”





“အေးဆေးပေါ့ ... စောပါသေးတယ်”

“မစောတော့ဘူး ... ဒါ ချယ်ရီဦးပဲ ... အတိအကျ”

“ဪ ... အရေးထဲ ကြော်ညာဝင်နေသေးတယ်၊ ငါ့ ဖူးစာရှင်က ဘယ်သူလဲ”

“မင်း ဖူးစာရှင်က ... ”

“ကြည်မင်းခန့် ... ဟဲ့ ကြည်မင်းခန့် နင်ကကျောင်းမတက်တော့ဘူးလား ... ”

“ဗျာ ... ”

ဒေါ်မြကြည်က ခြေရင်းနားမှာ စောင်ကိုခေါက်ကာ နှိုးလိုက်သဖြင့် ကြည်မင်းခန့် ဒေါ်ပွသွားသည်။

“ရက်စက်လိုက်တာ မေမေရယ် ... အိပ်မက်လေးကောင်းနေတုန်းကို ... ”

“ဘာတုန်း ... ”

“သွားပါပြီ ... သွားပါပြီ”

“အပြောနဲ့ မလုပ်နဲ့ ... အလုပ်နဲ့သက်သေပြ ... သွားမျက်နှာသွားသစ် ... ညလည်း ဘုရားမရှိခိုး၊ မနက်လည်း ဘုရားမရှိခိုးနဲ့ အားကြီးကြီး ကောင်းပါလိမ့်မယ် အိပ်မက်က ဟွန်း”

ကြည်မင်းခန့် မနက်စာစားကာ ကားဂိတ်သို့ ထွက်လာခဲ့သည်။ အိပ်မက်ထဲက မြားနတ်မောင်က နေလရောင်နှင့်တူသလိုလို ရှိသဖြင့် တွေးပြီး ရယ်လိုက်သည်။

“ဟော့ကောင် ... ကားကရောက်နေပြီ မင်းကသရူးထနေ



www.burmeseclassic.com

www.burmeseclassic.com



တုန်း ... လာ"

ကားပေါ်မှ နေလရောင် လှမ်းအော်လိုက်သဖြင့် ကြည်မင်းခန့် အရယ်ရပ်လိုက်ပြီး ကားပေါ်တက်လိုက်သည်။ လွှန်းဆက်အိမ်ဘေးတွင် ဝင်ထိုင်လိုက်သည်နှင့် လွှန်းဆက်အိမ်က မျက်ခုံးပင့်ပြသည်။ ထိုတော့မှ နေလရောင်ကို သတိရကာ အနောက်သို့ လှည့်လိုက်ပြီး ...

"နေလရောင် မင်းအစ်မကို အိမ်ရောက်ရင် ပြောလိုက် ... ဒီနေ့ နေ့လည်(၃)နာရီ ဆင်ပေါက်တို့အိမ်မှာ စာသွားပြပေးပါလို့ သူက Bio တဲ့"

"အေး ... မင်းဆီ ဖုန်းဆက်တယ်ပေါ့"

"ဟုတ်တယ် ... "

လွှန်းဆက်အိမ်က ပြုံးလိုက်ပြီး ဝင်တော့မပြောပါ။ ကြည်မင်းခန့်က လေသံခပ်တိုးတိုးနှင့်မေးသည်။

"မြားနတ်မောင်ဆိုတာ တကယ်ရှိလား ... လွှန်းဆက်"

"ဘာကြီး ... "

"မြားနတ်မောင်လေ ... လူတွေပြောပြောနေတဲ့ မြားနတ်မောင်ဆိုတာ တကယ်ပဲရှိသလားလို့ ... "

"အဲဒါတော့ ငါလည်းသေသေချာချာမသိဘူး ... ငါကြားဖူးတာကတော့ ပုံပြင်ထဲပဲ ကြားဖူးတယ်"

"ဘာပုံပြင်လဲ ... "

"ဗီးနပ်စ်ရဲ့ ချစ်သူကို ဗီးနပ်စ်နဲ့ သူ့အဖေက သဘောမတူဘူးလေ ... အဲဒီတော့ မားစ်ဆိုတဲ့ စစ်သူကြီးနဲ့ပေးစားခဲ့တယ် ... ချစ်မနှစ်သက်တဲ့ လူနဲ့အံ့တူနေရတာဆိုတော့ ဘယ်လောက်စိတ်ဆင်းရဲမလဲ ... မင်းပဲ စဉ်းစားကြည့် ... ဒါပေမယ့် သူတို့မှာ Cupid (ကျူးပစ်)ဆိုတဲ့ သားလေးလည်းမွေးရော ... ဗီးနပ်စ်က မြားနတ်မောင်အဖြစ် လူတွေကို ကူညီပေးတဲ့ ဖူးစာရေးနတ်ကလေးဖြစ်စေလို့ သတ်မှတ်ပေးခဲ့တယ် ... ငါလည်း အဲဒီလောက်ပဲသိတယ်"

"အဲဒါ ပုံပြင်ပေါ့ ... တကယ်မရှိဘူးလား ... "

"ဒါတော့ မသိဘူးလေ ... ဟိုအရင်ကတော့ ရှိခဲ့မှာပေါ့၊ အဲဒါကြောင့်မို့ လူတွေက တစ်ဦးကိုတစ်ဦး ချစ်ကြယူကြဖြစ်ကုန်တာပေါ့"

"သူ့မှာ မြားနှစ်ချောင်းရှိတာဆို ... "

"ဟုတ်မယ်ထင်တယ် ... တစ်ခုက အမုန်းတရားတွေပွားစေတယ် ... နောက်တစ်ခုက အချစ်တွေကို ဖြစ်ပေါ်စေတယ်"

"ဒါဆို ... သူပြောတာ မှန်တာပေါ့"

"ဘယ်သူပြောတာလဲ ... "

"မြားနတ်မောင်လေ ... "

လွှန်းဆက်အိမ်က ကြည်မင်းခန့်ကို ပြုံးကြည့်သဖြင့် ကြည်မင်းခန့် ပြုံးပြလိုက်သည်။ ခက်တာက ကိုယ့်ရဲ့ဖူးစာရှင်ကိုတောင် မေးလိုက်ရသဖြင့် စိတ်ထဲ မရိုးမရွဖြစ်နေသည်။ ဖူးစာရှင်ကလည်း ဆင်းရဲလားလို ဖိနပ်လေးတစ်ဖက်တောင် သဲလွန်စ မချန်ခဲ့ပါ။

www.burmeseclassic.com



"အင်းပေါ့လေ ... ဖူးစာရှင်မှန်း ကြိုသိနေကျမှတော့ လိုက်ရှာကြတော့မှာပေါ့ ... ဒါနတ်တွေရဲ့ secret ပဲဖြစ်မယ်"

"နတ်တွေက ဘာစီးကရက်သောက်လို့လဲ၊ ငါကြားဖူးတာ တော့ အဘိုးမင်းခေါင် တစ်ယောက်ထဲ ဖက်ကြမ်းသောက်တာ မဟုတ်လား"

နားစွန်နားဖျားကြားပြီး ထင်ရာပြောနေသော လွန်းဆက် အိမ်ကို ဖြေရှင်းချက် ပြန်ပေးမနေတော့ဘဲ ပြုံးကာနေလိုက်သည်။

ကျူတိုရီရယ် ရှိသဖြင့် ကြည်မင်းခန့်တို့လေးယောက်သား အတန်းကို မတိုင်ပင်ဘဲ တက်ဖြစ်သည်။ ခုံနံပါတ်အလိုက် ခေါ် သဖြင့် နေချယ်ရီ၏ နောက်ခုံတွင် ကြည်မင်းခန့် ထိုင်ရသည်။ စိတ် ထဲမှ နေချယ်ရီကို နှုတ်ဆက်ရကောင်းမလားဟု တွေးနေသော် လည်း တကယ်တမ်းတော့ မသိချင်ယောင်ဆောင်ခဲ့သည်။

"အားလုံးဖြေပြီးရင် နောက်ကကျောင်းသား အဲဒီ roll က အဖြေလွှာတွေ ထပ်ပြီးယူလာခဲ့"

ကြည်မင်းခန့် မတ်တတ်ရပ်ကာ ပုဆိုးကိုပြင်ဝတ်လိုက်ပြီး နေချယ်ရီ၏ အဖြေလွှာကို ယူလိုက်သည်။ နေချယ်ရီ မျက်နှာ တစ်ချက်ကြည့်လိုက်ပြီး ...

"မပြီးသေးရင် ဆက်ဖြေပါ ... "

"ရတယ် ... စောင့်မနေပါနဲ့ ... စောင့်ရတဲ့အလုပ်ကို မုန်း လို့ ... "

နေချယ်ရီက လွယ်အိတ်ထဲစာအုပ်နှင့် ဘောလ်ပင်ကို ထည့်





တာ အတန်းထဲမှ ထွက်သွားသည်။ ကြည်မင်းခန့် အဖြေလွှာများ ကို သိမ်းပြီး ဆရာရှေ့တွင် တင်ထားခဲ့သည်။ လွန်းဆက်အိမ်တို့ ရောက်လာသဖြင့် ကြည်မင်းခန့်စာအုပ်များကို ထည့်လိုက်သည်။ လင်းရာက စားပွဲပေါ် တက်ထိုင်လိုက်ပြီးပြောသည်။

"ကဲန်တင်း သွားရအောင်ကွာ ... ဗိုက်က အစိုးမရဘူး ... ကြိုတင်ကာကွယ်ထားတာ ကောင်းတယ်"

"ငါတို့လည်း ကဲန်တင်းသွားဖို့ပါပဲကွာ ... ဘယ်လိုလဲ ဖြေနိုင် သား ... "

နေလရောင်က စပ်ဖြီးဖြီးမျက်နှာနှင့်မေးသဖြင့် လွန်းဆက် အိမ်က ဝင်ပြောသည်။

"ဥမကွဲသိုက်မပျက်ပဲလေ ... "

"ကြည့်လုပ်နော် ... ဥမကွဲတွေများလာပြီး နောက်တစ်နှစ် ထိုင်နေရဦးမယ်"

လင်းရာက နောက်လိုက်သဖြင့် လွန်းဆက်အိမ်ပြုံးသည်။ အခုတလော ကြည်မင်းခန့်တစ်ယောက် စာမလုပ်ဖြစ်တာ မဟုတ် လေးယောက်သား အရင်လို စာမလုပ်ချင်ကြတော့။

"သူများသာ ဆယ်တန်းအောင်စေချင်တာ ငါကိုယ်တိုင် တောင် Final ကိုကျော်လွှားနိုင်ပါ့မလားလို့ စိုးရိမ်နေရတယ်"

"ကြည်မင်းခန့်ရာ ... နှလုံးရောဂါ ကိစ္စတွေ သိပ်မစဉ်းစား ပါနဲ့ ပျော်ပျော်နေသေခဲတဲ့ ... "

နေလရောင် ကြားထဲမှ ဆရာဝင်လုပ်နေသဖြင့် လင်းရာက



www.burmeseclassic.com

www.burmeseclassic.com



နောက်ပြန်သည်။

"ဘာလဲ … ပျော်ပျော်ကြီး သေရမှာလား"

"မင်းလို ငပိန်းကို ပြောမနေဘူး … မင်းဘာသာ ပျော်ပျော်ကြီးပဲသေသေ … တောင့်တောင့်ကြီးပဲ သေသေ … မင်းလို ကောင်မျိုးသေလည်း ငိုမဲ့လူက ရှိမှာမဟုတ်ဘူး"

နေလရောင်စကားကြောင့် လွန်းဆက်အိမ်နှင့်ကြည်မင်းခန့်တို့ ရယ်ကြသည်။ လင်းရာက နှာခေါင်းရှုံ့လိုက်ပြီး ပြန်ပြောသည်။

"ငါ့ကိုပြောရအောင် မင်းမှာရော သေရင်ငိုပေးမယ့်ရည်းစားရှိလို့လား … ဟှကောင် အချွင်းချွင်းကို တမူးပိုရှူမနေနဲ့"

"မင်းနဲ့တော့ ပြိုင်ပြီးရှူမနေဘူး"

"ကဲ … ကဲ … မောင်မင်းကြီးသားတို့ ဖခမည်းတော်က ရပ်လို့ပြောနေတယ်လေ … တော်ကြတော့ မကိုက်ကြနဲ့တော့"

"မင်းကိုပဲ … ကိုက်မှာ လွန်းဆက်အိမ်"

နေလရောင်နှင့်လင်းရာတို့ ပြေးလိုက်ကြသဖြင့် လွန်းဆက်အိမ်ရှေ့မှ ပြေးသွားတော့သည်။ ကြည်မင်းခန့် တစ်ယောက်တည်း နောက်မှ လိုက်လာသည်။

"ကြည်မင်းခန့် … "

အနောက်မှ ခေါ်သံကြားသဖြင့် ကြည်မင်းခန့် လှည့်ကြည့်လိုက်သည်။ သိပ်တော့ မအံ့ဩပေမယ့် ရုတ်တရက်တော့ မှင်တက်မိသွားသည်။ ခဏတာပါပဲ အသိစိတ်ပြန်ဝင်လာသဖြင့် မရယ်မပြုံးမျက်နှာနှင့် နှုတ်ဆက်လိုက်သည်။





"မတွေ့တာကြာပြီနော် … ဟေသာ … နွယ်ဝင်း"

ဟေသာနွယ်ဝင်းက သူ့နာမည်ကို အပြည့်အစုံခေါ်လိုက်သဖြင့် မျက်နှာအနည်းငယ် တည်သွားသည်။ ပြီးမှ ကြည်မင်းခန့်ကို ပြုံးရင်းပြောသည်။

"ငါ … လိုက်ရှာသေးတယ် … နင်နဲ့ လွဲလွဲနေလို့"

"ကိစ္စရှိလို့လား … "

"ပေးစရာရှိလို့"

"ပြောစရာတော့ မဟုတ်တော့ပါဘူးနော်"

"RC သွားရအောင်လား … "

"ငါးမိနစ်လောက်တော့ အချိန်ရပါတယ်"

"ငါက ပေးပြီးရင် စကားတစ်ခွန်းပဲပြောမှာပါ"

"ဒါဆို … ဒီမှာပဲ ပြောလိုက်ပါလား … "

"ငါ့ရဲ့ နောက်ဆုံး အဆုံးသတ်ကို ဒီလိုလမ်းလယ်မှာ အဆုံးသတ်ချင်ဘူး"

"အိုကေ … သဘောပဲ … ရှေ့ကသွားလေ … "

"အတူတူတောင် သွားလို့မရတော့ဘူးလား … "

"၄ မိနစ်နဲ့ ၄၀ စက္ကန့်ပဲ ကျန်တော့တယ်"

ကြည်မင်းခန့် နာရီကိုကြည့်ကာ ပြောလိုက်သဖြင့် ဟေသာနွယ်ဝင်း ရှေ့မှ လျှောက်သွားလိုက်သည်။ နောက်မှ ခြေလှမ်းစိတ်စိတ်နှင့် လျှောက်လာလိုက်ပြီး RC အရောက်တွင် ဟေသာနွယ်ဝင်းက ခုံတန်းရှည်၌ ထိုင်လိုက်သည်။ ဟေသာနွယ်ဝင်းနှင့် လက်



www.burmeseclassic.com

www.burmeseclassic.com



တကမ်းအကွာတွင် ကြည်မင်းခန့် ထိုင်လိုက်သည်နှင့် ဟေသာနွယ်ဝင်း စကားစသည်။

"နင်နဲ့ငါကြားမှာ ဒီလောက်ထိ စိမ်းကားသွားလိမ့်မယ်လို့ ငါမထင်ဘူး"

"မထင်လို့ အခုလို လုပ်ခဲ့တာပေါ့"

"တကယ်တော့ နင်က လူတွေနဲ့သီးခြားခွဲနေသင့်တယ်"

ကြည်မင်းခန့် စောင်းကြည့်လိုက်သဖြင့် ဟေသာနွယ်ဝင်းက ဆက်ပြောသည်။

"လူတိုင်းက အမှားနဲ့မကင်းတာ ... ငါ့အမှားကို နင် ခွင့်မလွှတ်နိုင်ဘူးလား ..."

"နင်ပြောခဲ့တဲ့ စကားတစ်ခွန်းကို မှတ်မိသေးလား၊ နင်က ဘယ်သူ့ကိုမှ အမှားမလုပ်ဖူးတဲ့အတွက် အမှန်လုပ်ပြန်စရာမလိုဘူးဆို"

"အခု ငါ့အမှားပဲထားပါတော့ ..."

"ငါလည်း ထားခဲ့လိုက်ပါပြီ ... နင်ပဲ အစပြန်ဖော်နေတာ ငါက မေ့တောင်နေပြီ"

"အေးလေ ... နေချယ်ရီ ရှိနေပြီပဲ"

"ဟေသာနွယ်ဝင်း ... ငါနဲ့ နေချယ်ရီနဲ့က ဘာမှမဆိုင်ဘူး နင် ရမ်းမစွပ်စွဲနဲ့"

"ထားပါတော့လေ ... နင်ပြောတော့လည်း နင့်စကားပေါ့ ဒီမှာ ... ရော့"





ကြည်မင်းခန့်ဘေးသို့ စာအိတ်တစ်အိတ်ချပေးလိုက်သဖြင့် ကြည်မင်းခန့် ကြည့်နေမိသည်။ ပြီးမှ ...

"အဲဒါ ဘာလဲ ..."

"ငါ ပေးစရာရှိတယ်ဆိုတာ ... အဲဒါ"

"ဒါပဲ ... မဟုတ်လား ... ယူသွားပြီ ..."

ကြည်မင်းခန့် စာအိတ်ကို ယူလိုက်ပြီး သွားမည်အလုပ် ဟေသာနွယ်ဝင်းကို ကြည့်ကာ နာရီကို ပြန်ကြည့်လိုက်သည်။

"ဪ ... နင်ပြောတဲ့ စကားတစ်ခွန်းက ငါ့ဆယ့်ခြောက်နှစ်လွန်တောင် ကြာတယ် ... စကားတစ်ခွန်းကို အဲလောက်ကြာကြာ ပြောလည်း စိတ်ဝင်စားဖို့ မကောင်းရင် ဘယ်သူကမှ နားထောင်ချင်မှာ မဟုတ်ဘူး ... နောက်လူတွေနဲ့ ပြောရင် လိုရင်းတိုရှင်းနဲ့ စိတ်ကို ဆွဲဆောင်နိုင်မဲ့စကားမျိုးပဲ ရွေးပြောပေါ့ ဟုတ်လား"

ဟေသာနွယ်ဝင်း ဘယ်လိုကျန်နေရစ်ခဲ့လဲဆိုတာ ကြည်မင်းခန့် မသိချင်တော့ပါ။ သိစရာလည်း မလိုလောက်ဘူးဟု အံကြိတ်ရင်း ကဲန်တင်းဘက်သို့ လျှောက်လာခဲ့သည်။ ကဲန်တင်းထဲ ရောက်သည်နှင့် လွန်းဆက်အိမ်က စကားစသည်။

"မင်းကလည်း လမ်းလျှောက်ရင်း အိပ်ပျော်နေသလား မှတ်နေယ် ... ကြာလိုက်တာ"

ကြည်မင်းခန့် စာအိတ်ကို စားပွဲပေါ်တင်လိုက်ပြီး ခုံဆွဲကာ ထိုင်လိုက်သည်။ နေလရောင်က စာအိတ်ကို ဖောက်လိုက်သည်။

"ပိုက်ဆံတစ်ထောင်ကွ ... ဘယ်သူပေးလိုက်တာလဲ ကြည်

www.burmeseclassic.com

www.burmeseclassic.com



မင်းခန့် …”

ကြည်မင်းခန့် မဖြေချင်ပါ။ ဘာအမိပ္ပာယ်နှင့် ပြန်ပေးမှန်းတော့မသိ … ပိုက်ဆံတစ်ထောင်က ဟောသာနွှယ်ဝင်းကို ထုတ်ပေးလိုက်သော အသစ်ကလေးဖြစ်ပြီး ပေးတုန်းကအတိုင်း ခေါက်ရိုးကျိုးနေပြီသား ဖြစ်သည်။ လင်းရာက နေလရောင်လက်ထဲမှ ပိုက်ဆံကို အလစ်ယူလိုက်ပြီး ကြည်မင်းခန့်ကို ကြည့်ကာပြောသည်။

“ဘယ်သူပေးပေးပေါ့ကွာ … လောလောဆယ် ဒီခေါက်ဆွဲပြုတ်ဖိုး ရှင်းလိုက်မယ်နော် … ကြည်မင်းခန့်”

“ပိုက်ဆံမှာ အဆိပ်မပါပေမယ့် အတောင်ပံပါတယ် … ချ ပျံမပြေးခင် အပြတ်ရှင်းလိုက် လက်ထဲမှာထားရင် အဲဒါအဆိပ်ပဲ”

“ကြိုက်သွားပြီ … ကြည်မင်းခန့် ကြိုက်သွားပြီ … တစ်ထောင်ဖိုး ပြည့်အောင် ice coffee လေးမှာလိုက်ဦးမယ်နော်”

လင်းရာကတော့ ပိုက်ဆံတစ်ထောင်နှင့် မုန့်စားရသဖြင့် ကျေနပ်နေသည်။ နေလရောင်နှင့် လွန်းဆက်အိမ်တို့က သူတို့နှင့် မသက်ဆိုင်သည့် တစ်ထောင်တန်ကို ပဟေဠိထုတ်နေပြန်သည်။ ကြည်မင်းခန့်ကို လှမ်းကြည့်သဖြင့် လေချွန်နေလိုက်သည်။

တကယ်တော့ လူတချို့က ငါးစိမ်းမြင် ငါးကင်ပစ်တတ်ကြသည်။ ထိုလူများထဲတွင် ကြည်မင်းခန့် ပါသည်ဟု ဆိုလိုချင်သလား။ ကြည်မင်းခန့်ကတော့ ဖြေရှင်းချက်တစ်ခု ရှိနေသည်။ အဲ ကတော့ ငါးစိမ်းမြင်လို့ ငါးကင်ပစ်တာ မဟုတ်ပါ။ ငါးစိမ်းမှ ငါးကင်ပစ်လိုက်ခြင်းသာ ဖြစ်သည်။ ဥပမာတစ်ခု ပြောရရင်





Background တောင့်လို့ ဘဝမေ့သွားခြင်းမျိုး ဖြစ်သည်။ ကြည်မင်းခန့် ကိုယ်တိုင် အတိတ်ဘဝကို မေ့ထားကာ ဘဝသစ်ထဲ ခြေစုန်ကန်ဝင်လိုက်သည့်အခါ … ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၂ )

"မေမေ ... မေမေရေ ... ခဏလာပါဦး"

ကြည်မင်းခန့် အခန်းထဲမှ အာခေါင်ခြစ်အော်နေသဖြင့် ဒေါ်မြကြည် ဟင်းအိုးကြီးချကာ ပြေးလာသည်။

"ဘာဖြစ်တာလဲ ... မြွေလား ... နင့်အခန်းကတော့ ဘယ်လောက်ရှင်းရှင်း ပြန်ပြန်ပွတာပဲ ... ကြွက်ကတောင် တိုက်ဆောက်လို့ရတယ်"

"ဒီစားပွဲပေါ်က စာအုပ်အထူကြီးရော ... "

"စာအုပ်စင်မှာပေါ့ဟဲ့ ... ဘာများလဲလို့"

"ဟာ ... အဲ့ဒီ စာအုပ်အောက်က အကြွေစေ့ရော မေမေ"

"ဘောလ်ပင်ခွက်ထဲ ထည့်လိုက်တယ်"

"သွားပါပြီ ... ကြည့်တောင်မကြည့်ရသေးဘူး ... မေမေ ဘာမြင်လိုက်လဲ ဟင် ... "

"ဟဲ့ ... ငါက ဘာမြင်ရမှာလဲ"





ကြည်မင်းခန့် ခေါင်းကိုကုတ်လိုက်ပြီး ဘောပင်ခွက်ထဲမှ အကြွေစေ့ကို ပြန်ထုတ်လိုက်သည်။

"မေမေ ... စာအုပ်ကို ဖယ်လိုက်တော့ ဒီအကြွေစေ့က ခေါင်းလား ပန်းလား ... "

"မသိဘူး ... ငါလည်း ဝါးတားတားပဲ"

"စဉ်းစားပါဦး မေမေရာ ... သားအတွက်အရေးကြီးတယ်"

"ကြည်မင်းခန့် ... ငါ ဟင်းအိုးကြီး ဒီအတိုင်းထားခဲ့တယ်၊ နင် ကျောင်းသွားမှာ မဟုတ်လား ... သွားတော့ ... "

"ခဏနေပါဦး မေမေရာ ... စဉ်းစားပါဦး"

ကြည်မင်းခန့် အတင်းအဓမ္မ လက်ကိုဆွဲကာ မေးနေသဖြင့် ဒေါ်မြကြည် စိတ်ညစ်လာသည်။

"ကဲ ... ကြည်မင်းခန့် နင်ကျောင်းကပြန်လာရင် ထမင်းချည်းပဲစားချင်လား ... အဲဒါ ဟင်းအိုးကို ပစ်ထားပြီး စဉ်းစားပေးမယ်"

"တော်ပြီ ... မေမေရာ၊ တော်ပါပြီ ... သား ကျောင်းသွားတော့မယ်"

"အစောကြီးကတည်းကသွားရင်း အခုနေ ကားဂိတ်တောင်ရောက်နေလောက်ပြီ ... "

"ဟူး ... "

ကြည်မင်းခန့် ကားဂိတ်သို့ လေးပင်စွာ လျှောက်လာသည်။ ဆံကလည်း မကောင်းလိုက်တာ ...



www.burmeseclassic.com

www.burmeseclassic.com



လက်မှနာရီကိုကြည့်ရင်း ဖယ်ရီတောင် လွတ်သွားပြီလား မသိလိုက်။

မှတ်တိုင်တွင် အလုပ်သွားမည့် လူများနှင့်ပြည့်နေသဖြင့် ခပ်လှမ်းလှမ်းတွင် ရပ်နေလိုက်သည်။ ရုတ်တရက် ပခုံးကိုလှမ်းပုတ်သဖြင့် ကြည်မင်းခန့် လန့်သွားသည်။

"ဟဲ ဟဲ ... "

"ဆင်ပေါက် ... ဒီကို ဘာလာလုပ်တာလဲ"

မိုနီက မျက်နှာလေး ပြုံးဖြီးဖြီးနှင့်ရယ်နေသဖြင့် ကြည်မင်းခန့်ခေါင်းကို တဖျင်းဖျင်းသာ ကုတ်လိုက်တော့သည်။

"ဒီနေ့ ဆရာမက သူ့သင်တန်းရှိလို့ အိမ်ကိုမလာဘူး"

"အဲဒါနဲ့ မင်းအိမ်ကို ဘယ်လိုပြောလာလဲ ... "

"ကျူရှင်သွားမှာလိုက်ပို့ဆိုပြီး ထွက်လာတာ"

"ဘယ်အထိလိုက်ပို့လဲ ... "

"ဆရာမ အိမ်အထိပေါ့ ... ဟိုရောက်တော့ ခင်ဗျားသူငယ်ချင်းက ဖယ်ရီကားနဲ့ ဒီကိုခေါ်လာတာ"

"ဒါဖြင့် ဖယ်ရီက သွားပြီပေါ့"

"လွန်ခဲ့တဲ့ ဆယ့်ငါးမိနစ်လောက်က ဆိုပါတော့"

ကြည်မင်းခန့် မိုနီကိုကြည့်ကာ ဘာဆက်ပြောရမှန်းမသိ တော့ ... ဒီအတိုင်းပဲထားခဲ့ပြီး ကျောင်းသွားရမှာလား၊ သူနဲ့ပဲ တစ်နေ့လုံး အဖော်လုပ်ပေးရမှာလား ... မတွေးတတ်တော့ ... မိုနီက

"ကျောင်းကို လိုက်လို့ရလား ... "





"မင်းက ဘောင်းဘီအရှည်ကြီးနဲ့ ... "

မိုနီက ကြည်မင်းခန့်ကို ကြည့်နေလိုက်ပြီး ငြိမ်နေသဖြင့် ကြည်မင်းခန့် သက်ပြင်းချလိုက်သည်။

"မှတ်ပုံတင်ပါလား ... "

"အခုမှ ဆယ့်ခြောက်နှစ်ပဲရှိသေးတယ်"

"ဆယ့်နှစ်နှစ်မှတ်ပုံတင် မရှိဘူးလား ... "

"ဆယ်တန်းကျောင်းသားကဒ်တော့ပါတယ် ... "

"ပြဿနာပဲ မင်းအဖေကသာ အခုနေ သူ့သမီးပျောက်လို့ အမှုဖွင့်ရင် ငါတော့ကျွံပြီ ... ဆင်ပေါက်ရေ"

"စိတ်ချပါ ... ကျွန်တော့်လို လူမျိုးကို ဘယ်သူကမှ သွေးဆောင်ဖြားယောင်းမှာ မဟုတ်ဘူး ... "

ငါကတော့ ဖြစ်နိုင်ရင် ဖြားယောင်းချင်တယ် ... ငါ့ကိုချစ်အောင်လို့ပါ ... ကြည်မင်းခန့် စိတ်ထဲမှတွေးလိုက်ပြီး မိုနီနှင့်ကျောင်းသို့လာခဲ့သည်။ ကန်တင်းထဲ ဝင်လိုက်သည်နှင့် လွန်းဆက်မိမ်တို့ ကြည့်နေကြသည်။ လင်းရာက မိုနီကိုကြည့်ကာ ကြည်မင်းခန့်ကိုပြောသည်။

"မင်း ... မလာတော့ဘူးတောင် ထင်နေကြတာ ... ဘယ်လို ဝင်လာကြလဲ ... "

"ယာယီပေါ့ကွာ ... မမလေးကို ဒီတိုင်းထားခဲ့လို့မှ မဖြစ်ဘဲ"

"အဟီး ... နေနေကပြောတယ် တွစ်တီက ဒီနေ့ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



လာချင်မှလာတော့မှာတဲ့ ... ”

မိုနီစကားကို ကြည့်မင်းခန့် စဉ်းစားလိုက်ပြီးမှ အဖြေရ သဖြင့် မိုနီကိုကြည့်လိုက်သည်။ လွန်းဆက်အိမ်လည်း နားမရှင်း သဖြင့် ဝင်မေးသည်။

“နေနေဆိုတာ ဘယ်သူလဲ ... ”

ထိုတော့မှ နေလရောင်က ဆေးလိပ်မီးညှိရင်း ဝင်ဖြေ သည်။

“ငါ့ကိုခေါ်တာဟော့ ငါ့ကိုခေါ်တာ ... ”

“ဩော် ... မင်းကို အဖျားနှစ်လုံးပူးဆွတ်ခေါ်တာပဲ တော် တော်လှတယ် ... နေနေတဲ့ ... အဟက် ဟက် ... ”

လင်းရာက နေလရောင်ကို မျက်နှာပြောင်နေသဖြင့် မိုနီက ပြောပြန်သည်။

“နေနေဆိုတဲ့ နာမည်မကြိုက်လို့လား ... လင်းလင်းက အဲလို စနေတော့ ဟိုက ဘယ်နေတတ်တော့မလဲ ... ”

မိုနီက လင်းရာကို လင်းလင်းဟုခေါ်လိုက်သဖြင့် နေလ ရောင်တို့ ရယ်ကြသည်။ လွန်းဆက်အိမ်ကတော့ သူ့ကို လွန်းလွန်း ဟုခေါ်မှာစိုး၍ ဝင်မပြောပါ ... ကြည်မင်းခန့် သက်ပြင်းချလိုက် သည်။ တော်သေးတာပေါ့ ... ကြည်ကြည်လို့ မခေါ်တာပဲကျေးဇူး တင်တယ် ... မိုနီနှင့် နေလရောင်တို့ ရယ်စရာများ ပြောကာ ရယ် နေကြသဖြင့် ကြည်မင်းခန့် ပြုံးနေမိသည်။ တစ်ချက်တစ်ချက်မှာ မိုနီက ကြည်မင်းခန့်ကို ကြည့်သဖြင့် ကြည်မင်းခန့် မျက်လုံးလွှဲ



သေးသည်။ တကယ်တမ်း နိုးကြည့်တယ်ဆိုတာ အကြည့်ခံရတဲ့ လူ ကသာ မသိတာ ... နိုးကြည့်တဲ့လူက တဖက်လူမမြင်အောင် ပုန်း လျှိုး ကွယ်လျှိုးနဲ့ ကြည့်ရတာ ပိုပင်ပန်းတယ်။ မိများ မိသွားလို့ ကတော့ ရှက်တတ်တဲ့ လူဆို ခေါင်းတောင်ဖော်တော့မှာ မဟုတ် ဘူး။ ကြည်မင်းခန့်ကတော့ မရှက်တတ်ပါဘူး(အရှက်မရှိခြင်းမျိုးကို မဆိုလိုပါ။) ပေါ်တင်လည်း ကြည့်လိုက်တာပဲ နိုးပြီးလည်းကြည့် လိုက်တာပဲ ... မျက်လုံးချင်းဆုံမှသာ အရင်ဆုံးလွှဲလိုက်သည်။

“ဟော့ကောင် ... ကြည်မင်းခန့် စကားလေးဘာလေးလည်း ဝင်ပြောပါဦးလား ... မင်းပြောတာ နားကိုငြီးနေတာပဲ”

လွန်းဆက်အိမ် နောက်လိုက်သဖြင့် ကြည်မင်းခန့် မိုနီထံမှ အကြည့်များကို ခွာလိုက်သည်။

“ငါက ဘာဝင်ပြောရမှာလဲ”

“တစ်ခုခုပေါ့ကွာ ... မင်းက ခေါ်တော့ခေါ်လာပြီးတော့ ငါတို့ကချည်း ညှော်ခံနေရတယ်”

လင်းရာက လွန်းဆက်အိမ်ကိုကြည့်ကာ ပြောနေသဖြင့် မိုနီ ကပြုံးသည်။ နေလရောင်ကတော့ မိုနီ့ကို မမလေးဟုသာ နာမ်စား သုံး၍ ပြောနေသဖြင့် ကြည်မင်းခန့်လည်း မမလေးဟုသာခေါ်လိုက် သည်။

“ကဲ ... မမလေးက ဖျင်းနေပြီလား ... ငါတို့ဘာလုပ်ပေး ရမလဲ ... ကျောင်းထဲ လျှောက်ကြည့်မလား”

“အင်း ... ကြည့်မယ်”

www.burmeseclassic.com

www.burmeseclassic.com



"ကြည့်ထား ... ကြည့်ထား ဒီတစ်ခါပဲ ဒီကျောင်းကိုရောက်မှာ ... နောက်ဆို မိုနီ ဆေးကျောင်းတက်ရင် ငါတို့က လာပြန်လည်မှာနော် ... "

လွန်းဆက်အိမ်က မျက်နှာပြောင်လိုက်သဖြင့် မိုနီကခေါင်းညိတ်ပြသည်။ ကြည်မင်းခန့် နေလရောင်တို့ကို မျက်စပစ်ပြလိုက်ပြီး မိုနီနှင့်အတူ ကန်တင်းမှ ထွက်လာခဲ့သည်။

"ကိုကြီးလွန်းဆက်အိမ်က ခင်ဗျားတို့ မေဂျာက King ဆိုဟုတ်လား ... "

"အင်း ... ငါ့လောက်လည်း မချောဘဲနဲ့နော်"

"ဟုတ်တယ် ... ဒါပေမဲ့ သူက ခင်ဗျားထက်စကားပြောကောင်းတယ်"

ကြည်မင်းခန့် မိုနီ့ကို စောင့်ကြည့်လိုက်ပြီး ဘဝင်မကျသည့်လေသံနှင့်ပြောသည်။

"မင်းက သူ့ကိုကျတော့ ကိုကြီးတပ်ခေါ်ပြီး ငါ့ကိုကျတော့ခင်ဗျားတွေဘာတွေနဲ့ သူနဲ့ငါက ဘာများကွာခြားနေလို့လဲ ... "

"ခင်မင်မှုလေ ... ကျွန်တော်က ခင်ဗျားကို ပိုခင်လို့ တရင်းတနှီးနဲ့ပြောတာ ... ခင်ဗျား မသိလို့နော်၊ လူတစ်ယောက်က ခင်တဲ့အတိုင်းအတာမှာ အခေါ်အပြောက သိပ်အရေးကြီးတယ်"

"ဩော် ... တတ်နိုင်ရင် မင်းက နင်နဲ့ငါနဲ့တောင် ပြောချင်နေပုံပဲ ... "

"ဒီကမ္ဘာမှာ ခင်ဗျားနဲ့ ကျွန်တော်နှစ်ယောက်ထဲရှိရင်တော့ခေါ်ချင်တယ် ... "

"တခြားလူတွေ ရှိတော့ရော ... ဘာဖြစ်လဲ"

"ကျွန်တော့်ကို ရိုင်းတယ်လို့ ပြောမှာပေါ့"

"မဟုတ်လို့လား ... ကိုယ့်ထက် အကြီးကို"

"ဒါဖြင့် ကိုယ့်ထက်အငယ်ကိုရော ပြီးပြီးရော မင်းနဲ့ငါနဲ့ပြောလို့ရတယ်ပေါ့ ... ဟုတ်လား"

"ဒါကတော့ ... ငါက မင်းထက် အသက်ကြီးလို့ခေါ်တာပေါ့ကွာ ... "

"အဲဒီထဲက စမှားနေပြီ ... နေနေဆို မနက်က ကျွန်တော့်ကို ညီမလေးလို့ခေါ်တယ် ... တကယ်ဆို ခင်ဗျားလည်း ကျွန်တော့်ကို အဲလိုခေါ်သင့်တယ်"

"အေးလေ ... မင်းက ငါ့ကိုရိုသေရင်တော့ ငါကခေါ်မှာပေါ့"

"ခင်ဗျား ... ရည်းစားတော့ ထားဖူးမှာပေါ့ ... ခင်ဗျားရည်းစားကို ဘယ်လိုခေါ်ပြောလဲ"

"နင်နဲ့ ငါနဲ့ပဲပေါ့"

"ဟာ ... ကဗျာမဆန်လိုက်တာဗျာ ... "

"အချစ်ဆိုတာ အဝိုင်းကြီးလည်းမဟုတ်ဘူး၊ အပြားကြီးလည်း မဟုတ်ဘူး ... ဖွဲ့ဖွဲ့နွဲ့နွဲ့ ကိုရေ မောင်ရေခေါ်နေတဲ့ လူတွေဟာ အဝိုင်းကြီးမှာ ပန်းပျိုးနေသလိုပဲ ... ပန်းက တစ်သက်လုံးပေါက်မှာလည်း မဟုတ်ဘူး ... "







www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကလည်း ညဏ်မမီရတဲ့အထဲ ဘာတွေလာပြောနေ မှန်းမသိဘူး ... "

"မင်းနားလည်အောင် ပြောရရင်တော့ကွာ အဲလိုမျိုး ဖွဲ့နွဲ့ ပြီး ခေါ်နေကြလည်း ချစ်တဲ့လူတွေမှ ခေါ်လို့ရတာ ... မင်းကို ငါက အချစ်လေးရေလို့လည်း ခေါ်လို့မရသလို မင်းကလည်း ငါ့ကို ကိုကိုရေလို့ ခေါ်လို့မရဘူး ... ချွင်းချက်အနေနဲ့ မင်းခေါ်ချင်ရင် တော့ ငါခွင့်ပြုတယ် ... ဟဲ ဟဲ ... "

"ဩော် ... အရေးထဲ ကြော်ငြာကဝင်နေသေးတယ် ... ပြောစမ်းပါ"

"နောက်ဆုံးကွာ ... အချစ်ဆိုတာက အရင်စမှ အဲလိုမျိုးတွေ ကို အဆုံးသတ်ခေါ်ကြတာ ... အချစ်ဆိုတာကြီးလည်း မရှိကြည့်ပါ လား ... ခေါ်ချင်မှာတောင် မဟုတ်တော့ဘူး ... "

"ဒါဖြင့် ခင်ဗျားမှာ အချစ်မရှိဘူးပေါ့ ... "

မိုနီက မျက်မှန်လေးပင့်ကာ မျက်လုံးလေးပြူးပြီး မေး သဖြင့် ကြည်မင်းခန့် ပြုံးလိုက်သည်။

"အချစ်ကတော့ မရှိပဲနေမလားဟ ... ငါက ဖွက်ထားတာ"

"အဖွက်လွန်နေတာပါ ... အဲလို အတွေးမျိုးရှိကတည်းက ခင်ဗျားက လူ့ခွစာကြီးပဲနေမှာပဲ"

"ဟာ ... စွပ်စွဲလှချည်လား ... ခွစာလည်း ခွစာအလျောက် တော့ ... ခွစာပါပဲ ... "

"အာဗျာ ... ရှုပ်နေတာပဲ"





"ဟ ဟ ... စတာပါကွာ ... မင်း ကျောက်တုံးတွေလေ့လာ နေတာ ဝါသနာပါလား ... "

"ခင်ဗျားရော ... "

"ငါက တွေးနေရရင် ပြီးရော ... ဘာကြီးပဲကြည့်ရ ကြည့်ရ"

"ဒါဆို ကြည့်မယ် ... "

"မင်းကို ဘူမိအဆောင်ခေါ်သွားမယ် ... လာ ... "

ကြည်မင်းခန့်အနောက်မှ မိုနီလိုက်လာခဲ့သည်။ ကျောင်း သားတချို့က မိုနီကို ကြည့်ကြသဖြင့် ကြည်မင်းခန့် သဘောမကျ ပေ။

မိုနီကတော့ မသိချင်ယောင်ပဲ ဆောင်နေသလား ... လျစ် လျူရှုပဲ ရှုထားသလားတော့ မပြောတတ်။ အေးအေးလူလူပင် ကြည်မင်းခန့် စိတ်ထဲမှသာ ဝုန်းဒိုင်းကြဲနေခဲ့သည်။ ဒေါသဖြစ်နေရ သည့်အထဲ ဘူမိအဆောင်မှအသိဆရာ တစ်ယောက်နှင့်သွားတိုးပြန် သည်။

"ဟ ... မောင်ကြည် ... ဘယ်လာတာလဲ"

"ဆရာပါလား ... သူငယ်ချင်းကို လိုက်ပြမလို့ ... "

ဆရာက မိုနီကို သေသေချာချာကြည့်ပြီး ရယ်လိုက်သဖြင့် ကြည်မင်းခန့်မှာ အိုးမလုံ အုံပွင့်သွားသည်။

"ကျွန်တော့် သူငယ်ချင်းပါ ဆရာရဲ့ ... "

"အေးပါ ... ငါက ဘာပြောသေးလို့လဲ ... မင်းအဖော် ကောင်းလား ... "



www.burmeseclassic.com

www.burmeseclassic.com



"ဒေါင်ဒေါင်မြည်ပဲ ဆရာ ..."

"မင်းအဘိုးရော ..."

"ဒေါင်ဒေါင်မြည်ပဲလေ ... မေမေလည်း ဒေါင်ဒေါင်မြည်ပဲ"

ကြည်မင်းခန့်က လိုတိုရှင်း ဖြေနေသော်လည်း ဆရာ
သဘောကျနေသည်။

"မင်းလည်း ဒေါင်ဒေါင်မြည်ပဲလား ..."

"ဟုတ် ..."

"ဩော် ... ခေါင်းလောင်းမျိုးတွေပဲ ... ကောင်းတယ်
ဆရာလည်း ဒေါင်ဒေါင်မြည်လိုက်ဦးမယ်"

"ဟုတ်ကဲ့ ..."

ဆရာထွက်သွားမှ မိုနီက အားရပါးရ ရယ်သည်။

"ဘာရယ်တာလဲ ..."

"ခေါင်းလောင်းမျိုးတွေတဲ့ ... အဟဟ ..."

"အဲဒီ ဆရာက သိပ်လေကြောရှည်တာ ... ဖေဖေ အသ
လေ"

"ခင်ဗျား အဖေရဲ့အသိပေါ့ ... ဟုတ်လား ကိုခေါင်းလောင်း"

"အာ ... မင်းကလည်း တမျိုး ..."

ကြည်မင်းခန့် ရှက်ယမ်းယမ်းကာ အရှေ့မှ လျှောက်သွား
သဖြင့် မိုနီပြုံးလိုက်သည်။ ကြည်မင်းခန့်ကတော့ ပါးစပ်မှ ပွစိ ပွစိ
ရွတ်လာသည်။

"လူကိုများ ခေါင်းလောင်းလေး ဘာလေးနဲ့ ... ဝတ်ပုံ



လေး ... အစောကြီးကတည်းက သူ့ကိုဆင်ပေါက်လို့ မခေါ်ရဘူး
ပေါက်လို့ ခေါ်ရမှာ ..."

"ကြည် ... ဘယ်လဲ ..."

အရေးထဲ ဘူမိအဆောင်မှ ဘော်ဒါ သိန်းစိုးနှင့်တိုးနေပြန်
သည်။ အဲဒီ သိန်းစိုးက မျက်မှန်ထူထူ ကိုင်းအနက်ကြီးတပ်ထားလို့
ဆရောင်တို့က စိုင်းထီးဆိုင်ဟု နာမည်တပ်ထားကြသည်။

"အေး ... ဒီပဲလာတာ ..."

"ငါ့ဆီလာတာလား ..."

"မဟုတ်ပါဘူး ... သူငယ်ချင်းကို ပရယ်တီကာယ်အခန်းထဲ
ခေါ်သွားမလို့ ..."

"ဟ ... လက်တွေ့ခန်းကို ဘာတွေသွားလုပ်ကြမလို့လဲ"

"ဟာဗျာ ... ကန်တင်းမှာ ဟိုကောင်တွေရှိတယ် ... ခင်ဗျား
ဘလည်း ပျောက်ချက်သားကောင်းတယ်နော် ..."

"ဟဲ ဟဲ ... ငါ့အကြောင်းနဲ့လေကွာ ... ကန်တင်းသွား
လိုက်ဦးမယ် ကြည်ရေ ..."

သိန်းစိုး ထွက်သွားသည်နှင့် မိုနီက ကြည်မင်းခန့်အနားကို
ကပ်ကာပြောသည်။

"ခင်ဗျားကို ဟိုလူက ငါးကြည်းလို့ခေါ်တာလား ... လိုက်ပါ
တယ် ..."

"ဘာ ... ငါးကြည်းလဲ ... ကြည်လို့ခေါ်တာကွ ..."

"အဟိ ... မသိပါဘူး ... ခင်ဗျားက ပိန်ရှည်ရှည်မို့တော့

www.burmeseclassic.com

www.burmeseclassic.com



ငါးကြည်းခြောက်လို့များ ခေါ်ကြသလားလို့ ... "

"ငါ ... ငယ်ငယ်က ဒီလိုမဟုတ်ဘူး ဝတယ် ... "

"ဘာလဲ ... လှုပါးဝတာလား ... အဟိ"

မိုနိုမျက်နှာပြောင်နေသဖြင့် ကြည်မင်းခန့် မပြောတော့ ပရယ်တီကယ် အခန်းထဲတွင် ကျောက်တုံးများကို ပြပြီးနောက် ကဲနံတင်းသို့ ပြန်လာခဲ့ကြသည်။ ကြည်မင်းခန့်လည်း တစ်နေ့လုံး အတန်းမတက်ဖြစ်ဘဲ ကဲနံတင်းမှာသာ မိုနိုနှင့်သောင်တင်နေတော့ သည်။

"ခင်ဗျားတို့ကျောင်းကလည်း စာသင်နေတာကို မတွေ့ရ ဘူးနော် ... ရေလယ်မိုက်တယ် ... ပျော်စရာကြီးပဲ"

မိုနိုက သတင်းစာကို ဖတ်အပြီး ကြည်မင်းခန့်ကို ပြော သည်။ ကြည်မင်းခန့်က စားပွဲခုံအနောက်ဘက်မှ ခုံတန်းရှည်ပေ တွင် လှယ်အိတ်ခေါင်းခုကာ လဲနေသည်။ မျက်နှာပေါ်တင်ထား သော စာအုပ်ကို မိုနိုကဖယ်လိုက်ပြီး ပြောသည်။

"ခင်ဗျားက ဒါနဲ့များ ပျင်းနေရသေးတယ် ပျော်စရာကြီး ကို ... "

မိုနိုလက်ထဲမှ စာအုပ်ကို ပြန်လုလိုက်ပြီး မျက်နှာပေါ် လိုက်သည်။

"မင်းမသိသေးတဲ့ ... အကြောင်းတွေ အများကြီးပဲရှိတ ဆင်ပေါက်သိဖို့လည်း မကြိုးစားနဲ့ ... ကလေးလိုပဲနေ ... "

"ဘာ ... ခင်ဗျားက ကျွန်တော့်ကို ကလေးလို့ပြော





တာလား"

"ငါက ကလေးတွေဆို ပိုချစ်တယ် ... "

"ကျွန်တော်ကတော့ ကလေးတွေကို ကြည့်မရဘူး"

"ဘယ်ကြည့်လို့ရမလဲ ... မင်းလည်း ကလေးပဲဟာကို ကလေး ကလေးချင်းက တည့်တာရှားပါတယ်ကွာ ... "

"ခင်ဗျားက ကလေးတွေကို လူကြီးတွေထက် ဘာလို့ ပိုချစ် ရတာလဲ"

"မာယာမရှိလို့ ... "

"ကျွန်တော်ကရော မာယာရှိလား ... "

"မင်းကို အဲဒါကြောင့် ကလေးလိုနေလို့ ပြောတာပေါ့"

"ကျွန်တော်က လူကြီးပဲ လုပ်ချင်တာ ... ဒါပေမယ့် မာယာ လည်း မရှိချင်ဘူး ... "

"မင်းအရွယ်က မာယာတွေစုစည်းဖို့ အကောင်းဆုံးအချိန် ... ဒါပေမဲ့ ငါက မာယာရှိတဲ့ လူတွေကို မုန်းတယ်"

"ကျွန်တော် မပါဘူးနော်"

ကြည်မင်းခန့် မိုနိုကို မကြည့်သေးဘဲ စာအုပ်နှင့်ကွယ်ကာ လိုက်သည်။

"ငါ့အတွက်တော့ မင်းက အဆိပ်မရှိတဲ့ ရေမြွေပါ"

"ကျွန်တော့်အတွက်တော့ ခင်ဗျားက စပါးကြီးမြွေပဲ ... "

"ဘာလို့လဲ ... "

"လာညှိုနေတာလေ ... "

www.burmeseclassic.com

www.burmeseclassic.com



"မင်းက စိတ်ပါနေလို့လား"

"ဘာလဲဗျ ... "

"မဟုတ်ဘူးလေ ... ငါက ညို့တယ်ပြောလို့ မင်းရော အညို့ခံနေရလားလို့ မေးတာ ... "

မိုနိုက ပွင့်လင်းစွာပြောသည်။ ကြည်မင်းခန့် စာအုပ်ကို ဖယ်လိုက်ပြီး ထိုင်လိုက်သည်။

"ကျွန်တော် ပါ့မပါတော့ မသိဘူး ... ဒါပေမဲ့ ခင်ဗျားနဲ့ စကားပြောရတာ မပျင်းဘူးသိလား"

ကြည်မင်းခန့်က မိုနို့နှာခေါင်းလေးကို ညစ်ဆွဲလိုက်ပြီးပြောသည်။

"ငါကတော့ မင်းနဲ့စကားတွပြောနေရတာ ပျင်းတယ်"

ကြည်မင်းခန့် ထသွားသဖြင့် မိုနိုက သူ့နှာခေါင်း သူပြန်ကိုင်လိုက်ပြီး ပြောသည်။

"ခင်ဗျားက တစ်ဦးတည်းသော သားလား ... ဆော့ရမယ့် ညီလေးတွေ ညီမလေးတွေရော မရှိဘူးလား ... "

"ငါ အဖေနဲ့အမေက ငါ့တစ်ယောက်တည်းကိုပဲ ပုံပြီးချစ်ချင်လို့ တစ်ယောက်ထဲမွေးထားတာ ... "

ကြည်မင်းခန့် ပြောလိုက်ပြီး အတွေးထဲ ဦးလှမင်းနှင့်ဒေါ်မြကြည်မျက်နှာကို ပြေးမြင်မိသည်။ "အလကား ဆန်ကုန်မြေလေးကောင်" ဟု ဦးလှမင်း ခဏခဏ ပြောသည်။

"ငါ့အဖေက ငါ့ကိုဖြစ်နိုင်ရင် သူ့ရဲ့ လက်ဆွဲအိတ်လေးထဲ





ဘယ်နေရာသွားသွား ခေါ်ထားချင်တာ ... "

ဒေါ်မြကြည်ကလည်း "ဘုရားမရှိ တရားမရှိ ဒို့ကောင်" ဟု ညင်ညင်သာသာ အမြဲပြောသည်။

"ငါ့အမေကတော့ သူ့ရဲ့ အသည်းကျော်လေးလိုပဲ ငါ့ကိုချစ်တာ ... "

"ဪ ... ခင်ဗျားက ကံကောင်းတာပေါ့ ... "

"ဒါပေါ့ ... "

"ကျွန်တော်လည်း ခင်ဗျားလို ကံကောင်းချင်လိုက်တာ"

မိုနိုက မျက်နှာငယ်လေးနှင့် ပြောနေသဖြင့် ကြည်မင်းခန့် မိုနို့ဘေးတွင် ထိုင်လိုက်သည်။ ပြီးမှ လေသံတိုးတိုးနှင့်ပြောလိုက်သည်။

"ဒါများ လွယ်လွယ်လေး ငါ့လို ကံကောင်းချင်ရင် ငါနဲ့ယူလိုက်ပေါ့ ... "

"ဒါဆို ခင်ဗျားက ကျွန်တော့်ကို ကံဆိုးသွားမှာပေါ့ ... "

"ကံဆိုးတယ်ဆိုတာ ဘယ်လိုမျိုးလဲ ... သိချင်နေတာ"

"အခုချက်ချင်းတော့ ကံကောင်းချင်တယ် ... ဒါပေမဲ့ ခင်ဗျားကိုတော့ အခုချက်ချင်းကြီး မယူနိုင်ဘူး ... "

"ငါကရော အခုချက်ချင်းယူလို့ ပြောနေလို့လား ... ဖြည်းဖြည်းပေါ့ ... "

"ကျွန်တော် ဆယ်တန်းအောင်,အောင် လုပ်ရဦးမှာနော်"

"ဒါပေါ့ ... မင်းဆယ်တန်းအောင်တဲ့နေ့ကျရင် ကံကောင်း



www.burmeseclassic.com

www.burmeseclassic.com



ခြင်းတွေကို သယ်လာမယ့်လူက ငါပဲ ... ”

“ခင်ဗျားက စန်တာကလော့လား ... ”

“မင်းကလည်းကွာ ကလေးလို့မပြောရဘူး ... ဘုစုခရု အတွေးကလည်း ခုထိ မပျောက်သေးဘူး ... စန်တာကလော့ရှိတယ်လို့ မင်းကထင်နေတာလား”

“ဟုတ်တယ်လေ ... စန်တာကလော့က ကျွန်တော့်ကိုပေးတဲ့ လက်ဆောင်တွေ ခုထိရှိတယ် ... ”

“နေပါဦး စန်တာကလော့ရှိတယ်လို့ မင်းကိုဘယ်သူပြောတာလဲ ... ”

“မေမေလည်းပြောတယ် ... နောက်ပြီး စန်တာကလော့ပေးတဲ့ လက်ဆောင်တွေရှိပါတယ်ဆိုမှ ... ”

ကြည်မင်းခန့် ခေါင်းသာညိတ်ပြလိုက်သည်။ သူ့စိတ်ကူးကို ဖျက်ပစ်ဖို့ အင်အားမရှိပါ။ တစ်နေ့နေ့တော့ သူနားလည်လာပါလိမ့်မည်ဟု တွေးလိုက်သည်။

“မင်းအမေက ဟိုတစ်ခါ မင်းပြောပုံဆိုရင် မင်းအဖေနဲ့အတူ မနေဘူးလား”

“ကြာပြီ ... ”

“ဟုတ်လား ... မင်းရော သူနဲ့မနေဘူးလား ... သူနဲ့နေရင် ဘာပဲပြောပြော ... အခုထက်စာရင် အနေချောင်မယ်လို့ထင်တယ်၊ အမေတွေနဲ့ သမီးတွေဆိုတာ တီးတိုးတိုင်ပင်ဖက်ပဲလေ ... ”

“ကျွန်တော်က နေချင်တယ် ... မေမေက မခေါ်ဘူး။





နောက်ပြီး ဖေဖေကလည်း လွှတ်မှာမဟုတ်ဘူး ... ”

“မင်းအဖေက ... ခွစာကြီးနော် ... အဲဒါကြောင့်မို့ မင်းအမေက ထွက်သွားတာနေမှာ ... ”

“ဖေဖေပြောတော့ မေမေ့ကို စန်တာကလော့က ခေါ်သွားတာတဲ့ ... ”

“ခဏနေပါဦး ... ငါမသိလို့ မေးပါဦးမယ် ... မင်းက ဗုဒ္ဓဘာသာလား ... ”

“ဘာလို့ မေးတာလဲ”

“ဒီလို သိချင်လို့ ... ”

“ကျွန်တော်နဲ့ တနင်္ဂနွေနေ့တိုင်း Chapel ကိုလိုက်မလား”

ကြည်မင်းခန့် ကိုယ့်နဖူးကိုယ်သာ ခပ်ပြင်းပြင်း ရိုက်လိုက်ချင်ရဲ့။ မိုနီကတော့ ကြည်မင်းခန့်ကို မကြည့်ဘဲ ဆက်ပြောသည်။

“ဒီတစ်ပတ်ထဲသွားရင် ခေါ်မယ်လေ ... နော်”

ကြည်မင်းခန့် ခေါင်းကို မသိမသာ ညိတ်ပြလိုက်ပြီး ... ပြုံးပြလိုက်သည်။ နေလရောင်တို့ ရောက်လာကြသဖြင့် မိုနီကို ဘတ်စ်ကားပေါ်တင်ကာ ဖယ်ရီကားပေါ်တွင် ထိုင်နေကြသည်။

“ကြည်မင်းခန့် ... ဖရိုက်ဦးမလား”

နေလရောင် လှမ်းခေါ်သဖြင့် ခေါင်းခါပြလိုက်သည်။ ဖယ်ရီကား နောက်ဆုံးခုံတွင် နေလရောင်တို့ ဆော့နေကြသဖြင့် ကြည်မင်းခန့်တစ်ယောက်ထဲ ထိုင်နေသည်။ ဖြန်းဆို ပခုံးကို ပုတ်လိုက်သဖြင့် ကြည့်လိုက်မိသည်။ မမြင်ချင်တဲ့ မျက်နှာကို မြင်သွားရသလို



www.burmeseclassic.com

www.burmeseclassic.com



ပုံစံနှင့် မျက်စောင်းထိုးလိုက်သဖြင့် Cupid ကလေးက ပြာပြာသလဲ ကြည်မင်းခန့် ရှေ့သို့ ရောက်လာသည်။

"မင်းကလည်းကွာ ... စိတ်ဆိုးစရာမရှိ ကြံဖန်ပြီးစိတ်ဆိုး နေပြန်ပြီ ... "

ကြည်မင်းခန့် ဖယ်ရီကားထဲ ဝေ့ကြည့်လိုက်သည်။ နေလ ရောင်တို့ သုံးယောက်မှလွဲ၍ ကားထဲတွင် မည်သူမှ ရှိမနေကြ။

"မင်းရှာပေးတဲ့ ဖူးစာရှင်ဆိုတာ သူလား ... "

Cupid က မျက်နှာငယ်လေးနှင့် ပြောပြန်သည်။

"အဲဒါတော့ ငါမှာ ပြောပိုင်ခွင့်မရှိဘူးကွ ... သူဖြစ်ချင်လည်း ဖြစ်မယ် ... တခြားလူ ဖြစ်ချင်လည်းဖြစ်မယ်"

"မင်း ... နည်းနည်းလေးမှ အထာမကျဘူး ... သူက ငါနဲ့ ကိုးကွယ်တာခြင်း မတူဘူးကွ ... သူဖြစ်နိုင်မယ် မထင်ဘူး"

"ဒါကတော့ကွာ ... ညှိယူရင် ပြဿနာမရှိတဲ့ ကိစ္စလေးကို များ ... မင်းကလည်း ဒီမှာဟော့ကောင် ငါဆိုတဲ့ မြားနတ်မောင်နဲ့ သေမင်းဆိုတဲ့လူက လုပ်ပြီးကိစ္စတွေကို ပြန်ပြင်လို့မရဘူး ... သေမင်းကမှ လူမှားပြီး ခေါ်ချင်ခေါ်ဦးမယ် ... ငါကတော့ လူမှား ပြီး ခေါ်စရာမလိုဘူး ... ဒီမှာတွေ့လား ရက်ချိန်းစတာနဲ့ မင်းပြောပြီး ကတည်းက အသေအချာကို လုပ်ထားတာ ... "

မြားနတ်မောင်က စာအုပ်လေးတစ်အုပ်ကို အဝေးမှထောင် ပြလိုက်သဖြင့် ကြည်မင်းခန့် သက်ပြင်းချလိုက်သည်။

"ဒါဖြင့် ဖူးစာရှင် ရွေးတာ မင်းကိစ္စပေါ့ ... ကျန်တဲ့အပိုင်းက





ဒုက္ခတွေတော့ ငါ့ဟာငါ ကြည့်ရှောင်ရမယ်ပေါ့ ... "

"အဲဒါက ကံကြမ္မာစောင့်နတ်ကြီးက ကျိစားတာပါကွာ"

"မင်းတို့ ကျိစားတာ ပြဿနာမရှိဘူး ... လူတွေကိုများ ရှုပ် သေးရှုပ်မှတ်နေလား ... သူပျော်တော်ဆက် ကျနေတာပဲ"

"ရှူး ... တိုးတိုး ... ကြားသွားလို့ စိတ်ဆိုးသွားဦးမယ်၊ လူဆိုတာ သူဖန်ဆင်းပေးလို့ဖြစ်တာလာ ... အားလုံးရဲ့ အသက်က သူ့လက်ထဲမှာရှိတယ် ... သူ့ကို ဘယ်သူမှ လွန်ဆန်လို့ မရဘူး"

"ထားပါတော့လေ ... မင်းတို့ မိသားစုအကြောင်းကို ငါ ဘော်ဒါပြောပြလို့ သိထားပြီးပြီ ... စိတ်တော့ မကောင်းဘူး၊ ဒါနဲ့ မင်းမှာ အမှန်းပွားစေတဲ့ မြားရှိတယ်ဆို ... "

"အေး ... ရှိတယ်"

"ငါ့ကို ပစ်လိုက်စမ်းပါ ... "

"ဟ ... အဲလိုပစ်လိုက်ရင် မင်းဖူးစာရှင်ကို မင်းမုန်းသွားမှာ ပေါ့ ... "

"ဟုတ်တယ် ... မင်း အကူအညီမပါပဲ ငါမုန်းလို့မရဘူးဖြစ် နေတယ် ... "

"ငါက ခွင့်ပြုချက်ရမှ ပစ်လို့ရတာကွ ... ငါ့ကို ဒီရာထူးက ပြုတ်အောင် မလုပ်စမ်းပါနဲ့ ... "

"ပြောလို့မရလည်း နေတော့ကွာ ... ကံကြမ္မာပဲပေါ့"

"အေးပေါ့ ... မင်းကို ငါတို့စောင့်ကြည့်နေမှာ ... "

"ဟ ... လူတွေ အများကြီးထဲကမှ ငါ့ကိုပဲကြည့်နေမှာလား၊



www.burmeseclassic.com

www.burmeseclassic.com



အဲလိုတော့ မလုပ်နဲ့လေ ... ငါက ရှက်တတ်တယ် ... "

"သြော် ... အရေးထဲ အရှက်တရားကလည်း ကြီးနေပြန်ပြီ ... မင်းတစ်ယောက်ထဲကိုတော့ မဟုတ်ဘူးပေါ့ ... လူသားအားလုံးကို စောင့်ကြည့်နေမှာ ... သွားပြီဟေ့ ... နောက်မှတွေ့မယ်"

မြားနတ်မောင် ဖျတ်ခနဲပျောက်သွားသဖြင့် ကြည်မင်းခန့် ကိုယ်နားရွက်ကိုယ် လိမ်ဆွဲလိုက်သည်။

"အား လာ လာ ... နာလိုက်တာ တကယ်ကြီးပဲဟ"

"ဟေ့ကောင် ... ကြည်မင်းခန့် ဆင်းတော့လေ ... မင်းတို့ လိမ်းထိပ်ရောက်နေပြီ ... သြော် ... အရေးထဲ ဒီလောက်ခုံပေါက်နေတဲ့ ဖယ်ရီပေါ်မှာရအောင် အိပ်နေသေးတယ်"

ကြည်မင်းခန့်ပြုံးလိုက်ပြီး ကားတံခါးပေါက်ရှိရာသို့ အမြန်ပြေးရသည်။

"ကျေးဇူးတင်ပါတယ် ကံကြမ္မာရယ် ... "

အခန်း ( ၁၃ )

ကြည်မင်းခန့် လွယ်အိတ်ကို ခုတင်ပေါ်သို့ ပစ်တင်လိုက်သည်။ အခန်းတံခါးဖွင့်လာသူက ဒေါ်မြကြည်ဖြစ်သည်။

"ခုနလေးတင် ဆရာသန်းဇော် ဖုန်းလှမ်းဆက်တယ်၊ နင် ကျောင်းထဲကို နင့်ရည်းစားခေါ်လာပြီး လျှောက်သွားနေတယ်ဆို"

"ဗျာ ... "

မျက်လုံးထဲ ဘူမိအဆောင်မှ ဆရာဦးသန်းဇော်ရဲ့စပ်ဖြီးဖြီး မျက်နှာကြီးကို ပြေးမြင်မိသည်။

"အာ ... သားချစ်သူ မဟုတ်ပါဘူး ... မေမေကလည်း"

"ဘာ မဟုတ်တာလဲ ... ငါမနက်က မဆလာထွက်ဝယ်ရင်း တားဂိတ်မှာ နင်နဲ့ကောင်မလေးတစ်ယောက်ကိုတွေ့တယ် ... အဲဒီကောင်မလေးက ဟိုတစ်ခါဖုန်းဆက်တဲ့ ကောင်မလေး မဟုတ်လား ... "

"ဟုတ်တယ် ... ဟုတ်တယ် ... ဒါပေမဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ … ဒါပေမဲ့လည်း နင့်အဖေသိရင် နင့်ကိုထုသတ်လိမ့်မယ် … လူကြည့်တော့ နို့နံ့မစင်သေးဘူး … ရည်းစားကတော့ ထားချင်တယ် … "

"သားသာ သူ့အကြောင်းပြောလိုက်ရင် မေမေလေ … နို့နံ့မစင်သေးရုံတင် မဟုတ်ဘူး … သားရေပေါ်စင်ရဲ့လားလို့ မေးလိမ့်မယ် … "

"နင့်ထက် ငယ်တယ်မဟုတ်လား"

" လေးနှစ်လောက်တောင် ငယ်တယ်"

"ဆယ်တန်းလောက်ရှိပြီပေါ့ … ကြိုက်စရာရှားလို့"

"မေမေ … သားကြိုက်နေပါတယ်လို့ တစ်ခွန်းမှမပြောရသေးဘူးနော် … "

"နင်က မကြိုက်လို့ သူကကြိုက်ရမှာလား … အပိုတွေပြောမနေနဲ့ … ကိုယ့်စာပဲ ကိုယ်ကြိုးစား … အရည်မရ အဖတ်မရတွေ"

"အချစ်ဆိုတာ အရည်မရအဖတ်မရကပဲ စတာလေ … မေမေကလဲ နောက်ကြာတော့မှ အရည်ရော အဖတ်ပါ ရလာမှာပေါ့ … "

" တော် … မိကျောင်းမင်း ရေခင်းပြမနေနဲ့ … နောက်တခါ ငါတွေ့လို့ကတော့ နင်ရောသူပါ မလွယ်ဘူးမှတ် … "

" သဘောမတူမဲ့ အတူတူတော့ မထူးတော့ပါဘူး ရည်းစားစကားလေးတော့ ပြောလိုက်ပါရစေလား … "

"ကြည်မင်းခန့် … "





"ဗျာ … မေမေ"

"လာစမ်း … လာစမ်း … နင်နဲ့ ဒီကိစ္စကို သေသေချာချာ ညှိမှရမယ် လာခဲ့ အိမ်ရှေ့ကို … "

"အင်္ကျီလဲပြီးရင် လာခဲ့မယ် … "

ဒေါ်မြကြည် အခန်းထဲမှ ထွက်သွားသဖြင့် ကြည်မင်းခန့် သက်ပြင်းချလိုက်ကာ အင်္ကျီလဲလိုက်သည်။ အိမ်ရှေ့မှ တိုင်ကပ်နာရီကို ကြည့်ကာ …

" ဖေဖေ လာတော့မယ်နော် မေမေ … "

" လာပစေ … "

" အဘိုးရော … "

"မရှိဘူး … ကဲ … လာစမ်းပါ … ငါ့ကို ဟိုဝေ့ ဒီဝေ့နဲ့လာ ဒီမှာထိုင် … "

ကြည်မင်းခန့် ဒေါ်မြကြည်ရှေ့တွင် ထိုင်လိုက်သည်။ ဒေါ်မြကြည်က မျက်မှောင်ကြုတ် ကြည့်နေရင်းက ပြောသည်။

"နင်နဲ့ သူနဲ့က ရည်းစားမဟုတ်သေးဘူးပေါ့ … "

" မဟုတ်သေးဘူး … "

" မိသားစု ဘယ်နှစ်ယောက်ရှိလဲ … "

" ၃ ယောက် … သူ့အဖေရယ် သူ့အကိုရယ် သူရယ် … "

"အမေကရော … "

"စန်တာကလော့ ခေါ်သွားပြီလို့ ပြောတယ် … "

"နောက်ယောက်ျားနောက် လိုက်သွားတာပေါ့ … "



www.burmeseclassic.com

www.burmeseclassic.com



" အာ ... အမေကလဲ စန်တာကလော့ကိုတောင် မသိဘူးလား ... "

" ဟဲ့ ဘယ်သိမလဲ ... "

" သူ့အမေက သေသွားပြီ ... အဲဒါ သူ့အဖေက အဲလိုပဲ ပြောထားတယ် ထင်တာပဲ ... "

"မအေကလဲ သေသွားပြီဆိုတော့ ဒီကလေးမလေးက အုပ်ထိန်းမှု လွတ်နေမှာပဲ ... "

"အဲဒါတော့ စိတ်ချ ... သူ့အဖေက မေမေတို့ သားကို ထိန်းကာထက် ပိုဆိုးတယ် ... ကျောင်းပြေးရင် အခန်းတံခါး သော့ခတ်ထားတာ ... "

"နင်နဲ့ ဘယ်မှာတွေ့တာလဲ ... "

"အင်းလျားမှာ ... "

"အင်းလျားကို နင်က ဘာသွားလုပ်တာလဲ ... "

"မေမေကလဲ သူ့အကြောင်းကနေ သားအကြောင်းကို ရောက်သွားပြန်ပြီ ... "

ကြည်မင်းခန့် ချက်နှာရှုပုပ်ကြီးဖြင့် ပြောနေသဖြင့် ဒေါ်မြကြည် တခြားမေးခွန်းစသည်။

" နာမည် ဘယ်လိုခေါ်လဲ ... "

" မိုနီ ... "

" ဗမာ မဟုတ်ဘူး ထင်တယ် ... "

" ခရစ်ယာန် ... "





" ဗုဒ္ဓေါ ... ဟဲ့ ကြည်မင်းခန့် နင်ဦးနှောက်ရောကောင်းသေးရဲ့လား ... ကိုယ်နဲ့ဘာသာချင်းလည်း တူတာမဟုတ်ဘဲနဲ့ ... သူ့အဖေကရော နင်နဲ့ပေးစားမလား ... သူတို့ဘာသာချင်းပဲ ပေးစားမှာပေါ့ ... မကြိုက်ရဘူး"

"မေမေ မဆိုင်တာတွေ မတွေးမနေနဲ့ ... သားက သူ့ကို တကယ်ချစ်တာ ... မေမေတို့ သဘောမကျဘူးဆိုတာလည်း သားသိတယ်"

"သိရင် မကြိုက်ပါနဲ့တော့လား ... ကြည်မင်းခန့်ရယ်"

"မရတော့ဘူး ... မရတော့ဘူး ... သားကတော့ သူ့ကိုပဲချစ်တယ်"

ကြည်မင်းခန့် အခန်းထဲဝင်ကာ တံခါးပိတ်ထားလိုက်သည်။ ဦးလှမင်းအသံကြားသဖြင့် တံခါးနားကပ်ကာ နားထောင်နေလိုက်သည်။ ဒေါ်မြကြည်တစ်ယောက် ဦးလှမင်းကို အစအဆုံးပြောပြနေပုံရသည်။

"ကြိုက်ပစေပေါ့ကွာ ... ခရစ်ယာန်ဘာသာထဲဝင်လိုက်တော့လည်း ပြီးသွားတာပဲပေါ့ ... မင်းသားကလည်း ဘုရားမရှိတရားမရှိနဲ့ အံကိုက်ပဲ ... "

ဦးလှမင်းစကားကို ကြည်မင်းခန့် အခန်းထဲမှ ကြိတ်ပြုံးကာ ထောက်ခံလိုက်သည်။

"ဒါမှ ဖေဖေကွ ... "

ရည်းစားထားဖို့ ဦးလှမင်း၏ ထောက်ခံချက်ဖြင့် ကြည်မင်း



www.burmeseclassic.com

www.burmeseclassic.com



ခန့် တက်ကြွနေသည်။ ဒေါ်မြကြည်ကတော့ မျက်စောင်းခဲကောင်းတုန်းအချိန် ... ။

မသွားစဖူး နေလရောင်အိမ်ကို ရောက်လာသဖြင့် နေလရောင် အံ့ဩနေသည်။

"ဟော့ကောင် လာထိုင်လေ ... မင်းက မလာစဖူးပါလား"

"အိမ်မှာနေရတာ ပျင်းလို့ကွာ ... ကျောင်းပိတ်ရက်ကလည်း ဖြစ်နေပြန်တော့ ... ဘယ်မှ သွားစရာမရှိဘူး ... "

ကြည်မင်းခန့်တစ်ယောက် အိမ်ထဲကြည့်နေသဖြင့် နေလရောင် ပြုံးလိုက်သည်။

"ဆင်ပေါက်ကို အစ်မက အိမ်မှာပဲခေါ်သင်နေပြီကွ"

"ငါ မင်းဆီလာတာ သူနဲ့တွေ့ဖို့ မဟုတ်ပါဘူးကွာ ... မင်းကိုပြောစရာရှိလို့ ... "

"သစ္စာတော့ မဖောက်နဲ့ ကြည်မင်းခန့် ... "

"ဒါဆို ဟိုနှစ်ကောင်ကို ဖုန်းဆက်ပြီးခေါ်လိုက်ကွာ"

"အေး ... "

နေလရောင်က လွှန်းဆက်အိမ်နှင့်လင်းရာ မပါဘဲ ကြည်မင်းခန့် စကားကို ဦးစွာနားမထောင်လိုသဖြင့် ဖုန်းဆက်ကာ ခေါ်လိုက်သည်။ ပြီးမှ ကြည်မင်းခန့်ဘေးတွင်ထိုင်ကာ ...

"ဒီကောင်တွေလည်း ငါ့ဆီလာနေပြီတဲ့ ... "

"ဒါဖြင့် ငါသာမလာမိရင် ဒီကောင်တွေ သစ္စာဖောက်တော့မယ်ပေါ့"



"မင်းကိုလည်း အခုပဲ ဖုန်းဆက်ခေါ်မလို့လုပ်နေတာတဲ့ ခဏစောင့်ကွာ ... အအေးသွားဖျော်လိုက်ဦးမယ် ... ဆင်ပေါက်ကို တွေ့ချင်ရင် အပေါ်ထပ်ကို တက်သွားလေ ... "

"သူ့ကို တွေ့ဖို့လာတာမဟုတ်ပါဆိုးဆို"

"အေးပါ ... ဟ ဟား"

နေလရောင် နောက်ဖေးသို့ဝင်သွားပြီး ခဏအကြာတွင် လွှန်းဆက်အိမ်နှင့် လင်းရာတို့ ရောက်လာကြသည်။

"မင်းတို့နှစ်ယောက်က ဘယ်သွားကြမလို့လဲ ... "

"ဘယ်မှမသွားပါဘူးကွာ ... ငါတို့လည်း အိမ်မှာနေရတာ ပျင်းလို့ ထွက်လာတာ နေလရောင်ရော ... "

လွှန်းဆက်အိမ်က နေလရောင်ကိုမေးလိုက်သဖြင့် ကြည်မင်းခန့် အနောက်ထဲသို့ မေးငေါ့ပြသည်။ လင်းရာက ...

"နေစမ်းပါဦး ... မင်းက ကြိုရောက်နေပါလားကွ"

"ဆင်ပေါက်ကို အစ်မက အိမ်ခေါ်သင်နေပြီလေကွာ"

နေလရောင်က အအေးဗန်းကိုကိုင်လာရင်း ပြောလိုက်သဖြင့် လွှန်းဆက်အိမ်နှင့်လင်းရာတို့ ပြုံးကြသည်။ ကြည်မင်းခန့် ခေါင်းရှုံ့လိုက်ပြီး ...

"သူ့ကိုတွေ့ချင်လို့ လာတာမဟုတ်ပါဘူးဆိုမှ ... မင်းတို့ကို ပြောစရာရှိလို့ ... "

ကြည်မင်းခန့်စကားကို သုံးယောက်သား စောင့်မျှော်နေကြသည်။

www.burmeseclassic.com



"ဆင်ပေါက်က ခရစ်ယာန်ကွ"

လွန်းဆက်အိမ်နှင့်လင်းရာက ကြည်မင်းခန့်ကို မျက်မှောင်ကြုတ်ကာ ကြည့်ပြန်သည်။ နေလရောင်က ...

"ငါထင်တဲ့အတိုင်းပဲ ဟိုတလောက အစ်မကလည်းပြောတယ် ... သူတို့အိမ်မှာ ဘုရားစင်မတွေ့မိဘူးဆိုလို့ ငါနဲ့တောင်ငြင်းနေလိုက်သေးတယ်"

"သေချာလို့လား ကြည်မင်းခန့်ရာ"

လင်းရာ၏အမေးဖြစ်သည်။ ကြည်မင်းခန့် ခေါင်းညိတ်ပြလိုက်ပြီး ဆက်ပြောသည်။

"မေမေက ခရစ်ယာန်မှန်း မသိခင်ကတောင် အသက်ငယ်လို့ ငါ့ကိုလိမ့်ကောနေတာ ... ခရစ်ယာန်မှန်းလည်းသိရော ပိုဆိုးရောကွာ ..."

"မင်းက ပြောလိုက်တာလား"

"အေးကွာ ... နေလရောင်ရာ ... ငါကလည်း ရှည်တာ"

"ဒါဖြင့် သဘောမတူတော့ မကြိုက်ရဘူးဆိုပါတော့"

လွန်းဆက်အိမ်က အအေးခွက်ကိုင်ကာ ပြောလိုက်သဖြင့် ကြည်မင်းခန့် ခေါင်းခါပြန်သည်။

"အဲလိုလည်း မဟုတ်သေးပါဘူး ... ဖေဖေကတော့ ကြိုက်လို့ပြောတယ် ... ဘာသာချင်းမတူတာက ညှိလို့ရတယ်တဲ့ မေမေကတော့ ငါ့ကို မျက်စောင်းကြီးထိုးနေတုန်းပဲ"

"အေးပေါ့ ... ဘာသာချင်းမတူတော့လည်း နေစမ်းပါဦး





မင်းကသာ သူနဲ့ညှိမယ်တွေ ဘာတွေပြောနေတာ ဆင်ပေါက်အမေကြီးက ခွစာကြီးနော် ... တို့တွေ သွားတုန်းကတောင် သိတယ်မဟုတ်လား ..."

လင်းရာက အသံကျယ်ကျယ်နှင့်ပြောနေပြန်သည်။

"ဒါကတော့ကွာ ဆင်ပေါက်က စာမှမလုပ်ဘဲ ဒါကြောင့်မို့ ကြပ်မတ်တာနေမှာပါ ..."

"မင်းဇာတ် မင်းနိုင်ရင်တော့ မတားဘူး ... ကြည်မင်းခန့်ရေ ကံ့သာက ..."

လွန်းဆက်အိမ်က အသံကုန်ဟစ်လိုက်သဖြင့် ကြည်မင်းခန့် ပြုံးလိုက်သည်။ နေလရောင်အစ်မ ဆင်းလာသည်နှင့်လင်းရာက စကားစပြန်သည်။

"မကြီးလမင်း ... စာသင်ပြီးပြီလား"

"လင်းရာတို့ရောက်နေတာလား ... အေး ... စာသင်တာတော့ မပြီးသေးဘူး ... နောက်ဖေးဝင်မလို့ ..."

"သြော် ... ဟုတ်"

နေလရောင်က သူ့အစ်မနောက်ဖေးဝင်သွားသည်နှင့် ကြည်မင်းခန့်လက်ကိုဆွဲကာ အိမ်ပေါ်ထပ်သို့ ခေါ်လာသည်။

"ဟော့ကောင် ငါမသွားချင်ပါဘူးဆိုမှ ..."

လင်းရာက အိမ်သာတံခါးကို အပြင်မှ မသိမသာ ဂျက်ချထားလိုက်ပြီး လွန်းဆက်အိမ်နှင့်အပေါ်ထပ်သို့ တက်လာသည်။ လွန်းဆက်အိမ်က ကြည်မင်းခန့်ကို ကြည့်ကာပြောသည်။

"သွားတွေ့လိုက်ပါကွာ ... ဒီနေ့က သူ့ကို မင်းနောက်ဆုံး

www.burmeseclassic.com

www.burmeseclassic.com



အနေနဲ့တွေ့ရမှာ ... သူ စာမေးပွဲဖြေပြီးမှ မင်းတို့နှစ်ယောက် ပြန်တွေ့ရမယ် ... မြန်မြန်ဝင်သွားလိုက် မလမင်းလည်း အိမ်သာထဲမှာ အကြာကြီးနေနိုင်မှာ မဟုတ်ဘူး ... သွား"

ကြည်မင်းခန့် အခန်းတံခါးကို အသာတွန်းကာ ဝင်လိုက်သည်။ မိုနီစာလုပ်နေသဖြင့် ခြေသံမကြားအောင် အနားသို့လျှောက်သွားလိုက်သည်။

"ဆရာမ သမီး ... မပြီးသေးဘူး"

"မိုနီ ... "

"ဟာ ... တွစ်တီ ခင်ဗျား လာလည်တာလား"

"အင်း ... ငါ မင်းကိုလာနှုတ်ဆက်တာ"

"ခင်ဗျားက ဘယ်သွားမလို့လဲ"

"မင်းနဲ့ငါနဲ့ စာမေးပွဲပြီးသွားမှ တွေ့ကြမယ်လေ"

မိုနီက ကြည်မင်းခန့်စကားကို စဉ်းစားနေလိုက်ပြီး ခဏနေမှ ပြန်ဖြေသည်။

"အင်း ... ကျွန်တော် စာမေးပွဲပြီးသွားရင် လျှောက်လည်ကြမယ်နော်"

"ဩော် ... မင်းကိုပေးစရာပါတယ် ... အစကတော့ မင်းအိမ်မှာပဲ စာသင်နေတယ်ထင်ပြီး လာပေးမလို့ ... အခုတော့ အတော်ပဲ ဖြစ်သွားတယ်"

"ဘာပေးမလို့လဲ ... "

"အောက်ထပ်မှာ ထားခဲ့မယ်လေ ... ပြီးရင် ယူသွားလိုက် ငါသွားတော့မယ် ... "



ကြည်မင်းခန့် ပြန်အလှည့်တွင် မိုနီလှမ်းခေါ်သဖြင့် လှည့်ကြည့်လိုက်သည်။ မိုနီက ဘယ်ဘက်လက်မှ လက်စွပ်ကလေးကို ချွတ်ကာ ကြည်မင်းခန့်ကို လှမ်းပေးသည်။

"တန်ဖိုးတော့ မရှိပါဘူး ... ဒါပေမယ့် ကျွန်တော်လည်း ခင်ဗျားကို လက်ဆောင်ပေးချင်လို့ ... ကျွန်တော် စာမေးပွဲပြီးတာနဲ့ အင်းလျားမှာစောင့်နေမယ် ... ခင်ဗျားလာခဲ့ရမှာနော် ... Promise"

ကြည်မင်းခန့် ပြုံးလိုက်ပြီး မိုနီပေးသော လက်စွပ်ကိုယူကာ အခန်းထဲမှ ထွက်လာခဲ့သည်။ နေလရောင်တို့ကို ကြည့်လိုက်ပြီး အိတ်ထဲမှ ဖန်ဗူးကို ထုတ်လိုက်သည်။

"ဒီကြယ်တွေ ငါကိုယ်တိုင်ခေါက်ပြီး ဟေသာ့ကိုပေးဖို့ လုပ်ခဲ့ဖူးတယ် ... ဒါပေမဲ့ ငါမပေးရသေးခင်မှာပဲ သူကငါ့အနားက ထွက်သွားခဲ့တယ် ... အဲဒါ တစ်ချိန်က ငါရမ်းချစ်ခဲ့ဖူးတဲ့ ငါ့ချစ်သူ အခုတော့ ပြီးသွားပါပြီ ... ဒီကြယ်ဗူးလေးကို မိုနီ့အတွက်ဆိုပြီး ယူလာတာ ... သစ္စာဖောက်ရာတော့ မကျလောက်ပါဘူးနော်၊ မိုနီ ဆင်းလာရင် ပေးလိုက်ကွာ ... ငါ့အကြောင်းမေးရင် မသိဘူးလို့ပဲ ပြောပေးမယ် ... မဟုတ်လား"

ကြည်မင်းခန့်စကားကို နေလရောင် ခေါင်းညိတ်ပြလိုက်သည်။ လွန်းဆက်အိမ်က ပြုံးလိုက်ပြီး ကြည်မင်းခန့် ပခုံးကိုပုတ်လိုက်သည်။

"မင်းစိတ်ထဲ ကိစ္စတစ်ခုကို အစကနေ အဆုံးထိ လုပ်ချင်

www.burmeseclassic.com

www.burmeseclassic.com



လည်းဖြစ်တယ် ... ကြည်မင်းခန့်၊ ငါတို့အားလုံးက မင်းကိုကူညီပေးရမှာပေါ့"

လွန်းဆက်အိမ်၏ စကားကို နေလရောင်နှင့်လင်းရာတို့ ထပ်မံ ခေါင်းညိတ်ကာ ထောက်ခံကြသည်။ ကြည်မင်းခန့် လက်ထဲမှ ကြယ်ဖန်ဗူးကို နေလရောင်လက်ထဲ ထည့်ကာ အိမ်သို့ပြန်လာခဲ့သည်။

"မေမေ"

" ... "

ဒေါ်မြကြည်ဘက်မှ တုန့်ပြန်သံ မကြားသဖြင့် ကြည်မင်းခန့် သက်ပြင်းချလိုက်ပြီး ဒေါ်မြကြည်ဘေးတွင် ထိုင်လိုက်သည်။

"သားကို စိတ်ဆိုးနေတာ မဟုတ်လား ... "

" ... "

"မေမေ့အတွက် သားဘာလုပ်ပေးမှ မေမေစိတ်ဆိုးပြေမှာလဲ"

"ကြည်မင်းခန့် အပိုတွေလာပြောမနေနဲ့ ... ငါစကားသိပ်မပြောချင်ဘူး ... "

ဒေါ်မြကြည် စိတ်မရှည်သော လေသံကို ကြည်မင်းခန့် ငြိမ်သက်စွာ နားထောင်နေလိုက်ပြီး ဦးလှမင်းကို လှည့်ကြည့်သည်။ ဦးလှမင်းကတော့ ဒေါ်မြကြည်လို စိတ်ဆိုးမနေပါ ... ။

အခန်းတံခါးကို ဂျက်ချလိုက်ပြီး ကြည်မင်းခန့် ခုတင်ပေါ်သို့ လှဲချလိုက်သည်။ ပြတင်းပေါက်မှ တိုးဝင်လာသော သီချင်းသံကို နားထောင်နေလိုက်သည်။





"ပထမဆုံး တောင်းဆိုပါရစေ အချစ်တဝက်မပေးပါနဲ့ အကုန်မပိုင်နိုင်တော့လည်း မလိုချင်ဘူး"

ကြည်မင်းခန့် ပြတင်းပေါက်တံခါးကို ပိတ်လိုက်သော်လည်း ခပ်သဲ့သဲ့ သီချင်းသံက ကြားနေရပြန်သည်။ ပြက္ခဒိန်မှ ပြဿဒါး မဟုတ်တဲ့ ဒီနေ့က ရက်ရာဇာဟု ရေးထားသည်။ ဒီနေ့လိုနေ့မျိုးမှာ ဘယ်သူတွေ ရက်ရာဇာပဲ ကျနေပါစေ ကိုယ့်အတွက်ကတော့ ပြဿဒါးနေ့ပါပဲ ... ချစ်သူ ... ချစ်မိတဲ့ လူတစ်ယောက်က ရက်ရာဇာကျလိုက် ပြဿဒါးကျလိုက်နဲ့ ကံကောင်းတစ်လှည့် ကံဆိုးတစ်လှည့်ပဲ ... အချစ်မှာ နေ့စွဲမရှိဘူးလို့ ပြောခဲ့ကြဖူးတယ် ... အတိတ်က အရိပ်ကို ဖျက်ချင်ရင်တောင် အရိပ်ကိုပဲဖျက်လို့ရမယ် အတိတ်ကို ဖျက်လို့မရဘူး ... ငါ့မှာ အတိတ်တချို့ရှိခဲ့တယ် ... ဖျက်လို့မရတဲ့ အတိတ်တချို့ရှိခဲ့ဖူးတယ် ... စက္ကန့်တွေ နောက်ပြန်လည်ခွင့်ရှိရင် ငါ့မှာ အဲဒီလို အတိတ်မျိုး ရှိခဲ့မှာမဟုတ်ဘူး ... အဲဒီအချိန်ကျရင်လည်း မင်းနဲ့ဆုံမယ်လို့ မထင်မိဘူး ... ဘယ်လို အတိတ်မျိုးပဲရှိနေပါစေ ... မင်းနဲ့ဆုံတွေ့ခွင့်ရတဲ့ နေ့တွေကို ကျေနပ်တယ် ...

အတိတ်ကို ပစ္စုပ္ပန်ထဲ ဆွဲမခေါ်လိုက်နဲ့ ... အနာဂတ်မှာ ဒုက္ခရောက်လိမ့်မယ် ... အမှန်တရားမှာ စွပ်စွဲချက်တွေရှိရင် အမှားတွေထဲ သံသရာလည်သွားလိမ့်မယ် ... ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၄ )

ကြယ်ပုံပြင်နဲ့ အိပ်မက်ရှည် ...

“ရေပတ်လည်ဝိုင်းနေတဲ့ ကျွန်းငယ်တစ်ခုမှာ လူအနည်းစု နေထိုင်ကြတယ် ... အဲဒီလူတွေက ရိုးသားတယ် ... စိတ်သဘောထား ဖြူစင်တယ် ... အဲဒီ ကျွန်းငယ်လေးကို ခွန်ဆန်လောက အလည်သဘောနဲ့ လာတဲ့အချိန်မှာ လှေစီးထွက်ခဲ့တယ် ... လှေစီးရင်းနဲ့ မထင်မှတ်ပဲ နန်းဦးပြင်ဆိုတဲ့ ကောင်မလေးကို တွေ့သွားပြီး မြင်မြင်ချင်း သဘောကျသွားတယ် ... ခွန်ဆန်လောက တနယ်သားဆိုပေမယ့် ဥစ္စာပေါရုပ်ချောတာကြောင့် နန်းဦးပြင်နဲ့ မိဘတွေက သဘောတူညီခဲ့ကြတယ် ... ခွန်ဆန်လောနဲ့ နန်းဦးပြင်တို့ ဒီကျွန်းစုလေးမှာပဲ လက်ထပ်ပေါင်းသင်းလာခဲ့တာ ၄ လအကြာမှာ ခွန်ဆန်လောက သူ့မိဘတွေနဲ့ ပေးတွေ့ဖို့ မြို့ကိုခေါ်တယ် ... နန်းဦးပြင်က မလိုက်ချင်တာကြောင့် ခွန်ဆန်လောကို ကျွန်းလေးကပဲ စောင့်နေပါ့မယ်လို့ ကတိပေးခဲ့တယ် ... ခွန်ဆန်လောက





လည်း ကတိပြုရင်း သူ့မိဘတွေနေတဲ့ မြို့လေးကို ပြန်သွားခဲ့တယ်၊ မြို့ကိုအရောက်မှာပဲ မိဘတွေကို ဖွင့်ပြောခဲ့ပေမယ့် ခွန်ဆန်လောအမေက နည်းနည်းလေးမှ သဘောမတူနိုင်ဘူး ဖြစ်နေတယ် ... ခွန်ဆန်လောကို အခြားတစ်ယောက်နဲ့ ပေးစားဖို့ ဖြစ်လာခဲ့တယ်၊ ကျွန်းစုမှာ ကျန်ခဲ့တဲ့ နန်းဦးပြင်ကလည်း ခွန်ဆန်လောရဲ့ရင်သွေးကို လွယ်ထားရပြီဆိုတဲ့အကြောင်း ခွန်ဆန်လော မသိခဲ့ဘူး ... တစ်နေ့မှာ ခွန်ဆန်လော မသိအောင် ခွန်ဆန်လောအမေက ကျွန်းစုလေးကို ရောက်လာခဲ့တယ် ... နန်းဦးပြင်နဲ့တွေ့ဖို့ လူသူရှင်းတဲ့ တစ်နေရာမှာ စီစဉ်ထားတယ် ... ခွန်ဆန်လောနဲ့ သဘောမတူကြောင်းကို ထပ်ဆင့်ပြောပြီး ထွက်လာချိန်မှာပဲ နန်းဦးပြင်က အကြီးအကျယ် စိတ်ထိခိုက်မှုနဲ့ သေဆုံးသွားခဲ့တယ် ... ခွန်ဆန်လော ရောက်လာတဲ့အချိန်မှာ နန်းဦးပြင်ကို ရေမျှောမဲ့နေ့ပဲမို့ ... ခွန်ဆန်လောတစ်ယောက် ရင်ကွဲနာကျပြီး သေဆုံးခဲ့ပြန်တယ် ... မသေခင်မှာ သစ္စာစကားတစ်ခုဆိုခဲ့တယ် ... အဲဒီ စကားက ...

“အချစ်စစ်နဲ့ ချစ်ခဲ့ကြသော ချစ်သူနှစ်ဦးသည် သေဆုံးချိန်မှစ၍ မခွဲမခွာဘဲ ရာသက်ပန် အတူရှိနေရပါလို၏”

ခွန်ဆန်လော သစ္စာဆိုပြီး သေဆုံးသွားခဲ့တဲ့အတွက် ကျွန်းစုကလူတွေက သူတို့နှစ်ယောက်အလောင်းကို ဝါးဖောင်ပေါ်တင်ပြီး လက်ချင်းချိတ်ထားကြတယ် ... ခွန်ဆန်လော သစ္စာစကားကို ကြားသွားတဲ့ ခွန်ဆန်လောအမေက ဘယ်သူမှမသိအောင် ဝါးဆင်လေးတစ်ခုကိုယူပြီး ခွန်ဆန်လောနဲ့ နန်းဦးပြင်တို့ နှစ်ယောက်ကြား



www.burmeseclassic.com

www.burmeseclassic.com



မှာ ထားခဲ့လိုက်တယ် … ခွန်ဆန်လောနဲ့ နန်းဦးပြင်တို့နှစ်ယောက်က အလောင်းမျှောပြီးတာနဲ့ တစ်ပြိုင်နက် ကောင်းကင်မှာထင်ရှားတဲ့ ကြယ်နှစ်လုံး ဖြစ်လာတယ် … သို့ပေမယ့် ကြားထဲက ဝါးဆစ်ကလေးတစ်ခုကြောင့် သူတို့နှစ်ယောက်ကြားမှာ ကြယ်တစ်လုံးထပ်ဝင်လာခဲ့တယ် … ညအချိန်ကောင်းကင်မှာ ရှိနေတတ်တဲ့ ကြယ်သုံးလုံးတန်းက သူတို့ပဲလို့ ရှေးလူကြီးတချို့က ပုံပြင်အဖြစ် ပြောပြခဲ့ကြဖူးတယ် … အဲဒါ ကြယ်ပုံပြင်ပဲ … ”

“ခဏလေး … နေလရောင်၊ အဲဒီပုံပြင်ထဲက ချစ်သူနှစ်ဦးက ဒါဆို ကြယ်တွေဖြစ်သွားတာပေါ့ ဟုတ်လား … ”

ကြည်မင်းခန့်စကားကို နေလရောင် ခေါင်းညိတ်ပြလိုက်သဖြင့် လွှန်းဆက်အိမ်နှင့်လင်းရာတို့ ကြည်မင်းခန့်ကို ကြည့်ကြသည်။ နေလရောင်က ဆက်ပြီးပြောသည်။

“တစ်ခါတလေ ညဘက်အချိန်မှာ တွေ့ရတတ်တဲ့ ကြယ်သုံးလုံးက သူတို့ပေါ့ … ”

“သနားပါတယ် … ဒီလောက်အချစ်ကြီးတဲ့ လူတွေမှာတောင် ဒီလိုအဖြစ်ဆိုးမျိုးနဲ့ကြုံရတယ်လို့ … ”

လင်းရာက မခံချင်သလို ပြောနေသဖြင့် နေလရောင်က ပြုံးလိုက်သည်။

“ဒါကတော့ကွာ တကယ်လား ဘာလားတော့ ငါလည်း မသိဘူး … ပုံပြင်လို့ပဲ သတ်မှတ်ပေါ့ … မဟုတ်ဘူးလား”

“ငါဖတ်ဖူးတဲ့ အချစ်စစ်ဆိုတဲ့ ပုံပြင်တစ်ပုဒ်ရှိတယ်





နားထောင်မလား … ”

လွှန်းဆက်အိမ်က မျက်ခုံးပင့်ကာ ပြောလိုက်သဖြင့် ကြည်မင်းခန့်တို့ ပြိုင်တူခေါင်းညိတ်မိသည်။ လွှန်းဆက်အိမ်က သူဖတ်ခဲ့တဲ့ ပုံပြင်ကို အစပျိုးပါတော့သည်။

“ဒီလိုကွ … အဲယ်လင်နဲ့ မေရီဆိုတာ အသက် ၈၀ ဆယ်လောက်ရှိကြပြီဖြစ်တဲ့ လင်မယားဆိုပါတော့ … သားသမီးလည်း မရှိရှာဘူး ဒီထက်ကဆိုးတာကတော့ … မေရီပဲ … မေရီက … အသက် ၆၀ လောက်ကတည်းက အသိမှတ်ဉာဏ်တွေ တဖြည်းဖြည်းပျောက်ဆုံးတဲ့ ရောဂါတစ်ခုခံစားနေရတယ်၊ သူက အသက် ၇၀ ဆယ်မှာ သူ့ကိုယ်သူတောင်မှ မသိတော့တဲ့ အဖြစ်မျိုးနဲ့ ကြုံလာတဲ့အတွက် ဆေးရုံတစ်ခုမှာ လူနာအဖြစ် ကုသမှုခံယူနေရတယ် အဲယ်လင်က မေရီကို ဆေးရုံစတက်ကတည်းက နေ့ညမပြတ် ပြုစုစောင့်ရှောက်လာခဲ့တာ … ဆယ်နှစ်ရှိသွားပြီ … တစ်နေ့တော့ မေရီကို ကုနေတဲ့ ဆရာဝန်က အဲယ်လင်ကို ပြောတယ် … အဲယ်လင် ခင်ဗျားဇနီးရဲ့ အသိဉာဏ်ထဲမှာ သူ့ကိုယ်သူတောင် ဘယ်သူမှန်းမသိတော့တာ ခင်ဗျားက အခုလို ပြုစုနေရတော့ မပင်ပန်းဘူးလားတဲ့”

လွှန်းဆက်အိမ်က ဆက်မပြောသေးဘဲ ကော်ဖီကို တစ်ငုံသောက်လိုက်သည်။ ပြီးမှ စကားကို ပြန်ဆက်သည်။

“အဲဒီတော့ အဲယ်လင်က ပြောတယ် … မပင်ပန်းပါဘူး ပါက်တာရယ်တဲ့ … မေရီက ကျွန်တော်ငယ်ငယ်ကလေးထဲက



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခဲ့ရတဲ့ ချစ်သူတစ်ယောက်ပါ ... သူလည်း ကျွန်တော့်ကို အရမ်းချစ်ပါတယ်တဲ့ ... အဲလိုပြောတော့ ဆရာဝန်က ထပ်ပြောတယ်။ အဲဒီ့ အဖြစ်တွေကို မေရီက မသိတော့ဘူးလေ ... ခင်ဗျားကိုလည်း သူ့ ခင်ပွန်းမှန်း မသိတော့ဘူးတဲ့ ... "

"အဲဒီတော့ အဲယ်လင်က ဘာပြန်ပြောလဲ ... "

နေလရောင်က ကြားဖြတ်မေးလိုက်သဖြင့် လွန်းဆက်အိမ်က ဆက်ပြောသည်။

"သူမသိပေမယ့် ကျွန်တော်သိနေတယ်လေ ... တဲ့"

လွန်းဆက်အိမ်က ပုံပြင်အဆုံးမှာ ကြည်မင်းခန့် စဉ်းစားနေလိုက်သည်။ မျက်လုံးထဲမှာတော့ ဝါးဆစ်ကလေးတစ်ခုကိုင်ထားသော ဒေါ်မြကြည်ကို မြင်မိသည်။ လင်းရာက ...

"အဲဒါပဲပေါ့ ... အချစ်စစ်ဆိုတာ အိုသွားတာမျိုးမရှိပါဘူး လွန်းဆက် မင်းပုံပြင်က အရမ်းကဗျာဆန်တယ်ကွာ ... မိုက်တယ်"

"ရှေ့လထဲ ငါတို့စာမေးပွဲပြီးရင် ဝင့်ကျွတ်ပြီ ... နောက်ကျောင်းပိတ်လို့ Second Semester ပြီးရင် ပွဲကပြီးပြီ ... တက်ချင်တယ်ဆိုရင်တောင်မှ တက်လို့ရမှာ မဟုတ်တော့ဘူး ... ကျောင်းမပြီးခင်လေးတော့ ရည်းစားလေးတစ်ယောက်လောက် ထားလိုက်ချင်တယ်ကွာ ... ကြိုက်မယ့်လူ မရှိလို့ပေါ့ ... "

နေလရောင်က အားမရှိသည့် လေသံနှင့် ပြောနေသဖြင့် ကြည်မင်းခန့်တို့ ရယ်ကြသည်။ လွန်းဆက်အိမ်က ကော်ဖီထုပ် အပြတ်ရှင်းလိုက်ပြီး ပြောသည်။





"ကြိုက်မယ့်လူ မရှိဘူးပြောရအောင် ရှိတော့ရော ကောင်မလေးတွေက မင်းကိုလာပြောမလား ... မင်းကပြောမှ ရမှာပေါ့"

"မဟုတ်ပါဘူး ... ငါကြိုက်ရမယ့်လူ မရှိသေးဘူးလို့ပြောတာ"

"မင်းကတော့ လွန်ပါတယ် ... နေလရောင်ရာ မင်းရုပ်ရည်နဲ့များ ... "

လင်းရာက နှာခေါင်းရှုံ့ကာ ပြောနေသဖြင့် နေလရောင်က ထပ်ပြောပြန်သည်။

"ငါ့ရုပ်ရည်နဲ့ ရှာကီရာလောက်တော့ မှန်းလို့ရတယ်မဟုတ်လား"

"ကိုယ်ကျိုးနည်းပါပြီ ... ငါ့ ရှာရှာလေးကိုများ"

နေလရောင်နှင့် လင်းရာတို့နှစ်ယောက် ရှာကီရာကိုလုပ်နေကြသဖြင့် ကြည်မင်းခန့် လွန်းဆက်အိမ်ကို မျက်စပစ်ကာ ကန့်တင်းမှုထလာခဲ့သည်။ အတန်းလည်း မတက်ချင်သေးသဖြင့် ကျောင်းနန်းသီရေတာတွင် တစ်ယောက်တည်း ထိုင်နေလိုက်သည်။

"ချစ်ချင်တဲ့ အချိန်ချစ်ပြီး ပြတ်ချင်တဲ့အချိန် ပြတ်တာ အဲဒါ ရည်းစားလို့ခေါ်တယ် ... ချစ်သူ မဟုတ်ဘူး ... "

အသံကြားရာသို့ လှည့်ကြည့်လိုက်သည်။ ကောင်မလေးနှစ်ယောက်ကတော့ ကြည်မင်းခန့်ကို ကျောပေးကာ ဆက်ပြောနေဆဲ။

"ချစ်သူဆိုတာ အခက်အခဲတွေ ဘယ်လောက်ပဲများများ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့် အနားကမခွဲဘဲ အတူလက်တွဲနေမှ ချစ်သူလို့ခေါ်သင့်တယ်"

ဆံပင်တိုတိုနှင့် ကောင်မလေးက ဆံပင်ရှည်ရှည်နှင့်ကောင်မလေးကို ပြောနေသည်။ ကြည်မင်းခန့်စိတ်ထဲ အသစ်တက်လာသည့် ကျောင်းသူလေးများဟု ထင်လိုက်သည်။ သူတို့ပြောသမျှကို ငြိမ်ပြီးနားထောင်နေလိုက်သည်။ ဆံပင်တိုတိုနှင့် ကောင်မလေးက ဆက်ပြောသည်။

"မနေ့က ငါမြားနတ်မောင်ကို အိပ်မက်မက်တယ်သိလား"

"အာ ... နင်ကလည်း မြားနတ်မောင် ဘယ်လိုပုံလဲဆိုတာ နင်က မြင်ဖူးလို့ အိမ်မက်မက်ရတာလား"

ကြည်မင်းခန့် "မြားနတ်မောင်"ဆိုသော နာမည်ကြောင့် ခေါင်းထောင်သွားကာ ပိုစိတ်ဝင်စားလာသည်။ ကိုယ်ကိုယ်တိုင်ကလည်း မြားနတ်မောင်နှင့်ဆုံဖူးခဲ့ပြီပဲ ... တခြားလူကို ပြန်ပြောပြလည်း ယခုလိုပဲ အလှောင်ခံရမည်ဖြစ်သည်။ ဆံပင်တိုတိုနှင့်ကောင်မလေးက ထပ်ပြောသည်။

"တကယ်ဟ ... အိပ်မက်ထဲမှာ သူက မြားနတ်မောင်ပါဆိုပြီး ပြောတာ ..."

"အဲဒီတော့ သူက ဘာပြောလဲ ..."

"ငါ့ရဲ့ ဖူးစာရှင်ကို လာပြောသွားတာ ..."

"မယုံပေါင် နင်နဲ့ငါနဲ့ တစ်ခန်းထဲအတူတူ ကျောင်းတက်ပြီး ငါ့ကိုကျတော့ ဘာလို့လာမပြောလဲ ..."

ဆံပင်တိုတိုနှင့်ကောင်မလေးက ခေါင်းကိုကုတ်နေပုံရသည်။





ပြီးမှ ...

"ဒါကတော့ဟာ ... အလှည့်ကျပေါ့ နင့်အလှည့်လည်း မကြာမီ လာမည်မျှော်ပေါ့ ..."

"ထားပါတော့ ... နင့်ကို ဘာပြောသွားလဲ ..."

"ငါ့ဖူးစာရှင်က ..."

"ကျွန်တော် ..."

ကြည်မင်းခန့်ကို နှစ်ယောက်သား လှည့်ကြည့်ကြသဖြင့် ကြည်မင်းခန့် စပ်ဖြီးဖြီး ရယ်ပြလိုက်သည်။ ဆံပင်ရှည်ရှည်နဲ့ ကောင်မလေးက ကြည်မင်းခန့်ကို လက်ညှိုးထိုးရင်းပြောသည်။

"နင့်ရဲ့ဖူးစာရှင်က သူလား ... ဖွေးဖွေး"

ဆံပင်တိုတိုနှင့်ဖွေးဖွေးအမည်ခံ ကောင်မလေးက ခေါင်းကို မသိမသာ ယမ်းလိုက်ပြီး ပြန်ပြောသည်။

"ငါလည်း အခုမှသိတာ ..."

ကြည်မင်းခန့် ဝင်ရှင်းပြမှ ရတော့မည်ဖြစ်သဖြင့် မတ်တပ်ရပ်လိုက်သည်။

"ကျွန်တော် ဆိုလိုတာက မင်းတို့နဲ့ စကားနည်းနည်းပြောချင်လို့ လှမ်းခေါ်လိုက်တာပါ ... စကားက ရောနေလို့"

"ဩော် ... တော်ပါသေးရဲ့ ..."

ဆံပင်ရှည်ရှည်နှင့်ကောင်မလေးက ပြောလိုက်သဖြင့် ဖွေးဖွေးက တံတောင်ဆစ်နှင့် တို့ကာပြောသည်။

"ဘာကို တော်ပါသေးရဲ့လဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"နင့် ဖူးစာရှင်မှတ်လို့ပေါ့ ... အခု မဟုတ်ဘူးဆိုတော့ ဒါ လည်း စိတ်ကူးယဉ်ခွင့် ရှိတာပဲဟာ ... ဟုတ်ဘူးလား"

"အရူးမ ... "

"ကျွန်တော့်နာမည် ကြည်မင်းခန့်ပါ ... Psychology က"

"ဘယ် year ကလဲဟင် ... "

ဖွေးဖွေးက မေးလိုက်သဖြင့် ကြည်မင်းခန့် ပြုံးလိုက်ပြီး ...

"Final ကပါ ... မင်းတို့ကရော ... "

"ညီမလေးက ဖွေးဖွေး သူက နွေးနွေးပါ Botany First Year ကပါ ကိုကြီး ... "

"သြော် ... "

"ဒါနဲ့ ကိုကြီး ခုနက ဘာပြောချင်လို့ လှမ်းခေါ်တာလဲ"

ဖွေးဖွေးက ကြည်မင်းခန့်ကို မေးပြန်သည်။ ကြည်မင်းခန့် ဖွေးဖွေးနှင့်နွေးနွေးကို တစ်လှည့်စီကြည့်ကာ ...

"မြားနတ်မောင်ရှိတာ ယုံတဲ့လူကိုပဲ ကိုကြီးကပြောချင် တာ"

နွေးနွေးက ကြည်မင်းခန့်ကို မျက်လုံးပြူးကြည့်လိုက်ပြီးမှ ဖွေးဖွေးကိုပြောသည်။

"ငါ အတန်းထဲက စောင့်နေမယ်"

နွေးနွေးထသွားသည်နှင့် နွေးနွေးနေရာကို ကြည်မင်းခန့် ဝင်ထိုင်လိုက်သည်။ ဖွေးဖွေးက ...

"ကိုကြီးက မြားနတ်မောင်ရှိတာကို ယုံတယ်ပေါ့"



"အင်း ... လူတိုင်းကတော့ ယုံချင်မှယုံမှာ ... ခုနက ညီမ လေး ပြောတာကြားလိုက်တယ် ... အိပ်မက်မက်တယ်ဆို"

"ဟုတ် ... "

"သိပ်မကြာခင် ဒီကောင် ကိုယ်ထင်ပြတော့မယ်ထင်တယ်"

"ရှင် ... တကယ်ကိုယ်ထင်ပြမှာလား"

"အင်း ... ထင်တာပဲ ကိုကြီးတုန်းကလည်း အဲဒီလိုပဲလေ"

"ကိုကြီးကလည်း မက်ပြီးပြီဆိုပါတော့ ... ဖူးစာရှင်က ဘယ်သူလို့ပြောလဲ ... "

"သူမှာ ပြောပိုင်ခွင့် မရှိဘူးတဲ့ ... "

"ဟယ် ... ညီမလေးကိုလည်း အဲလိုပြောသွားတာ"

ကြည်မင်းခန့် ဖွေးဖွေးကို ကြည့်လိုက်ပြီး စဉ်းစားနေသည်။ ဖွေးဖွေးလည်း ကြည်မင်းခန့်ကိုကြည့်ကာ စဉ်းစားနေပုံရသည်။ ရုတ်တရက် သီရေတာရှေ့မှ ဗန်ဒါပင်ပေါ်တွင် မြားနတ်မောင် ထိုင် နေသည်ကို တွေ့လိုက်ရသည်။

"ဟာ ... Cupid ... "

ကြည်မင်းခန့် အသံကြောင့် ဖွေးဖွေးလည်း လှည့်ကြည့်မိ သည်။

"ဟယ် ... တကယ်ပဲနော်"

မြားနတ်မောင်က ဗန်ဒါပင်ပေါ်မှ စပ်ဖြီးဖြီးပြုံးလိုက်ပြီး ...

"ဟာတွေ ဟယ်တွေ လုပ်နေမကြနဲ့ ... နေပူကြီးထဲလာရ

www.burmeseclassic.com



တာ မောတယ်ကွာ ... "

ကြည်မင်းခန့်က ရယ်လိုက်ပြီး ဖွေးဖွေးကိုပြောသည်။

"ဒီကောင်က ခင်ဖို့ကောင်းတယ်ဟ ... နင် မယုံရင် ဒီနားကိုခေါ်လိုက် ... "

"ဒီလိုလာလေ ... "

ကော်ရစ်တာရှေ့မှ ဖြတ်သွားသော ကျောင်းသားများ ရုတ်တရက် ခြေလှမ်းများ ရပ်သွားသည်။ ကျောင်းသားတစ်ယောက်က ဖွေးဖွေးနှင့် ကြည်မင်းခန့်ရှေ့တွင် ရပ်ကာ ပြောသည်။

"ကျွန်တော့်ကိုခေါ်တာလား ... "

ကြည်မင်းခန့်နှင့်ဖွေးဖွေးတို့ ပြိုင်တူခေါင်းခါကာ ပြောလိုက်သည်။

"မဟုတ်ဘူး ... သူ့ကိုခေါ်တာ"

နှစ်ယောက်သား လက်ညှိုးထိုးပြသော ဇန်ဒါပင်ကိုကြည့်ကာ ကျောင်းသားများ ခေါင်းကုတ်ကြသည်။ မြားနတ်မောင်က ရယ်နေသဖြင့် ကြည်မင်းခန့် အော်လိုက်သည်။

"ဟေ့ကောင် ... ရယ်မနေနဲ့ ... လာဒီကို ... "

"အေးလေ ... လာပါဆို"

ဖွေးဖွေးကပါ ဝင်ပြောနေသဖြင့် ကျောင်းသားများ တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ ပြုံးပြီး ထွက်သွားကြသည်။ မြား နတ်မောင်က လေတချွန်ချွန်နှင့် ရောက်လာသည်။

"မင်းတို့က စွတ်ခေါ်နေတော့တာပဲ ... "





"ခေါ်ရမှာပေါ့ကွ ... မင်းကို ငါ့သူငယ်ချင်းတွေက မရှိဘူးလို့ ငြင်းနေကြတာ ခေါ်ပြရမယ် ... "

ကြည်မင်းခန့်က မြားနတ်မောင်ကို ပြောသဖြင့် ဖွေးဖွေးကပါ ခေါင်းညိတ်သည်။

"မဟုတ်သေးဘူးကွ ... ငါရှိတယ်ဆိုတာ ဘယ်သူမှ မယုံတာ မဆန်းပါဘူး ... ပြစရာမလိုပါဘူးကွာ ... မင်းတို့နှစ်ယောက်က ငါနဲ့ အရမ်းရင်းနှီးနေလို့ ကိုယ်ထင်ပြတာ ရှင်းပြီလား ... "

မြားနတ်မောင်စကားကို ဖွေးဖွေးက မျက်လုံးပြူးကာပြောသည်။

"ဒါဖြင့် မြားနတ်မောင်ကို သမီးနဲ့ဒီအစ်ကိုကြီးကလွဲရင် ဘယ်သူကမှ မမြင်ရဘူးပေါ့ဟုတ်လား ... "

"That right ... "

"အဲဒါကြောင့်မို့ကိုး ... သူတို့တွေက မမြင်ရတော့ မရှိဘူးပဲ ထင်မှာပေါ့နော် ... ကိုကြီး"

"ထားပါတော့လေ ... မင်းဒီကို ဘာလာလုပ်တာလဲ Cupid ... "

"ငါ စာရင်းလိုက်တိုက်နေတာလေ အရင်တုန်းက လွဲပြီး ပစ်ခဲ့တဲ့ စုံတွဲတွေကို မှန်မှန်ကန်ကန် ပြန်ဖြစ်အောင် လာလုပ်ပေးနေတာ ... "

"သြော် ... မင်းကလွဲတုန်းကလွဲပြီး အခုမှ ပြန်လာတည့်ပေးနေတယ်ပေါ့ ဟုတ်လား ... ဖြစ်နိုင်ပါ့မလား"

www.burmeseclassic.com



"ဟော့ကောင် နတ်တွေမလုပ်နိုင်တာဆိုလို့ လူ့အလိုပဲရှိတယ် ငါ့ဆီမှာ အမုန်းတရားတွေ ပွားစေတဲ့ မြားရှိတာပဲ … လွဲနေတဲ့လူ ထဲက တစ်ယောက်ကို ပစ်လိုက်ရင် ပြီးသွားပြီပေါ့ … ဟဲ ဟဲ"

"မင်း တော်တော်စိတ်ပုပ်တဲ့ Cupid ပဲ"

"ဟော့ဟော့ စိတ်ပုပ်တဲ့ Cupid နဲ့ စိတ်ကောင်းတဲ့ Cupid ဆိုပြီး နှစ်ယောက်မရှိဘူးကွ … ငါပဲ ငါတစ်ယောက်ထဲရှိတာ … သဘောပေါက်"

"ပေါက်တယ် … အရမ်းပေါက်တယ် … ဒါဖြင့် ငါ့အရင်က တွဲခဲ့တဲ့ ချစ်သူကိုလည်း မင်းပဲလွဲအောင် လုပ်ပစ်တာပေါ့ ဟုတ်လား"

"သူက မင်းရဲ့ဖူးစာရှင်မှ မဟုတ်ဘဲ"

"ဒါဖြင့် ငါ့ရဲ့ ဖူးစာရှင်က ဘယ်မှာလဲ … ပြော"

"သူပဲ … "

မြားနတ်မောင်က ဖွေးဖွေးကို လက်ညှိုးထိုးပြတဲ့အချိန်မှာပဲ တပြိုင်နက် မီးခိုးငွေ့တန်းများနဲ့အတူ ပျောက်သွားသည်။ ကြည်မင်းခန့်ဘေးတွင် ဖွေးဖွေးလည်း ရှိမနေတော့ … ကြည်မင်းခန့်လည်း ကျောင်းထဲတွင် ရှိမနေတော့ပါ။

ချွေးပြိုက်ပြိုက်ကျနေသည့် ကြည်မင်းခန့်တစ်ယောက် ခုတင်ပေါ်မှ လူးလဲထရင်း စားပွဲမှနာရီကိုကြည့်လိုက်သည်။

"သုံးနာရီပဲ ရှိသေးတယ် … ငါ အိပ်မက် မက်နေပါလား ဟူး … "





ကြည်မင်းခန့် ချွေးများကို သုတ်လိုက်ပြီး စဉ်းစားနေလိုက်သည်။ ဖွေးဖွေးဆိုတာကို မျက်နှာလေးတောင် မမှတ်မိလိုက်ဘဲ ဖြစ်နေသဖြင့် မြားနတ်မောင် တကွက်စားလိုက်မှန်း သိသည်။

"စိတ်ပုပ်တဲ့ Cupid … "

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၅ )　　　အပိုဒ် (၁)

အိပ်မက်ထဲကအကြောင်းကို ပြောလည်းပြောမပြချင်ပါ။ သို့သော် တွေ့တော့တွေ့ချင်နေမိသဖြင့် စိတ်ထဲ မရိုးမရွခံစားနေရသည်။ ကားပေါ်တက်ကတည်းက ငြိမ်နေသည့် ကြည်မင်းခန့်ကို နေလရောင်တို့ စနေကြပြန်သည်။

"အခုမှ ဆင်ပေါက်နဲ့ မတွေ့ရတာ ဘယ်နှစ်လရှိသေးလို့လဲ၊ လဒမှိုင်မှိုင်နေလိုက်တာ ... "

"ဟုတ်ပ့ါကွာ ... ဆင်ပေါက်ကလည်း မေးနေသေးတယ်"

လင်းရာကို ကြည့်လိုက်သည်။ လင်းရာက ခေါင်းခါကာ ဆက်ပြောသည်။

"ငါတို့နဲ့လည်း မတွေ့တာကြာပြီလို့ပဲ ပြောလိုက်တယ်၊ မင်း ပြောနိုင်းတဲ့အတိုင်းပဲနော် ... "

"အေးပါကွာ ... ငါစိတ်ညစ်နေလို့ ... "

ကြည်မင်းခန့် စိတ်ညစ်နေသည်ဆိုသဖြင့် လွန်းဆက်အိမ်တို့





ငြိမ်ကျသွားသည်။ နေလရောင်က ကြည်မင်းခန့် ပခုံးကိုပုတ်ကာ မေးသည်။

"ပြောစမ်းပါဦး ... ငါတို့လည်း ကူညီလို့ရရင်ပေါ့"

"First Year Botany ကို ခဏလိုက်ခဲ့ကြကွာ ... လူနှစ်ယောက် ... ဒါမှ မဟုတ် လူတစ်ယောက်ကို သွားရှာမလို့"

"မင်း အသိကိုသွားရှာမှာလား ... ကြည်မင်းခန့် ... "

လင်းရာက ထပ်မေးလိုက်သဖြင့် ကြည်မင်းခန့်ခေါင်းသာ ညိတ်ပြလိုက်သည်။ Botany ဆောင်ရှေ့ရောက်သည်နှင့် ရှေ့ဆုံးမှ ကြည်မင်းခန့်ဝင်သွားသည်။ ကျောင်းသူနှစ်ယောက်ကို တွေ့သည်နှင့် မေးလိုက်သည်။

"ဒီအခန်းထဲမှာ ဖွေးဖွေးဆိုတဲ့ ကောင်မလေးရှိလား ... "

"ဖွေးဖွေး ... မကြားဖူးဘူး ... "

"နွေးနွေးရော ... ရှိလား"

ကျောင်းသူနှစ်ယောက်က ခေါင်းခါလိုက်သဖြင့် ကြည်မင်းခန့် အဆောင်မှ ပြန်ထွက်လာခဲ့သည်။ လွန်းဆက်အိမ်က ...

"မင်းကလည်း ဇာတ်လမ်းအစအဆုံးလေး ပြောပြပါဦး၊ ငါတို့မှာ မမီတဲ့ရုပ်ရှင်ကားကို ပြန်ကြည့်နေရသလိုပဲ ... အခွေကထစ်သေး"

လွန်းဆက်အိမ် အမေးကို ကြည်မင်းခန့် သက်ပြင်းချလိုက်ပြီး မက်ခဲ့တဲ့ အိပ်မက်ကို ပြောပြလိုက်သည်။ လင်းရာက အားပါးတရ ရယ်လိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ကြည်မင်းခန့်ရယ် … အိပ်မက်ထဲက ဖွေးဖွေးနဲ့နွေးနွေးချို တာက အပြင်မှာ တကယ်ရှိလာပြီပဲထားဦး … နာမည်တူတွေက အများကြီး … အားလုံးက မင်းဖူးစာရှင်တွေလား … "

"မဟုတ်ဘူးလေ … ဖွေးဖွေးနဲ့ နွေးနွေးက သူငယ်ချင်းဆို တော့ အပြင်မှာလည်း သူငယ်ချင်းပဲဖြစ်ရမယ်"

"ရှာလေ … မင်းပဲ ရှုံးသွားမယ်"

နေလရောင်က စိတ်မရှည်သလိုနှင့်ပြောနေပြန်သည်။ စစ်ထု တောင်းမှုပဲ ပိုဆိုးနေတော့သည်။

"အေးလေ … ငါ စိတ်ကူးယဉ် ဆန်သွားတယ် ထင်တယ် ထားလိုက်ပါတော့ … "

ကြည်မင်းခန့်ကိုကြည့်ကာ သုံးယောက်သား ခေါင်းခါကြ ပြန်သည်။ ဖယ်ရီကားမှ နေနေ၏ သီချင်းသံကို နားထောင်နေမိ သည်။

"ကိုယ့်နှလုံးသားဆီက ရင်ခုန်သံကြားလား … ဟိုအတိတ် ဖူးစာရှင်ရယ် … အိပ်နေသလားကွယ် … "

ဟုတ်တယ် … ငါ့ရဲ့ဖူးစာရှင် အိပ်နေတုန်းပဲ … တစ်ချိန် တော့လည်း နိုးထလာမှာပါလေ …

ကြည်မင်းခန့် ပြုံးလိုက်မိသည်။ တခဏတာ အပြုံးဆိုပေ မယ့် အရာအားလုံးကို နားလည်သွားသော အပြုံးဖြစ်သည်။



အပိုဒ် (၂)

(၃)လခန့်အကြာ

"မင်းတို့က ဒီရောက်နေတာကို … ငါက နေလရောင်အိမ် ကိုတောင် ရောက်ခဲ့သေးတယ်"

ကြည်မင်းခန့်က စကားစရင်း လက်ဖက်ရည်ဆိုင်ထဲသို့ ဝင် လာသည်။ နေလရောင်တို့ သုံးယောက်က မရယ်မပြုံး မျက်နှာများ နှင့် ကြည်မင်းခန့်ကို ကြည့်နေသည်။ လွှန်းဆက်အိမ်က ကြည်မင်း ခန့်အတွက် လက်ဖက်ရည်မှာ ပေးလိုက်ပြီးပြောသည်။

"မင်းကို ဆင်ပေါက်လည်းမေးနေပြီ … သွားတွေ့ရင်လည်း သွားတွေ့လိုက်ကွာ … ခဏ ခဏ ဖြေနေရတော့လည်း ငါတို့တွေ ဆို မယုံသလိုပဲ"

"ကိစ္စက ပြီးနေပြီ ထင်နေတာ … သူက မေးနေတုန်းပဲ လား"

ကြည်မင်းခန့်က ရေနွေးငုံ့ရင်း ပေါ့ပျက်ပျက် ပြောသဖြင့် နေလရောင် ဝင်ပြောသည်။

"အဲလိုကြီးတော့ မလုပ်သင့်ဘူး … ကြည်မင်းခန့် … မင်းပဲ အရင်က မျှော်လင့်ချက်တွေ ပေးပြီးတော့ … "

"သူနဲ့ ငါနဲ့ကြိုက်လည်း နောက်ဆုံးကျ နှစ်ယောက်ထဲက တစ်ယောက်ကတော့ ခံစားရမှာပဲလေ … မဟုတ်ဘူးလား"

"စာမေးပွဲပြီးရင် မင်းနဲ့သူနဲ့ တွေ့မယ်လို့ပြောခဲ့တယ် မဟုတ် လား … မနက်ဖြန်ပဲ အောင်စာရင်းကထွက်တော့မယ် … နေလ ရောင် အစ်မကလည်း ပြောတယ် … မိုနီက မင်းအတွက်နဲ့ စာ



www.burmeseclassic.com

www.burmeseclassic.com



အရမ်းကြိုးစားခဲ့တာတဲ့ ... မင်းနည်းနည်းတော့ လှည့်ကြည့်သင့်တယ်လို့ ထင်တယ် ကြည်မင်းခန့် ... "

လွှန်းဆက်အိမ်က ကြည်မင်းခန့်ကိုကြည့်ရင်း ပြောသည်။ လင်းရာကလည်း မနေနိုင်ဘဲ ဝင်ပြောပြန်သည်။

"ဘာလဲ ... မင်းက ဟိုဖူးစာရှင်ဆိုတာကြီးကို အရူးထနေပြန်တာလား ... နေစမ်းပါကွာ ... ဟေ့ကောင် ... ဖူးစာဆိုတာကို လူကဖျက်ရင် ပျက်တာပဲ ... အပိုတွေလုပ်မနေစမ်းပါနဲ့"

"မဟုတ်ပါဘူး ... သူနဲ့တွဲတော့ ငါ့အိမ်က သဘောမတူဘူးလေ ... "

"ကြည်မင်းခန့် ... မင်းအိမ်ကို မင်းပိုင်ပါတယ်ကွာ ... အဲ့ဒါတွေ တွေးမနေစမ်းပါနဲ့ ... သဘောမတူတော့ရော ဘာဖြစ်လဲ ... ကဲပြော ဘာဆက်ဖြစ်မလဲ ... "

လွှန်းဆက်အိမ်အမေးကို ကြည်မင်းခန့် မဖြေတော့ဘဲ လက်ဖက်ရည်ကိုသာ သောက်နေလိုက်သည်။ လက်ဖက်ရည်ဆိုင်ထဲသို့ လင်းရာ၏ ညီဝမ်းကွဲကိုဖြိုး ဝင်လာသဖြင့် လွှန်းဆက်အိမ်တို့ ကြည့်နေကြသည်။ လင်းရာက ...

"ဟေ့ကောင် ... ဘာလာလုပ်တာလဲ"

"ကိုကြီးလင်းရာကို တွေ့လို့ ဝင်လာတာလေ ... မုန့်ဖိုးလေးဘာလေး ပေးချင်စိတ် မရှိဘူးလား ... "

ကြည်မင်းခန့်က ကိုဖြိုးကိုကြည့်ရင်းပြောသည်။

"မင်း ... ဆယ်တန်းဖြေထားတာ မဟုတ်လား"

"ဟုတ် ... "





လင်းရာက ဘောင်းဘီအိတ်ထဲမှ ၅၀၀ တန်တစ်ရွက်ကို ထုတ်ကာ ပြောသည်။

"ဆယ်တန်းသာ ဖြေထားတာ ဒီကောင်က ရည်းစားတွေ ဘာတွေနဲ့ ... လျှော့တော့ မတွက်နဲ့ ကြည်မင်းခန့် ... "

လွှန်းဆက်အိမ်နှင့် နေလရောင်တို့ ကိုဖြိုးကိုကြည့်ကာ ပြုံးလိုက်ကြသည်။ လင်းရာက ၅၀၀ တန်ကို ပေးကာပြောပြန်သည်။

"မင်းတစ်ယောက်ထဲလား ကိုဖြိုး ... "

"ဟို ... လမ်းထိပ်မှာ နွေးနွေးကိုထားခဲ့တယ် ... သွားပြီ"

ကြည်မင်းခန့် ကိုဖြိုးကိုကြည့်နေရင်းမှ လင်းရာကိုမေးလိုက်သည်။

"နွေးနွေးဆိုတာ သူ့ကောင်မလေးလား ... "

"ဟုတ်မှာပေါ့ ... ငါလည်း သေချာမသိဘူး ... "

"မင်းတို့ ခဏနေဦး"

"ဟေ့ကောင် ... ကြည်မင်းခန့် ဘယ်လဲ ... "

နေလရောင် အမေးကို ကြည်မင်းခန့် လက်ပြလိုက်ပြီး ကိုဖြိုးနောက်သို့ ပြေးလိုက်သွားသည်။ လမ်းထိပ်တွင် ကိုဖြိုးနှင့် ကောင်မလေးတစ်ယောက်ကို တွေ့လိုက်သဖြင့် ကြည်မင်းခန့် လှမ်းခေါ်လိုက်သည်။

"နွေးနွေး ... "

နွေးနွေးဆိုသည့် ကောင်မလေးက ဆံပင်ရှည်ကြီးကိုသပ်ရင်း လှည့်ကြည့်သည်။ ကိုဖြိုးက ပြုံးလိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီး ကြည်မင်းခန့်နဲ့ နွေးနွေးနဲ့က အသိတွေလား"

နွေးနွေးက အူတူတူနှင့် ခေါင်းခါလိုက်သဖြင့် ကိုဖြိုးက ကြည်မင်းခန့်ကို ကြည့်သည်။

"ဟိုဟာလေ ... မေးစရာရှိလို့ ညီမလေးကို ... "

"ဟုတ်ကဲ့ ... ဘာများလဲ ကိုကြီး ... "

"ညီမလေး သူငယ်ချင်းတွေထဲမှာ ဖွေးဖွေးဆိုတာရှိလား"

"ဖွေးဖွေးနဲ့ သူငယ်ချင်းလား ... "

နွေးနွေးစကားကို ကြည်မင်းခန့် ဝမ်းသာအားရနှင့်ပြုံးလိုက်သည်။

"ဖွေးဖွေးက ညီမလေးနဲ့ သူငယ်ချင်းပေါ့ ... ကိုကြီး သူ့ကို တွေ့ချင်လို့ တွေ့လို့ရမလား ... "

"ဖွေးဖွေးက အပြင်သိပ်မထွက်ဘူး ... ညီမလေးနဲ့တောင် မတွေ့ရတာ တော်တော်ကြာပြီ ... ဒါပေမဲ့ မနက်ဖြန် အောင်စာရင်း ထွက်ရင်တော့ သူလာမလား ... မပြောတတ်ဘူး"

"မနက်ဖြန် အောင်စာရင်းထွက်ပြီပေါ့ ... ညီမလေးလည်း လာကြည့်မှာလား ... "

"ဟုတ် ... ကိုဖြိုးလည်း လာမှာ ... "

"အင်း ... ဒါဆို မနက်ဖြန်ကျရင် ဖွေးဖွေးဘယ်သူလဲဆိုတာ ကိုကြီးကို မိတ်ဆက်ပေးမယ် မဟုတ်လား"

"ဟင် ... ကိုကြီးက ဖွေးဖွေးသူငယ်ချင်း မဟုတ်ဘူးလား"

"ကူညီပေးပါနော် ... ကျေးဇူးပဲ"





ကြည်မင်းခန့် ထွက်သွားသည်နှင့် ကိုဖြိုးနှင့်နွေးနွေးတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ ကျန်နေခဲ့သည်။ လက်ဖက်ရည် ဆိုင်ထဲမှ လွှန်းဆက်အိမ်တို့ ကြည်မင်းခန့်ကို ဘုရှိုးရှိုးကာ ကြည့်နေကြသည်။ နေလရောင်က ...

"နွေးနွေးဆိုတာနဲ့ အရှူးထသွားတာ မဟုတ်လား"

"အရှူးကတမူးသာတော့မယ်ကွ ... ဖွေးဖွေးဆိုတာ တကယ်ပဲရှိတယ် ... "

လင်းရာက တစ်ယောက်တည်း ခေါင်းခါကာပြောသည်။

"တကယ်ပဲ လက်လန်တယ် ကြည်မင်းခန့်ရေ ... "

"လက်မလန်နဲ့ မနက်ဖြန်အောင်စာရင်းထွက်ရင် သွားကြည့်ရအောင် ... "

"ဘယ်မှာ သွားကြည့်မှာလဲ"

လွှန်းဆက်အိမ်က မျက်လုံးပင့်ကာ မေးလိုက်သဖြင့် ကြည်မင်းခန့် ပြုံးလိုက်သည်။

"ကိုဖြိုးတို့ ကျောင်းမှာပေါ့ကွ ... "

"ဆင်ပေါက် ကိစ္စကိုရော ဘယ်လိုလုပ်မှာလဲ"

လင်းရာက မိုနီကို ဆွဲထည့်နေပြန်သဖြင့် ကြည်မင်းခန့် မပြောတော့ ... ။

သူတို့ရှင်းမရပေမယ့် သူကတော့ အစတစ်စကို ဆွဲထုတ်မိပြီလေ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၆ )

"ကြည့်မင်းခန့်ရယ် ... မိုးတောင် မလင်းသေးဘူး ... ငါတို့ကို ခေါ်လာရသလား ... အိပ်ရေးမဝရတဲ့အထဲ"

လင်းရာက တဝါးဝါးသမ်းရင်း ပြောသည်။ လွှန်းဆက်အိမ်နှင့် နေလရောင်တို့ကြည့်တော့လည်း မျက်လုံး မဖွင့်ချင် ဖွင့်ချင်နှင့် ဖြစ်နေသည်။ ကိုဖြိုးတစ်ယောက်သာ ကြည့်မင်းခန့် အားရသည်။

"မင်းတို့ကလည်း ငါက လေးနာရီထဲက ထပြီးလိုက်နိုးနေရတာ ... ငါ့ကိုလည်း နည်းနည်းပါးပါး သနားပါဦး"

"ငါက ကိုဖြိုးနဲ့ ညကတည်းက ကြည့်ပြီးပြီကွ"

လင်းရာက ကြည့်မင်းခန့်ကို ပြန်ပြောသည်။ ကိုဖြိုးက ...

"ကျွန်တော်လည်း D ပါတယ်၊ နွေးနွေးလည်း D ပါတယ်ဗျ၊ ကျွန်တော် ကြည့်ပြီးပြီ ... "

"ဖွေးဖွေးရော အောင်လား ... "

"ကျွန်တော်မှ ဖွေးဖွေးကို မသိဘဲ ... "





"ဟာ ... မင်းက နွေးနွေးကိုကျတော့ သိတယ် ... ဖွေးဖွေးကိုကျတော့ မသိဘူးပေါ့ ... "

"နွေးနွေးနဲ့က ကျူရှင်မှာပဲသိတာ ... "

"ဪ ... "

ကျောင်းဝန်းထဲ ရောက်သည်နှင့် လူများက အော်ဟစ်နေကြသည်။ ကြည့်မင်းခန့်နှင့် ကိုဖြိုးကရှေ့ဆုံးမှ တိုးကာဝင်သွားကြသဖြင့် လွှန်းဆက်အိမ်တို့နှင့် အဖွဲ့ကွဲသွားသည်။ ခဏနေမှ ကိုဖြိုးက ခပ်ကျယ်ကျယ်လေးသံဖြင့် ပြောသည်။

"ကိုကြီး ကြည့်မင်းခန့် ခဏနေခဲ့ဦး ... နွေးနွေးကို လိုက်ရှာလိုက်ဦးမယ် ... "

"အေး ... "

ကြည့်မင်းခန့်တစ်ယောက်တည်း ယောင်လည်လည်ကျန်ခဲ့သည်။ ကျောင်းသားများရော အပြင်လူများပါ စုနေကြသဖြင့် ကြည့်မင်းခန့် စိတ်ရှုပ်လာသည်။ ထိုအခိုက် ရုတ်တရက် လက်ကို ဆွဲလိုက်သံဖြင့် လန့်သွားသည်။

"မိုနီ ... "

"ခင်ဗျား တော်တော်နေနိုင်တယ်နော် ... အခုမှ ဘာလာလုပ်တာလဲ ... "

"ငါ ... အောင်စာရင်း လာကြည့်တာ"

"ကျွန်တော့်ကိုလား ... ဒီမှာ မရပ်နေနဲ့ ... ကြည့်ချင်ရင်တော့ တိုးရမှာပဲ ... လာ"



www.burmeseclassic.com

www.burmeseclassic.com



မိုနိုက ကြည်မင်းခန့်ကို လက်ဆွဲကာ ခေါ်သွားသဖြင့် လူ အုပ်ကြားထဲပါသွားသည်။

"အဲဒီမှာ ရှာကြည့် … ကျွန်တော် D တစ်လုံးပါတယ်"

ကြည်မင်းခန့် လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်ကာ မိုနို နာမည်ကို ရှာသည်။

"မတွေ့ဖူး … မင်းနာမည်ကို … "

"ခင်ဗျားကလဲ … ပေး ကျွန်တော်ရှာမယ် … "

မိုနိုကရှေ့သို့တိုးကာ ကြည်မင်းခန့်လက်ထဲမှ ဓာတ်မီးနှင့် ထိုးကြည့်နေပြီး … ခဏအကြာတွင် ပြောလိုက်သည်။

"ဒီမှာလေတွေ့လား … သချာ် ဂုဏ်ထူးပါတယ်"

ကြည်မင်းခန့် မကြည့်တော့ဘဲ ခေါင်းညိတ်ပြလိုက်သည်။ လူအုပ်ကြားထဲမှတိုးကာ ပြန်ထွက်လာသည်နှင့် ကိုဖြိုးနှင့်နွေးနွေး တို့ကို တွေ့သည်။ နွေးနွေးက …

"ဟဲ့ … မိုနို မတွေ့တာတောင်ကြာပြီ … နင်အောင်လား"

"အေး … D တစ်လုံးပါတယ် … နင်ရော"

"ငါလည်း Chemistry ဂုဏ်ထူးပါတယ် … အော် ဒါနဲ့နင်နဲ့ ဒီအစ်ကိုနဲ့ သူငယ်ချင်းလား … "

နွေးနွေးက ကြည်မင်းခန့်ကို လက်ညှိုးထိုးကာ ပြောလိုက် သဖြင့် မိုနိုက ခေါင်းညိတ်ပြသည်။

"ကိုကြီး … ကိုကြီးရှာနေတဲ့ ဖွေးဖွေးဆိုတာ သူလေ"

နွေးနွေးက ပြုံးရင်းပြောလိုက်သဖြင့် ကြည်မင်းခန့် ကြောင်





တောင်တောင်နှင့် လိုက်ပြုံးသည်။

"ကျွန်တော့်ကို ရှာနေတာလား … ဘယ်လိုလုပ်ပြီး ဖွေးဖွေး ဆိုတာကို သိသွားတာလဲ … "

"မင်းနာမည် မိုနိုမဟုတ်ဘူးလား … "

"ဟုတ်တယ်လေ … အဲဒါ အိမ်ခေါ်နာမည် ကျောင်းနာမည် က ဖွေးဖွေး"

ကြည်မင်းခန့် ဖွေးဖွေး(ခေါ်)မိုနိုကို ပြုံးပြလိုက်ပြီး ရယ် သည်။ မိုနိုကလည်း ရယ်သည်။ လူအုပ်ကြားထဲမှ မိုနိုလက်ကို ဆုပ်ကိုင်ရင်း ကြည်မင်းခန့် ထွက်လာလိုက်တော့သည်။

ဒီတစ်ခါ သေချာပြီ … ။

လွှတ်ဖို့ မလိုတော့ … ။

www.burmeseclassic.com

www.burmeseclassic.com



နိဂုံး (၁)

တစ်နှစ်ခန့်အကြာ

"ဩော် ... နောက်ဆုံးကျတော့လည်း ဒီဘူတာပဲဆိုက်သွားပါလား ... ကြည်မင်းခန့်ရယ်"

လွန်းဆက်အိမ်၏ အသံက နဂိုထက်ပိုကျယ်နေသည်။ လင်းရာကလည်း လေသံကျယ်ကျယ်နှင့်ထပ်ပြောပြန်သည်။

"နဖူးစာ ရွာလည်နေကြတဲ့လူတွေ"

နေလရောင်ကတော့ လွန်းဆက်အိမ်နှင့်လင်းရာကို ပခုံးဖက်ကာ ပြောသည်။

"အဲဒါ အောင်သွယ်ကောင်းလို့ကွ ... ဟ ဟား"

နိဂုံး (၂)

နှစ်နှစ်ခန့်အကြာ ...

ဒေါ်မြကြည်ကို ဦးလှမင်းနားချလည်း မရ။ ဦးကျည်ပွေ့ နားချလည်းမရ။ ကြည်မင်းခန့်နှင့် မိုနို တစ်ယောက်ကိုတစ်ယောက် ကြည့်နေကြသည်။ ကြည်မင်းခန့်က ဒေါ်မြကြည်ကို ရလိုရငြား ထပ်ပြောကြည့်သည်။

"မေမေ ... ဒီလိုလုပ်ပါလား ... မင်္ဂလာဆောင်ကို နှစ်မျိုးဆောင်မယ်လေ ... Chapel မှာ တစ်ခါဆောင်မယ် ... ပြီးမှ ..."

"တော် ..."

"မေမေ ..."





"နင်တို့ဘာသာ ဆောင်ချင်သလိုဆောင် ... ငါကတော့ နှစ်ခါဆောင်လည်း အင်္ကျီတစ်စုံနဲ့ပဲ ပွဲတက်မယ် ... ဟွန့်"

ဒေါ်မြကြည် အခန်းထဲဝင်သွားသဖြင့် ဦးလှမင်းကပြုံးသည်။ ပြီးမှ ...

"ဘာမှ စိတ်ထဲမထားနဲ့ သူ့မှာ ဝမ်းဆက်တစ်စုံထဲရှိလို့ ချေး (ကျေး)များနေတာ မင်းတို့စိတ်တိုင်းကျပဲလုပ် ..."

"ကျေးဇူးကြီးလှပါပေတယ် ဖေဖေရယ် ..."

နိဂုံး (၃)

"ကြည်မင်းခန့်ရေ ... ဟဲ့ ... ကြည်မင်းခန့် ဘယ်သူမှ မရှိကြဘူးလား ... အိမ်တံခါးကြီးကလည်း ဟောင်းလောင်း ... ပွင့်လို့"

ဒေါ်မြကြည် အိမ်ရှေ့မှ အော်နေသဖြင့် ကြည်မင်းခန့် နောက်ဖေးမှ ပြေးထွက်လာသည်။

"မေမေတစ်ယောက်တည်း ... ဖေဖေရော မပါဘူးလား"

"နင့်အဖေကို အိမ်စောင့်ထားခဲ့တယ် ... အဘိုးက မရှိဘူး"

"ဩော် ... ဟင်းတွေလာပို့တာလား"

"ရော့ ... အိမ်ရှေ့တံခါးကြီးကို ဖွင့်ထားရသလား ... နင်က ဘာလုပ်နေတာလဲ ..."

"အိမ်သာရှုတက်နေလို့ပါ ... မေမေ"

"နင့် မိန်းမရော ..."

"မရှိဘူး ..."

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သွားလဲ ..."

"ဒီနေ့ တနင်္ဂနွေနေ့လေ Chapel သွားတယ်"

"နင်က ဘာလုပ်နေတာလဲ ... လိုက်မပို့ပေးဘူးလား"

"ဟိုဟာလေ ... ဒီနေ့က ဥပုသ်နေ့ဆိုတော့ သား ဥပုသ် စောင့်ထားတယ်မေမေ ..."

ပရိသတ်အတွက်

အမြဲတမ်း

သျှိုး

www.burmeseclassic.com